မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၉၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးခြင်းသည်သာ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးစက်မှုလယ်ယာစံပြစိုက်ခင်း ဧက ၅၀၀ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)မှ အထူးအကြံပေးပုဂ္ဂိုလ်များတက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူးချုပ် ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပဒိုစောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်နှင့် ပဒိုစောတာဒိုမူး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ဌာနချုပ်မှ အရာရှိကြီးများနှင့် တပ်မဟာမှူးများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❐

နှစ်သန်း ၁၀၀ မှ ပန်းပွင့်များ၏ မျိုးပွားမှုစနစ်ကို ဟူးကောင်းချိုင့်ဝှမ်းမှရသည့် ပယင်း၌တွေ့ရှိ

အိုရီဂွန် ဇန်နဝါရီ ၅

နှစ်သန်းပေါင်း ၁၀၀ သက်တမ်းရှိ မြန်မာပယင်းအပိုင်းအစအတွင်း ပန်းပင်မျိုးပွားမှုဆိုင်ရာ ရှေးအကျဆုံးအထောက်အထားတစ်ခုကို တွေ့ရှိခဲ့သည်။ အဆိုပါပယင်းတွင် ခရီတက်စီးယပ်စ်ကပ်ကာလက ပွင့်ခဲ့သည့်ပန်းပွင့်ငယ် ၁၈ ပွင့်ပါ ပန်းခိုင်တစ်ခုမှ ပန်းပွင့်တစ်ပွင့်၌မျိုးပွားရန်အတွက် မျိုးစေ့ဖြစ်ပေါ်မှုဖြစ်စဉ်ကို လေ့လာတွေ့ရှိရခြင်းဖြစ်သည်။

သုတေသနပညာရှင်များက လွန်ခဲ့သည့် နှစ်သန်းပေါင်း ၁၀၀ က ကမ္ဘာကြီး၏ ပထမဆုံးသော မြေပြင်မျိုးပွားမျိုးစိတ်များ အတန်းအစားဝင် ပန်းပွင့်အချို့ကို မြန်မာနိုင်ငံဟူးကောင်းချိုင့်ဝှမ်း ပယင်းတွင်းတစ်ခုမှရရှိသော ပယင်းထဲတွင် တွေ့ရှိခဲ့ခြင်းလည်း ဖြစ်သည်။

တွေ့ရှိခဲ့

ပယင်းကျောက်အတွင်းမှ ပန်းပွင့်များအနက် ၁၀ ပွင့်ခန့်ကို ကနဦးလေ့လာကြည့်ရာမှ ပွင့်ချပ်များ မပါရှိတော့သည့် ပန်းပွင့်အချို့၌ လက်ရှိနောက်ဆုံးမျိုးဆက်သစ်သစ်ပင်ပန်းမန်များ၏ မျိုးပွားမှုနှင့် ထပ်တူညီသည့် မျိုးပွားစနစ်တစ်ခုကို တွေ့ရှိခဲ့ကြသည်။

စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်အနေဖြင့် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သည့် အကောင်းပကတိအတိုင်း ကျန်ရှိနေသေးသော သေးငယ်လွန်းသည့် ပန်းဝတ်ဆံချောင်းကလေးများကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ယင်းတို့မှာ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၁၀၀ ဝန်းကျင်က အပင်များ၏ အခြေခံဝတ်မှုန်ကူးခြင်းဆိုင်ရာ အချက်အလက်များကို အတည်ပြုပေးနိုင်ခဲ့ပြီး အစေ့မှတစ်ဆင့်အဆင့်ဆင့် မျိုးဆက်ပျံ့နှံ့မှုဆိုင်ရာဖြစ်စဉ်ကြီးအတွက် မူလပထမအနေအထားတစ်ခုကို မြင်တွေ့ခဲ့ရခြင်းဖြစ်ကြောင်း ပညာရှင်များက ဖော်ထုတ်ခဲ့သည်။

ကမ္ဘာဦးအစ သစ်ပင်များ၏ မျိုးပွားခြင်းကိစ္စရပ်များ၏ မူလအစကို ပင်လယ်ရေညှိပင်များနှင့် ဖန်းပင်ကဲ့သို့သော သစ်ပင်များမှ စတင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက သတ်မှတ်ခဲ့ကြပြီး *စာမျက်နှာ ၃ ကော်လံ ၅* ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စိတ်ကောင်းနှင့်သာယှဉ်

မည်သည့်အမှုကိစ္စမဆို စိတ်ကောင်းထား၍ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်၏။ စိတ်ကောင်း စိတ်မြတ်သည် မုဒိတာစိတ်ပင်ဖြစ်သည်။ အများ ကြီးပွားတိုးတက်စေလိုသော စိတ်ဓာတ်မျိုးဖြစ်သည်။ အများအတွက် ကောင်းစေလိုသောစိတ်ဓာတ်ဖြင့်ယှဉ်၍ မေတ္တာရှေ့ထားပြီး ဆောင်ရွက်ပေးခြင်းမျိုးဖြစ်သည်။ ဤစိတ်ဓာတ်မျိုးသည် မိမိသာလျှင်မက မိမိပတ်ဝန်းကျင်ကိုပါ ကောင်းကျိုးချမ်းသာခြင်းကို တိုးပွားစေနိုင်ပါသည်။

ယခုရက်ပိုင်းအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် အကျဉ်းထောင်အသီးသီး၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံနေရသူများအား ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ အချို့နှစ်ကြီးသမားများ နှစ်လျှော့ပေးသည်။ အချို့ပြစ်ဒဏ်မှလုံးဝလွတ်မြောက်ပြီး အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်ခဲ့ပါသည်။ ဤသို့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ လူသားချင်းစာနာထောက်ထားခြင်းပင်ဖြစ်သည်။ မလိမ္မာ တစ်ခါမိုက်မိခဲ့သောပြစ်ဒဏ်အတွက် နားလည်ခွင့်လွှတ်သောအားဖြင့် လူအချင်းချင်း ကိုယ်ချင်းစာတရားထားရှိကာ လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ခြင်းပင်ဖြစ်သည်။

ဤကဲ့သို့ လူသားချင်းစာနာစိတ်သည် လူတိုင်းထားရှိမွေးမြူသင့်သော စိတ်ဓာတ်ပင်ဖြစ်သည်။ အထူးသဖြင့် အကျဉ်းစခန်းအသီးသီးမှ လွတ်မြောက်လာကြသူများသည် ဤစိတ်ဓာတ်မျိုးမွေးမြူသင့်သည်။ မိမိသည် အတိတ်ကကောင်းသည်၊ မကောင်းသည် အဓိကမဟုတ်။ ဤနေ့ ဤအချိန်မှစပြီး မကောင်းသောအမှုအကျင့်အပြောအဆိုအားလုံးကိုစွန့်လွှတ်သင့်သည်။ အရာရာ စိတ်ကောင်းနှင့်ယှဉ်သင့်သည်။ လူသားအချင်းချင်း စာနာစိတ်ထားသင့်သည်။ အထူးသဖြင့် သည်းခံခွင့်လွှတ်တတ်သောစိတ်ဓာတ်၊ အများကောင်းစားကြီးပွားတိုးတက်စေလိုသောစိတ်ဓာတ်များ ထားရှိသင့်သည်။ အတိတ်ကဆိုးချင်ဆိုးမည်၊ မိုက်ချင်မိုက်မည်။ သို့သော် ယခုအချိန်မှစပြီး စိတ်သစ်လူသစ်မွေးပြီး အကောင်းဆုံးဖြစ်အောင်ကြိုးစားအားထုတ်သွားသင့်သည်။

လူဆိုသည်မှာ တစ်ခါတစ်ရံ မှားယွင်းတတ်သည့်သဘောရှိပါသည်။ သို့သော် ထိုမှားယွင်းသောလမ်းစဉ်အပေါ်သာယာနေခြင်းကား မကောင်း။ လမ်းမှားမှန်းသိလျှင် လမ်းမှန်ပေါ်လျှောက်နိုင်ဖို့လိုသည်။ ''ပျက်အစဉ် ပြင်ခဏ'' ဆိုသောစကားကဲ့သို့ မိမိဘဝလမ်းကြောင်းမှန်ကို တည့်မတ်သွားနိုင်ရမည်။ အမှားကိုပြင်နိုင်သောသူဖြစ်သင့်သည်။ နောက်မှရသည့်နောင်တသည် တန်ဖိုးမရှိ။ အမှားထပ်မဖြစ်အောင် သတိပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။ မိမိထက် သာလွန်ပါစေ၊ မိမိအပေါ် အနိုင်ယူနိုင်ပါစေ၊ မိမိထက်ကြီးပွားတိုးတက်ပါစေဟူသော စိတ်ကောင်းစိတ်မြတ်နှင့်ယှဉ်ပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက အရာရာအပေါ်အောင်နိုင်သောသူဖြစ်မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရွှေတိဂုံစေတီ ပန်းပေါင်းစုံပုဒ္ဓရုပ်ပွားဆင်းတုတော်များ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၅

ရွှေတိဂုံစေတီ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အဆူ ၅၀၀၀ အနေကဇာတင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပူဇော်လိုသူများထံ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၅ ရက်နံနက်က ရွှေတိဂုံစေတီ မြောက်ဘက်မုခ်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီ အလှည့်ကျနာယကဆရာတော် ၁၀ ပါးက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အနေကဇာတင်ပေးတော်မူကြသည်။ ယင်းနောက် အနေကဇာတင်တော်မူကြသော ဆရာတော် သံဃာတော်များကို ဘုရားအလှူရှင် ဦးမျိုးအောင်(ဥက္ကဋ္ဌ) SAME SKY ကုမ္ပဏီမိသားစုတို့က အရုဏ်မုန့်ဆွမ်းများ ဆက်ကပ်ကြပြီး ငါးပါးသီလ ခံယူဆောက်တည်၍ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဘုရားအလှူရှင် ဦးမျိုးအောင်နှင့် သီရိပုံချိဦးခင်မောင်မြင့်တို့က အနေကဇာတင်ပြီးသော ရွှေတိဂုံဘုရား ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ် မော်လမြိုင်၊ မုတ္တမပင်လယ်ကွေ့ ကျေးရွာ ၁၀ ရွာ၊ သထုံမြို့နယ် တောင်ခြေဒေသကျေးရွာ ၁၀ ရွာများမှ အကျိုးဆောင် ကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းလိုက်ကြသည်။

(အပေါ်ပုံ) ခရမ်း-စိုးမြင့်

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းအတွက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ကစားသမားရွေးချယ်မှုများ ပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာ့လက်ရွေးစင် ယူ- ၁၆ အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ရာ အဆိုပါအသင်းအတွက် ကစားသမားရွေးချယ်မှုများကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဇုန်နှစ်ဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)အနေဖြင့် ကစားသမားများအား ဘောလုံးကျွမ်းကျင်မှုအပြင် အသက်မှန်ကန်မှုရှိရေးအတွက်ကိုပါ ကစားသမားရွေးချယ်ရေး ကော်မတီဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ကစားသမားရွေးချယ်ရေး ကော်မတီတွင် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းနည်းပြအဖြစ် တာဝန်ယူမည့် ဘူလ်ဂေးရီးယားနိုင်ငံသား နည်းပြမင်ကော့ဗ်စကီး၊ MFF နည်းစနစ်ဒါရိုက်တာများဖြစ်ကြသည့် ဦးဝင်းသူမိုး၊ ဦးတင်မြင့်အောင်၊ ဦးစိုးမြင့်လွင်၊ မန္တလေးမြို့ မြန်မာဘောလုံးအကယ်ဒမီမှ နည်းပြဦးသန်းလွင်၊ ဇွဲကပင်ယူနိုက်တက်အသင်း CEO ရွှေခေတ်လက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးတို့ပါဝင်ကြပြီး အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဇုန်များခွဲ၍ တာဝန်ယူရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါ ကစားသမားရွေးချယ်မှုကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့ ဘောလုံးအကယ်ဒမီတွင် ဇန်နဝါရီ ၁၅ နှင့် ၁၆ ရက်၌ လည်းကောင်း၊ အောက်မြန်မာပြည်အတွက် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)နှင့် ကွင်း(၂)တို့တွင် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တွင်လည်းကောင်း နေ့စဉ်နံနက် ၇ နာရီမှစတင်ကာ ကစားသမားရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် လူငယ်အသင်းများသည် ယခုနှစ်အတွင်း အာဆီယံယူ-၁၆ ပြိုင်ပွဲများ၊ ဂျပန်-အာဆီယံယူ- ၁၄ ဖိတ်ခေါ် ပြိုင်ပွဲများ၊ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ယူ-၁၉ ပြိုင်ပွဲများစသည်ဖြင့် သက်တန်းအလိုက် နိုင်ငံတကာပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားရန် ရှိနေသည်။

ဖိုးသော်ဇင်

ကိုယ့်အားကိုယ်ကိုး လမ်းဖောက်လုပ်

ရမ်းဗြဲ ဇန်နဝါရီ ၅

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ခွဆုံကျေးရွာ အုပ်စုအတွင်းရှိ ခွဆုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်ဒေသအပါအဝင် မြို့မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ သွားလာရေးလွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ လမ်းဖောက်လုပ်ခြင်းကို ဒီဇင်ဘာ ၁၂ ရက်ကစတင်ရာ အဆိုပါ လမ်းဖောက်လုပ်နေရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ပုချေနှင့် ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ၊ ရွာသူရွာသားများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ကိုယ့်အားကိုယ်ကိုးလမ်းသည် အရှည် နှစ်မိုင် သုံးဖာလုံရှိပြီး ယင်းလမ်းကို မြေသားလမ်းအဆင့်မှ အမာခံကျောက်ချောလမ်းအဆင့်သို့ ရောက်အောင် ပြုပြင်သွားရန်နှင့် အဆိုပါလမ်းပြီးစီးပါက ကုန်စည်စီးဆင်းမှုအပါအဝင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၅၇)

iStock® ကုန်ပစ္စည်းထိန်းကွပ်မှုဆော့ဖ်ဝဲ
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd
Website : www.galaxy.com.mm
Contact Us ...
YGN 09-73138079, 09-254151516
09-43064181
MDY 09-31406813, 09-91050973

ဂယာရွှေဝိုး
သံဝေဇနီယလေးဌာန (၇)ရက်ခရီး (09.02.2014)
သံဝေဇနီယလေးဌာန+အဝိဇာတိတလေးဌာန (၁၅)ရက်ခရီး (09.03.2014)
Yangon Hot Lines : 221586 , 222527 , 09 73196436
Mandalay Hot Lines : 09 33274747 , 0940258204

technoland electronics expert
၂၀၁၄ နှစ်ဦး အထူးဈေးရောင်းပွဲတော်
ဇန်နဝါရီလ (၆)ရက်နေ့မှ (၁၂)ရက်နေ့ အထိ
"Laptop Special Sales"
Laptop ဝယ်ယူသူများအတွက်...
Cash Back | Free Gift | Special Discount
1 36th Street (middle) 09 - 730 243 27
2 Inya Road 01-514303
3 Mandalay 78th Street 09-91024812
4 U Chit Maung Road 09-73145164
5 Thamine (Yangon-Insein Road) 01-519796
6 Nay Pyi Taw (Oattarathiri) 09-31432017

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူးချုပ် ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပဒိုစောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်နှင့် ပဒိုစောတာဒိုမူး၊ ဗဟိုကော်မတီဝင်များနှင့် အရန်ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များ၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် ဒီမိုကရေစီလမ်းစဉ်နှင့်အညီ လျှောက်လှမ်းနေမှုဆိုင်ရာကိစ္စရပ်များနှင့် နှစ်ဦးနှစ်ဖက် မကြာခဏထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (မြဝတီ)

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးမည့်ကဏ္ဍသစ်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကများပူးပေါင်းပါဝင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပူးတွဲကာ ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့် PRO 1 Home Center ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် လမ်းသစ်လမ်း၌ ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပို့ကုန်သွင်းကုန်စည်းကမ်း သတ်မှတ်ချက်တွေကို လျှော့ချပြင်ဆင်ပေးခဲ့လို့ ပို့ကုန်သွင်းကုန်လုပ်ငန်းက ရရှိတဲ့ဝင်ငွေဟာ အများကြီး တိုးတက်လာခဲ့ပါတယ်။ အခုလို ပြည်တွင်းက တိုင်းရင်းသားလုပ်ငန်းရှင်တွေနဲ့ ပြည်ပကစီးပွားရေးလုပ်ငန်းရှင်တွေပူးတွဲပြီး ဆောင်ရွက်တဲ့လုပ်ငန်းတွေ ဖြစ်ထွန်းလာတာကို ကြိုဆိုပါတယ်" ဟု ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

ပြုပြင်ပြောင်းလဲလာသည့် စီးပွားရေးစနစ်အရ မြန်မာနိုင်ငံ၏ဆောက်လုပ်ရေးကဏ္ဍသည် တိုင်းပြည်အတွက် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်လာခဲ့ရာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည့် ဆောက်လုပ်ရေးကဏ္ဍ၏ လိုအပ်သောအရည်အသွေး နိုင်ငံတကာအဆင့်မီပစ္စည်းများကို အခက်အခဲမရှိ ရွေးချယ်ရရှိနိုင်မည်ဖြစ်သည်။

ပြည်ပနိုင်ငံ အများအပြားတွင် One Stop Service များရှိရာ မြန်မာနိုင်ငံ၌လည်း ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး One Stop Service ကို စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာအဆင့်မီပြီး အရှေ့တောင်အာရှတွင် ဦးဆောင်နေသော SCG ၏ ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်ရာ သွင်းကုန်ထုတ်ကုန် စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးမှုကြောင့် အရည်အသွေးမီ ပြည်ပသွင်းကုန်များကို သုံးစွဲနိုင်ခွင့်ရရှိခြင်းပင်ဖြစ်သည်။

ယခုဖွင့်ပွဲသို့ ထိုင်းနိုင်ငံမှ SCG ဥက္ကဋ္ဌများဖြစ်သည့် ခွန်လာချွန်ထက်နှင့် ခွန်ပရာမောက်အပြင် အခြားဧည့်သည်တော်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ရာ ပြည်ပနိုင်ငံများနှင့် ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးတွဲဆောင်ရွက်မှုခြေလှမ်းတစ်လှမ်းပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သတင်း - ဝေယံဦး
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့် PRO 1 Home Center အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (မြန်မာ့အလင်း)

▲ *ရှေ့ဖုံးမှ*

ကာလအပိုင်းအခြားအရ မျိုးဆက်ပွားစနစ်အဆင့်မြင့်မားကာ အင်းဆက်များ၏ အကူအညီဖြင့် ပန်းပွင့်တစ်ပွင့်မှတစ်ပွင့်သို့ ဝတ်မှုန်ကူးခဲ့ကြသည်ဟု လက်ခံယုံကြည်ထားခဲ့ကြသည်။

လေ့လာတွေ့ရှိ

ယခုမူ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၁၀၀ က ပယင်းရုပ်ကြွင်းအတွင်း တွေ့ရှိချက်အရ အရွယ်အစားစုံပါဝင်နေသော မရေတွက်နိုင်သည့် ဝတ်ဆံဖိုများမှာ အစုလိုက် ပြွတ်သိပ်စွာတည်ရှိနေကြပြီး ဝတ်မှုန်များထုတ်လွှတ်ခြင်းကို လက်သင့်ခံပေးမည့် ဝတ်မှုန်ခံ(အမမျိုးလက်ခံ)ပေါ်သို့ ငိုက်ဆင်းကာ ထိစပ်ဝန်းရံထားသည်ကိုတွေ့ရှိခဲ့ကြသည်။ ဝတ်မှုန်ခံပေါ်တွင် ဝတ်ဆံဖိုများမှ ထုတ်လွှတ်လိုက်သော ဝတ်မှုန်များကို အများအပြားတွေ့ရှိရပြီး ယင်းတို့မှာ မျိုးအောင်ဝတ်မှုန်နှင့် ဗလာဝတ်မှုန်များ ပေါင်းစပ်ပါဝင်နေပြီး သဘာဝအနေအထားအရ ဝတ်မှုန်ခံနှင့် ဝတ်ဆံဖိုများကို ပူးကပ်တည်ရှိပေးထားခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိခဲ့ကြရသည်။

"သတ္တလောကကြီးရဲ့ ခေတ်ဦးမှာတွေ့ရတဲ့ပန်းပွင့်မှာ ဝတ်ဆံဖိုတွေက အသစ်အသစ်သော မျိုးဆက်တွေရှင်သန်ပေါက်ဖွားလာဖို့အတွက် ဝတ်မှုန်တွေကို ဝတ်မှုန်ခံ(အမမျိုးလက်ခံ)ပေါ်ကို ပေးပို့နိုင်စွမ်းမြင့်မားတယ်ဆိုတာပဲဖြစ်ပါတယ်။ ဒါကို အလွန်လှပတဲ့ ပယင်းကျောက်ဖြစ်ရုပ်ကြွင်းအတွင်းက ပန်းပွင့်များမှာ မြင်နိုင်ပါတယ်။ အဲဒီလိုဝတ်ဆံဖိုကနေ ဝတ်မှုန်တွေကို မျိုးလက်ခံပေါ်ရောက်အောင် အလျှန်အမြန်ပို့ပေးနိုင်ခဲ့ပြီး အစေ့အဖြစ် ပြန်လည်ပြောင်းလဲနိုင်တယ်ဆိုတဲ့ နှစ်သန်း ၁၀၀ က ဝတ်မှုန်ကူးခြင်း အဓိပ္ပာယ်ကို ပယင်းကျောက်အတွင်းက ပန်းပွင့်လေးက သက်သေထူနိုင်ခဲ့တာဖြစ်ပါတယ်"ဟု အဆိုပါတွေ့ရှိချက်အား ရေးသားသူ သုတေသနအဖွဲ့ခေါင်းဆောင် Poinar Jr က ရေးသားထားကြောင်း International Business Times တွင် ဇန်နဝါရီ ၅ ရက်က ဖော်ပြထားသည်။

ခင်ရတနာ

စာပေမြင့်မှ လူမျိုးတင့်မည်

'ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း'

မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် အကြီးဆုံး Pro-1 Home Center ကြီးကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ (၅)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်သည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါသည်။

MYANMAR PADAUK EMG CABLE KaungWintTan General Trading Company Ltd.

နိုင်ငံတကာသတင်း

တည်ဆောက်ဆဲ အဆောက်အအုံပြိုကျ၍ အလုပ်သမားများ သေဆုံး

ဂိုအာ ဇန်နဝါရီ ၅

အိန္ဒိယအနောက်ပိုင်း ဂိုအာပြည်နယ်တွင် ဆောက်လုပ်ဆဲအဆောက်အအုံတစ်လုံးပြိုကျရာ လူ ၁၄ ဦး ထက်မနည်း သေဆုံးခဲ့ရသည်။

ကာနာကိုနာမြို့တွင် ဆောက်လုပ်လျက်ရှိသည့် အဆိုပါငါးထပ်လူနေ တိုက်ခန်းတွဲပြိုကျမှုဖြစ်ပွားရာ၌ လူဒါဇင်များစွာမှာ အပျက်အစီးများအတွင်းပိတ်မိနေမည်ကို စိုးရိမ်ရကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြကြသည်။

ဆောက်လုပ်ရေးလုပ်သား အများစု ပါဝင်သည့်အနည်းဆုံးလူ ၄၀ ခန့်မှာ အခင်းဖြစ်ပွားချိန်တွင် လုပ်ငန်းခွင်၌ရှိနေကြောင်း၊ ကယ်ဆယ်ရေးသမားများက အပြိုအပျက်များကို ရှင်းလင်းဖယ်ရှားကာ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆောက်အအုံ ပြိုကျရခြင်း အကြောင်းအရင်းကို မသိရသေးပေ။

ပြင်သစ်သတင်း အေဂျင်စီသို့ မျက်မြင်တစ်ဦး၏ပြောကြားချက်အရ အဆောက်အအုံမှာ ကတ်ပြားများ ထပ်ထားသလို ပြိုကျခဲ့သည်ဟု ဆိုသည်။

ဂိုအာဝန်ကြီးချုပ် မာနိုဟာပါရီကာ၏အဆိုအရ အဆောက်အအုံ ဆောက်လုပ်သူ ကန်ထရိုက်တာ၊ မြူနီစီပယ်မှ တာဝန်ရှိသူများစသည့် အဆောက်အအုံဆောက်လုပ်မှုနှင့် ပတ်သက်သူများကို ရဲတပ်ဖွဲ့က အရေးယူထားကြောင်း အထက်ဖော်ပြပါသတင်းအေဂျင်စီက ကိုးကား ဖော်ပြသည်။

စက်တင်ဘာလအတွင်းကလည်း မွမ်ဘိုင်းတွင် လေးထပ်အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ အနည်းဆုံး ၄၂ ဦးသေဆုံးခဲ့ရသည်။ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေကင်းမဲ့မှုကြောင့် လုံခြုံစိတ်ချရမှုမရှိခြင်းသည် အိန္ဒိယနိုင်ငံတွင် မကြာခဏဖြစ်ပွားသည့် အဆောက်အအုံများနှင့် အခြားအခြေခံ အဆောက်အအုံ စီမံကိန်းများပြိုကျရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ **(ဘီဘီစီ)**

အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကို ဆက်သွယ်မည့် နိုင်ကာရာဂွါတူးမြောင်း ၂၀၁၅ ခုနှစ်အထိ စနိုင်ဦးမည်မဟုတ်

မနာဂွါ ဇန်နဝါရီ ၅

အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ရန်အတွက် နိုင်ကာရာဂွါနိုင်ငံတွင် ဖောက်လုပ်မည့် တူးမြောင်းမှာ တစ်နှစ်ခန့် ရွှေ့ဆိုင်းထားရပြီး ၂၀၁၅ ခုနှစ်တိုင်အောင် စတင်နိုင်ဦးမည်မဟုတ်ဟု ဆိုသည်။

တူးမြောင်း အာဏာပိုင်အဖွဲ့ အကြီးအကဲ မန်နျူယယ် ကိုရိုနယ်ကော့ဇ်က ဖြစ်နိုင်ခြေ လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တူးမြောင်းလမ်းကြောင်း ရွေးချယ်ရန်တို့အတွက် အချိန်ပို၍ ယူရန် လိုအပ်သည်ဟု ဆိုသည်။

အဆိုပါ ရေလမ်းကြောင်း စီမံကိန်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံ ဖြစ်သည်။

ပနားမားတူးမြောင်းကို ယှဉ်ပြိုင်မည့် နိုင်ကာရာဂွါ၏ တူးမြောင်းကြောင့် ရေရှည်တွင် ဒေသတွင်း ထိခိုက်မှု အကျိုးဆက်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဝါဒီများက ပြောကြားကြသည်။

နိုင်ကာရာဂွါ တူးမြောင်းစီမံကိန်းကို ၂၀၁၄ မေလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သမ္မတဒင်နီယယ်အော်တေဂါက ပြောကြားထားခဲ့ပြီး အဆိုပါ စီမံကိန်းက ဒေသတွင်း အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သော မိမိတို့၏ ဗဟိုအမေရိကဒေသနိုင်ငံအတွက် “စီးပွားရေးဆိုင်ရာ အမှိအခိုကင်းမှု”ကို ပေးအပ်လိမ့်မည်ဟုလည်း ဆိုခဲ့သည်။

ဗဟိုအမေရိကဒေသ၏ အကြီးဆုံး ရေချိုအိုင်ကြီးကို ဖြတ်သန်းဖောက်လုပ်ရမည့် အဆိုပါတူးမြောင်းမှာ ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၃၀၀ နီးနီး (မိုင် ၁၉၀ ခန့်) ရှည်လျားမည်ဖြစ်ရာ ၁၀ နှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရသော ပနားမားတူးမြောင်းထက် သုံးဆခန့် ပိုမိုရှည်လျားလိမ့်မည်ဖြစ်သည်။ ပနားမားတူးမြောင်းမှာ ၁၉၁၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၃ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သည့် နိုင်ကာရာဂွါကွန်ဂရက်က ဟောင်ကောင်အခြေစိုက် HKND ကုမ္ပဏီအုပ်စုကို နှစ် ၅၀ လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး အကျိုးအမြတ်၏ ဝေစုအနည်းစုကိုသာ နိုင်ကာရာဂွါအစိုးရက ရရှိမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အင်ဒိုနီးရှား အနောက်ပိုင်းမှ မီးတောင် ပေါက်ကွဲမှုများ ထပ်မံဖြစ်ပွား

ကာရို ဇန်နဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ လှုပ်ရှားနေသော မီးတောင်တစ်လုံးမှ ဓာတ်ငွေ့များ ပြင်းပြင်းထန်ထန်မှုတ်ထုတ်ခဲ့ပြီးနောက် အဆိုပါ မီးတောင်ပတ်လည် အန္တရာယ်ရပ်ဝန်းကို အာဏာပိုင်များက တိုးချဲ့သတ်မှတ်လိုက်သည်။

ဆူမားတြားမြောက်ပိုင်းမှ ဆီနာဘန်းအမည်ရှိ ၄င်းမီးတောင်သည် ယမန်နေ့က အကြိမ် ၅၀ ကျော်ပေါက်ကွဲခဲ့ပြီး အရှေ့တောင်ဘက်တောင်စောင်းဆင်ခြေလျှောမှ ချော်ရည်နှင့် ဓာတ်ငွေ့များ သုံးမိုင်အကွာအဝေးအထိ စီးဆင်းရောက်ရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေးလျော့ပါးသက်သာရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရွှေ့ပြောင်း

ပေါက်ကွဲမှု ထပ်မံဖြစ်ပွားပြီးနောက် အရှေ့တောင်ပိုင်းရှိ အန္တရာယ်ရပ်ဝန်းကို နောက်ထပ်သုံးမိုင်မှ လေးမိုင်အထိ တိုးချဲ့သတ်မှတ်လိုက်ကြောင်း ၄င်းကပြောကြားသည်။ အနီးဝန်းကျင်ကျေးရွာများမှ လူ ၂၀၀၀၀ ကျော်ကို ယာယီအမိုးအကာများအောက်သို့ ရွှေ့ပြောင်းပေးထားရသည်။

ဆီနာဘန်းမီးတောင်မှာ ပြီးခဲ့သည့် စက်တင်ဘာလကတည်းက ပေါက်ကွဲမှုများ ဖြစ်ပွားနေခဲ့ခြင်းဖြစ်သည်။ **အေပီ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးများတင်းကျပ်စွာ ချထားလျက်ရှိစဉ်။

ဘင်္ဂလားဒေ့ရှ်အထွေထွေရွေးကောက်ပွဲကာလ သပိတ်မှောက်မှုအတွင်း လူလေးဦးသေဆုံး

ဒါကာ ဇန်နဝါရီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို ဆန့်ကျင်သောအားဖြင့် အတိုက်အခံများကပြုလုပ်သည့် သပိတ်မှောက်ပွဲအတွင်း အတိုက်အခံလှုပ်ရှားသူများနှင့် ရဲတပ်ဖွဲ့တို့၏အကြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ယနေ့ဖြစ်ပွားသည့် အဓိကရုဏ်းအတွင်း အနည်းဆုံးလေးဦးသေဆုံးခဲ့ရာ ရွေးကောက်ပွဲကာလအတွင်း သေဆုံးသူ ဒါဇင်နှင့်ချီ၍ရှိသွားပြီဖြစ်သည်။ မဲရုံများ၏မဲအရေအတွက်များ မီးရှို့ခံရမှုနှင့် မဲဆန္ဒပေးခြင်းများဆိုင်းငံ့ရမှု ၁၀၀ ကျော်ရှိခဲ့သည်။ အတိုက်အခံများက အထွေထွေရွေးကောက်ပွဲကို “ကျော်မကောင်း ကြားမကောင်းသည့်ဟာသဇာတ်ထုပ်” ဟူ၍ သမုတ်ကာ နှစ်ရက်ကြာဆန္ဒပြပွဲကျင်းပပြီး သပိတ်မှောက်လျက်ရှိသည်။

ရွေးကောက်ပွဲဝင် အစိုးရကိုယ်စားလှယ်လောင်းများနေရာအများအပြား၌ အနိုင်ရရှိကြောင်း ကြေညာခြင်းနှင့်အတူ ဝန်ကြီးချုပ်ရှိတ်ဟာဆီနာ၏ပါတီမှာ အနိုင်ရရန်သေချာနေသည်။ ဝန်ကြီးချုပ်ဟာဆီနာသည် ၄င်းကို ရာထူးမှ ဆင်းပေးရန်နှင့် ရွေးကောက်ပွဲကို စောင့်ကြည့်ရန်အတွက် ကြားနေအစိုးရတစ်ရပ် ဖွဲ့စည်းပေးရန်ဟူသော တောင်းဆိုမှုများကို ပြီးခဲ့သည့်နှစ်များအတွင်း ရင်ဆိုင်ခဲ့ရပြီး ယင်းတို့ကို ငြင်းဆိုခဲ့သည်။ **(ဘီဘီစီ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ကြေညာချက်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်) အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - (က) Diploma in Marketing
(ခ) Diploma in Research Studies

၂။ **သင်တန်းအောင်လက်မှတ်** - (က) Diploma in Marketing
(ခ) Diploma in Research Studies

၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** - (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများဖြစ်ရမည်။
(ခ) သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၄။ **သင်တန်းသားရွေးချယ်မှု** - အထက်ပါအချက်အလက်များနှင့်ပြည့်စုံပြီး စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေး ရွေးချယ်မည်ဖြစ်သည်။

၅။ **သင်တန်းကာလ** - (၁၂)လ

၆။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၆-၁-၂၀၁၄ရက်မှ ၁၃-၁-၂၀၁၄ရက်အထိ

၇။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၆ရက် (ကြာသပတေးနေ့)

၈။ **ဆက်သွယ်ရမည့်လိပ်စာ** - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)

၉။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ကမာရွတ်နယ်မြေ) ဖုန်း-၀၁-၅၃၆၄၃၆၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၁-၅၈၅၀၇၂၊ လိုင်းခွဲ-၁၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
သင်တန်းကြီးကြပ်ရေးကော်မတီ

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဘုန်းတော်ကြီးသင်ပညာရေးစကားဝိုင်းဆွေးနွေးချက်များ

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းအတွက် ဘုန်းတော်ကြီးသင်ပညာရေးနှင့်ပတ်သက်၍ ဦးသန်းထွတ် ပါမောက္ခ(ငြိမ်း) ပညာရေးတက္ကသိုလ်၊ ဦးတင်လှိုင် ညွှန်ကြားရေးမှူး(ငြိမ်း) အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် ဒေါ်မြင့်မြင့်သန်း ညွှန်ကြားရေးမှူး(ငြိမ်း) ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသံလွှင့်ဌာန (MRTV) ၌ အောက်ပါအချက်များကို စကားဝိုင်းဖွဲ့၍ပြောကြားခဲ့သည်။

ဘုန်းတော်ကြီးကျောင်းပညာရေးသည် မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်ကတည်းက အစဉ်အလာကောင်းသော ပညာရေးဖြစ်ကြောင်း၊ စာပေကျမ်းဂန်တတ် အကျော်အမော်ဆရာတော်ကြီးများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးခဲ့ကြောင်း၊ အခြေခံအရေး၊ အဖတ်၊ အတွက်များ၊ ဘာသာရေးစာပေများ သင်ကြားပေးသကဲ့သို့ ယဉ်ကျေးမှုနှင့်စာရိတ္တကောင်းမွန်ရေးကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ ယခုအချိန်အထိ မရှိမဖြစ်လိုအပ်နေပါသေးကြောင်း၊ ကိုလိုနီခေတ်တွင် မှေးမှိန်သွားခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြန်လည်ရှင်သန်ခဲ့ပါကြောင်း၊ ၁၉၉၂-၁၉၉၃ ပညာသင်နှစ်မှစ၍ ဘုန်းတော်ကြီးသင်ကျောင်းများအနက် ပညာရေးဝန်ကြီးဌာန၏ မူလတန်းသင်ရိုးနှင့်ဘာသာရပ်များသင်သော ကျောင်းများကို ဘုန်းတော်ကြီးသင်ကျောင်းများအဖြစ် အသိအမှတ်ပြုခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်း တွဲဖက်အလယ်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း ဆွေးနွေးခဲ့သည်။

ဘုန်းတော်ကြီးသင်ပညာရေးနှင့် ပညာရေးကို ဆောင်ရွက်နေသော ဘာသာရေးအဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အခြေခံပညာရေးကိုသင်ကြားနေသော ဘုန်းတော်ကြီးပညာရေး ကျောင်းများအတွက်သာမကဘဲ အခြားဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်လာမည့် အခြေခံပညာသင်ကျောင်းများအတွက်ပါ အားပေးဆောင်ရွက်ရန် မျှော်မှန်း၍ **"ကျောင်းသင် ပညာရေးကို လက်လှမ်းမမီနိုင်သော ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာတတ်မြောက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရန်"** ဟူသည့် ရည်မှန်းချက်အပေါ် အခြေခံလျက် မူဝါဒကြမ်းများ၊ လုပ်ငန်းစဉ်မူကြမ်းများ ရေးဆွဲကြကြောင်း ဆွေးနွေးကြသည်။ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်းတို့၏ သဘောသဘာဝကို အောက်ပါအတိုင်း ဆွေးနွေးကြသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆိုသည်မှာ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များနှင့် အဆိုပါ ဘာသာရပ်များအတွက် ထပ်ဆောင်းသင်ခန်းစာများကိုပါ လေ့ကျင့်သင်ကြားပေးသည့် ပြည်တွင်းမှဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် သီလရှင်များသင်ကျောင်းကိုဆိုလိုပြီး ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်းဆိုသည်မှာ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များနှင့် အဆိုပါဘာသာရပ်များအတွက် ထပ်ဆောင်းသင်ခန်းစာများကိုပါ လေ့ကျင့်သင်ကြားပေးသည့် ပြည်တွင်းဘာသာရေးအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာသင်ကျောင်းကို ဆိုလိုပါကြောင်း ဆွေးနွေးတင်ပြကြသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသာမကဘဲ အခြားဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်းများကို ထည့်သွင်းစဉ်းစားထားသည့်အတွက် စီမံအုပ်ချုပ်ရေးကဏ္ဍနှင့်ပတ်သက်၍ မူဝါဒများချမှတ်ရန် ဆွေးနွေးရာတွင် အမျိုးသားပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေတို့နှင့်အညီ မြို့နယ်အဆင့်ကစပြီး ဗဟိုအဆင့်အထိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအပြင် ဘုန်းတော်ကြီးများအပါအဝင် ဘာသာရေးအဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများစသည့် ပါဝင်ပတ်သက်သူ Stakeholder များပါဝင်သော စီမံအုပ်ချုပ်မှုစနစ်တစ်ရပ်ကို ဖော်ဆောင်သွားမည်။ လုပ်ငန်းများကို တိတိကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာနက စီမံခန့်ခွဲရေးကဏ္ဍကို တာဝန်ယူ၍ပညာရေးဝန်ကြီးဌာနက သင်ကြားသင်ယူမှုထိရောက်ရေးနှင့် တတ်မြောက်မှုစစ်ဆေးရေးကဏ္ဍကို တာဝန်ယူဆောင်ရွက်ကြမည်၊ ပညာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာန အသီးသီးအောက်တွင် ဘုန်းတော်ကြီးသင်ပညာရေးနှင့် ဘာသာရေးအဖွဲ့အစည်းသင် ပညာရေးဌာနခွဲ တစ်ခုစီကို တိုးချဲ့ဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဟု မူကြမ်းအဖြစ် ဆွေးနွေးထားကြသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အရည်အသွေးမြင့်မားရေးအတွက် နည်းပညာများလိုအပ်သကဲ့သို့ ရန်ပုံငွေပံ့ပိုးမှုလည်း လိုအပ်နေသေးကြောင်း၊ လက်ရှိတွင်ပညာရေးဝန်ကြီးဌာနက ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများအတွက် ဖတ်စာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များကို အခြေခံပညာကျောင်းများနည်းတူ အခမဲ့ဖြန့်ဝေပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများကိုလည်း အခြေခံပညာကျောင်းများနှင့်တန်းတူ ထည့်သွင်းချီးမြှင့်ပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ကျောင်းများ၏အရည်အသွေးမြင့်မားရေးကဏ္ဍနှင့်ဘဏ္ဍာရေးဆိုင်ရာကဏ္ဍတို့ကို နောင်ဆွေးနွေးမည့်စကားဝိုင်းတွင်ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားကြသည်။ ယခုစကားဝိုင်းတွင် ဆွေးနွေးကြသည့် ဘုန်းတော်ကြီးသင်ပညာရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံပြုလိုပါက **ဘုန်းတော်ကြီးသင်ပညာရေးနှင့် ပညာရေးကို ဆောင်ရွက်နေကြသော ဘာသာရေးအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၊ တက္ကသိုလ်စာတိုက်**သို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် နောက်ဆုံးထား၍ အကြံပြုပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။ ။

လွတ်လပ်ရေးနေ့ ဂုဏ်ပြု စလင်းမြို့နယ်တွင် စက်ရေတွင်းတူး

စလင်း ဇန်နဝါရီ ၅

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေး တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် စလင်းမြို့နယ် ကူရင်းချောက် ကျေးရွာအုပ်စု ညောင်ပင်ရွာ၌ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသစ်လွင်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာ ရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယင်းစက်ရေတွင်းကို အနက် ၃၈၇ ပေရှိ ဂါလန် ၈၀၀ဆံ့ ရေကန် တစ်ကန်၊ ရေစက်ရုံ၊ အင်ဂျင် လေမှုတ်စက်များဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တစ်နာရီလျှင်ရေဂါလန် ၆၆၀ ထွက်ရှိကြောင်းနှင့် ကျေးရွာအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးများစွာအကျိုးရှိ ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ပြည်တွင်းသတင်း

သီးဂိမ်းပွဲတော်ကိုဂုဏ်ပြုပြီး စက်ဘီးစီးနင်းသူ အဘိုးဦးဘိုအောင်ပြန်လည်ရောက်ရှိ၍ကြိုဆို

သီပေါ ဇန်နဝါရီ ၅

မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အသွားအပြန်စက်ဘီးစီးနင်းဂုဏ်ပြု၍ ပြန်လည်ရောက်ရှိလာသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့မှ မြန်မာ့သစ်လုပ်ငန်း ရောင်းစက်(ငြိမ်း)အသက် ၇၅ နှစ်ရှိအဘိုးဦးဘိုအောင်အား ကြိုဆိုဂုဏ်ပြုခြင်းကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့အဝင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်း၌ ကျင်းပသည်။

ကြိုဆိုဂုဏ်ပြုပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်နှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အား/ကာဦးစီးအရာရှိ ဒေါ်သန်းရွှေမာနှင့် အားကစား ဝါသနာရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းအေးနှင့် ဒေသခံပြည်သူများက လက်ခုပ်သြဘာပေး၍ ကြိုဆိုကြသည်။ **(အောက်ပုံ)** ထို့နောက် နန်းဒေဝီခန်းမ၌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အား/ကာဦးစီးအရာရှိတို့က ဂုဏ်ပြု စကားပြောကြားပြီး လက်ဖက်ရည်ပွဲဖြင့် ဂုဏ်ပြုတည်ခင်းသည်။ အဘိုးဦးဘိုအောင်သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့်လည်း ရန်ကုန်မြို့အထိ တစ်ကိုယ်တော်စက်ဘီးစီးနင်း၍ သွားရောက်ဦးမည်ဟုဆိုသည်။

စိုင်း(သီပေါ)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့ရာ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥသျှစ်ကုန်းရွာက လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများအဖြစ် ဘောလုံးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ ချောတိုင်တက်ပွဲစသည့် ပြိုင်ပွဲများကို ဘဲကုန်းတောင်ရွာ၊ ဘဲကုန်းမြောက်ရွာ၊ အေးမြင့်သာရွာ၊ ပေါက်တောရွာ၊ ဝက်ကုန်းရွာစသည့် ကျေးရွာများမှ ဒေသခံများ ပျော်ရွှင်စွာဆင်နွှဲ ခဲ့ကြပြီး ဆုရသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့အတူ ပုဗ္ဗသီရိမြို့နယ် ပန်းခင်း(၂)ရပ်ကွက်တွင်လည်း အပ်ချည်ထိုး၊ အိုးခွဲ၊ ထုပ်ဆီးတိုး၊ ချောတိုင်တက်ပြိုင်ပွဲများတွင် ပြည်သူများပျော်ရွှင်စွာ ကစားကြပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အင်ကြင်း

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ဆီးဂိမ်းဖွင့်ပွဲ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

"သမီး မြန်မာဖြစ်ရတာ ဂုဏ်ယူလိုက်တာ" ဒီစကားကိုပြောသူက ကျွန်တော့်ရဲ့သမီးငယ်၊ သူကဆောင်းရာသီ ကျောင်းပိတ်ရက်မှာ မြန်မာပြည်ကို ခဏရောက်နေတာ၊ သူရယ်၊ သူ့အမေရယ်၊ ကျွန်တော်တို့မိသားစု ဒီဇင်ဘာ ၁၁ ရက်က နေပြည်တော်မှာ ကျင်းပခဲ့တဲ့ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားကို ရုပ်မြင်သံကြားကနေကြည့်နေတုန်း သမီးဆီကအခုလိုပြောတာကို ကြားရလို့ ကျေနပ်သွားတာတော့ အမှန်ပါ။ သမီးကဆက်ပြီး အခမ်းအနားကို တိုက်ရိုက် တစ်ကမ္ဘာလုံးကိုထုတ်လွှင့်နေတာမို့ သမီးတို့ကျောင်းက သူငယ်ချင်းတွေလည်းမြင်ရမှာ၊ သမီးသိပ်ပျော်တာပဲလို့ ပြောခဲ့တယ်။ သမီးလေးပျော်သလို ကျွန်တော်လည်း ပျော်ရပါတယ်။ အနှစ်(၄၀)ကျော်ကြာပြီးမှ အခုလို ကျင်းပခွင့်ရတာကို ကျေနပ်သလို ဖွင့်ပွဲအခမ်းအနားမှာ ခမ်းနားကြီးကျယ်စွာ ဆောင်ရွက်နိုင်တာမို့ နိုင်ငံသားတစ်ယောက်အနေနဲ့ ဂုဏ်ယူကျေနပ်မိတာပါပဲ။ အခမ်းအနားအစအဆုံး တိတိကျကျလုပ်သွားနိုင်တာကိုကြည့်ပြီး ကိုယ့်လူမျိုးကို ပိုပြီးအထင်ကြီးမိတယ်။

ကျွန်တော်က ဒီဖွင့်ပွဲအခမ်းအနားကို ကိုယ်နားလည်တဲ့ စီမံခန့်ခွဲမှုရှုထောင့်က သုံးသပ်ကြည့်မိပါတယ်။ သိသာထင်ရှားတာက စီမံခန့်ခွဲမှု အားကောင်းလှတာကို တွေ့ရပါတယ်။ ဖွင့်ပွဲအခမ်းအနားကို (event)ဖြစ်ရပ်တစ်ခုအဖြစ် သုံးသပ်လို့မရပါဘူး။ အမှန်တော့ ဖြစ်စဉ် (Process)သာဖြစ်တယ်။ အခုလိုဖြစ်ဖို့ အနှစ်နှစ်အလလက အပင်ပန်းခံပြီး လေ့ကျင့်ရမှာဖြစ်တယ်။ အကြိမ်ကြိမ် လေ့ကျင့်ပြီးမှ ဖြစ်နိုင်မယ့်ကိစ္စတစ်ခုဖြစ်ပါတယ်။ အစီအစဉ်မရှိဘဲ ထပြီးလုပ်ရတဲ့ကိစ္စမဟုတ်ပါဘူး။

ဒီလိုဖြစ်လာအောင် ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတိုင်ပင်မှုဟာလည်း အလွန်အရေးကြီးပါတယ်။ ကကွက်တွေ၊ သရုပ်ပြမှုတွေမှာ လူရာနဲ့ချီပြီး ဆောင်ရွက်တဲ့နေရာမှာ အခုလိုပူးပေါင်းဆောင်ရွက်မှုမရှိရင် ဖြစ်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။

ကျွန်တော်သဘောကျတာက ဒီပွဲမှာတက်တက်ကြွကြွပါဝင်နေတဲ့ လူငယ်တွေ၊ အခကြေးငွေအတွက် လုပ်တာမဟုတ်ဘဲ လုပ်အားပေးပြီး ပါဝင်လှုပ်ရှားနေတာတွေ တွေ့ရတော့ အနာဂတ်အတွက်အားတက်မိတာအမှန်ပါ။ ကျွန်တော်တို့နိုင်ငံဟာ လူငယ်တွေအတွက်ဖြစ်ဖို့ လိုသလို၊ လူငယ်တွေရဲ့ပါဝင်ပတ်သက်မှုဟာလည်း မရှိမဖြစ်တဲ့အရာကိစ္စဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးတွေ သူတို့တတ်နိုင်တဲ့နေရာက ပါဝင်နေတာကိုလည်း ချီးကျူးရမှာဖြစ်ပါတယ်။

ဂီတဖျော်ဖြေမှုနဲ့ သရုပ်ပြမှုတွေကို ဟန်ချက်ညီညီပရိသတ်တွေမငြီးငွေ့အောင် ဆောင်ရွက်သွားနိုင်တာလည်း ရင်သပ်ရှုမောစရာမြင်ကွင်းပါ။ မိမိနိုင်ငံရဲ့ယဉ်ကျေးမှု တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ လှုပ်ရှားမှုတွေဟာလည်း ကျေနပ်စဖွယ်ဖြစ်ရပါတယ်။

အခမ်းအနားကိုကြည့်ရှုတဲ့အခါ ကန့်လန့်ကာနောက်ကွယ်ကိုမမြင်ရပေမယ့်အရေးကြီးတဲ့ ကြိုးကြပ်ကွပ်ကဲမှုတွေကိုလည်း သဘောပေါက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ မီးမောင်းထိုးတာတွေ၊ မီးရှူးမီးပန်းတွေမြင်ရတော့ နိုင်ငံခြားကို ရုတ်တရက်ရောက်သွားသလိုခံစားရပြီး အခုလိုကိုယ့်မြေကိုယ့်ရေမှာ ဒီလိုလုပ်နိုင်ပါသလားလို့ တအံ့တဩဖြစ်မိပြီး ကျေနပ်ခဲ့ရပါတယ်။ အားကစားပွဲဖွင့်ပွဲတိုင်းလိုလိုမှာ မီးတိုင်ထွန်းညှိမှုဟာ အလွန်အရေးကြီးပါတယ်။ အိုလံပစ်ပွဲတွေကိုကြည့်တဲ့အခါ ပုံစံအမျိုးမျိုးနဲ့လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ ကိုယ့်ဆီမှာဘယ်လိုလုပ်မလဲဆိုတာကို မျှော်လင့်နေခဲ့ရတယ်။ ရှေးခေတ်အဝတ်အစားနဲ့ မြားပစ်တဲ့လုလင်က ပန်းရထားပေါ်တက်လာတော့ တော်တော်အတွေးကောင်းတာပဲလို့ စိတ်ထဲကချီးကျူးမိပါတယ်။

အခုလို ကျွန်တော့်ရဲ့ကြည်နူးဝမ်းသာမှုတွေဟာ နောက်တစ်နေ့ထွက်လာတဲ့ဂျာနယ်တွေ Facebook ထဲမှာ ရေးသားတာတွေဖတ်ရပြီး အံ့ဩမိပါတယ်။ ကျွန်တော်တို့ စီမံခန့်ခွဲမှု ပညာမှာအမြဲတမ်းမေးလေ့ရှိတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ Is the glass, half empty or half full. အဓိပ္ပာယ်က ဒီဖန်ခွက်ဟာ တစ်ဝက်ပြည့်နေသလား၊ တစ်ဝက်လပ်နေသလား၊ တချို့က တစ်ဝက်ပြည့်နေတာကိုမြင်ပြီး တချို့ကတော့တစ်ဝက်လပ်နေတာကိုပဲ အာရုံပြုကြပါတယ်။ အကြောင်းအရာတစ်ခုကိုကောင်းတဲ့ဘက်ကကြည့်လို့ရသလို မကောင်းတဲ့ဘက်ကလည်း ကြည့်နိုင်ပါတယ်။ တချို့ကအကောင်းတစ်ခုမှ မမြင်နိုင်ဘဲ မကောင်းတာတွေကိုပဲ အာရုံထားကြတယ်။ ကောင်းတာတွေကို အသိအမှတ်မပြုချင်ကြဘူး။ ဆီးဂိမ်းဖွင့်ပွဲ အခမ်းအနားမှာ ချောက်ပြစ်ကင်း သဲလဲစင်တယ်လို့ မဆိုလိုပါဘူး။ မပြည့်စုံတာတွေ လိုအပ်တာတွေရှိပါတယ်။ ဒါပေမယ့် ဒီအသေးအဖွဲ့တွေကြည့်တာထက် ကျွန်တော်တို့ စီမံခန့် ခွဲမှုရှုထောင့်နဲ့ See the big picture ပုံကြီးမြင်နိုင်အောင် ကြိုးစားဖို့လိုပါတယ်။ သစ်ပင်တစ်ပင်ချင်း ကြည့်ရုံမဟုတ်ဘဲ သစ်တောတစ်ခုလုံးကိုမြင်နိုင်ဖို့ အရေးကြီးလှပါတယ်။ အသေးစိတ်အပြစ်အနာအဆာတွေကို ပုံကြီးချဲ့ပြီးပြောတာထက် အားလုံးကိုလွှမ်းခြုံကြည့်ပြီး သုံးသပ်နိုင်စွမ်းရှိရမှာ ဖြစ်ပါတယ်။

ဒီအားကစားပွဲလုပ်ဖို့ ပြင်ဆင်မှုတွေ မျိုးစုံလုပ်ခဲ့ရတယ်။ အားကစားကွင်းတွေ တည်ဆောက်ခဲ့ရတယ်၊ အလုပ်အကိုင် အခွင့်အရေးတွေရခဲ့တယ်။ ဖွင့်ပွဲ အခမ်းအနားမှာ မြန်မာ့အစွမ်းကို ပြသနိုင်ခဲ့တယ်။

ဆီးဂိမ်းကို ကျွန်တော်တို့နိုင်ငံမှာ မလုပ်နိုင်ခဲ့တာ နှစ်ပေါင်း(၄၄)နှစ် ရှိခဲ့ပါပြီ။ အကြောင်းကြောင်းကြောင့် အိမ်ရှင်တာဝန်ကို လက်ခံနိုင်စွမ်းမရှိခဲ့ဘူး၊ လက်ခံလိုက်တာက နိုင်ငံအတွက် အမြတ်တစ်ခုပါ။ ပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်ဖြစ်ပါတယ်။ ဒီအားကစားပွဲလုပ်ဖို့ ပြင်ဆင်မှုတွေ မျိုးစုံလုပ်ခဲ့ရတယ်။ အားကစားကွင်းတွေ တည်ဆောက်ခဲ့ရတယ်၊ အလုပ်အကိုင်အခွင့်အရေးတွေရခဲ့တယ်။ ဖွင့်ပွဲအခမ်းအနားမှာ မြန်မာ့အစွမ်းကိုပြသနိုင်ခဲ့တယ်။

စီမံချက်တစ်ခုဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးပညာရှုထောင့်ကသုံးသပ်ရင် အခြေခံအဖြစ်ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်တွေကို ချင့်ချိန်ပြီး တွက်ရပါတယ်။ ကုန်ကျစရိတ်လို့ စဉ်းစားရင် အမှန်တကယ်ကုန်ကျမှုတွေကို စဉ်းစားရသလို အခွင့်အလမ်းစရိတ်ကိုလည်း တွက်ချက်ရပါတယ်။ ဥပမာခေါက်ဆွဲကြော်တစ်ပွဲ ငွေကျပ် ၂၀၀၀ ဖြစ်ပြီး ရုပ်ရှင်လက်မှတ်တစ်စောင်ဟာ ငွေကျပ် ၂၀၀၀ ဖြစ်ခဲ့ရင် ခေါက်ဆွဲကြော်ရဲ့ စရိတ်ဟာ ငွေကျပ် ၂၀၀၀ မဟုတ်ဘဲ လက်ထဲမှာ ငွေကျပ် ၂၀၀၀ တည်းရှိတာမို့ ခေါက်ဆွဲကြော်စားလိုက်တဲ့အတွက် ရုပ်ရှင်မကြည့်နိုင်ဘူး။ ဒါကြောင့် ရုပ်ရှင်မကြည့်နိုင်တဲ့အတွက် စွန့်လွှတ်လိုက်ရတဲ့ကျေနပ်မှုကို တွက်ချက်ခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဆီးဂိမ်းဖွင့်ပွဲအတွက် ကုန်ကျစရိတ်တွေကိုစဉ်းစားရင် ဒီမှာ အကုန်အကျမခံဘူး၊ တခြားနေရာမှာ ဘာတွေသုံးနိုင်သလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ စီးပွားရေးရှုထောင့်တစ်ခုတည်းက ကြည့်လို့မရပါဘူး။ နိုင်ငံရေးဘောဂဗေဒရှုထောင့်က ကြည့်ရမှာဖြစ်တယ်။ စီးပွားရေးအရ တွက်ခြေမကိုက်ပေမယ့် နိုင်ငံရေးအမြတ်ရမယ်ဆိုရင် လုပ်ဖို့စဉ်းစားရမှာဖြစ်ပါတယ်။ စီးပွားရေးပေတံသက်သက်စဉ်းစားရုံနဲ့ မလုံလောက်ပါဘူး။

အကျိုးအမြတ်ကို စဉ်းစားတဲ့နေရာမှာလည်း ငွေရေးကြေးရေးတိုင်းတာမှု ချည်းမကြည့်သင့်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ အကျိုးအမြတ်ကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။ မိမိတို့ တစ်မျိုးသားလုံးဂုဏ်ယူကြရတဲ့ အကျိုးအမြတ်ကို ပြည့်ပြည့်စုံစုံတိုင်းထွာနိုင်တဲ့ စီးပွားရေးပေတံ မရှိပါဘူး။

နိုင်ငံရေးမှာ national spirit လို့ခေါ်တဲ့ အမျိုးသားစိတ်ဓာတ်ဟာ အလွန်အရေးပါပါတယ်။ တို့မြန်မာတွေဟာ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်နိုင်တဲ့သတ္တိရှိတယ်။ သူများလို လုပ်နိုင်တယ်။ အခုလို ထင်ထင်ရှားရှားပြသနိုင်တာဟာ အမျိုးသားစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဖွင့်ပွဲအပြီး ကျင်းပတဲ့အားကစားပွဲကို ကြည့်ရှုတဲ့အခါမှာလည်း မြန်မာအားကစားသမားတွေကို ချီးကျူးမိပါတယ်။ "ရေမြင့်ရင် ကြာတင့်တယ်" ဆိုတဲ့ စကားကို လူတိုင်းကြားဖူးကြပါတယ်။ တစ်ချိန်က မြန်မာ့အားကစားဟာ မြင့်မားခဲ့ရာက တဖြည်းဖြည်းနိမ့်ကျလာခဲ့တယ်။ နိုင်ငံရေးပြဿနာကို ဖြေရှင်းတဲ့နေရာမှာ အားကစားဟာ ဓားစာခံဖြစ်ခဲ့ရတယ်။ ဆူပူမှုကို စိုးရိမ်တာမို့ အားကစားလုပ်ငန်းတွေကို အားမပေးခဲ့ဘူး။ ဒီလိုဆောင်ရွက်ရင်း အခြေအနေတွေ ပျက်ပြားခဲ့ရတယ်။ အားကစားနဲ့ပတ်သက်လာရင် Quick win မရှိပါဘူး။ ချက်ချင်းလက်ငင်း အဖြေမရနိုင်ဘူး။ နှစ်ပေါင်းများစွာ ရင်းနှီးဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ လူငယ်တွေရဲ့အခန်းကဏ္ဍကို မေ့လို့မဖြစ်ပါဘူး။ လူငယ်တွေဟာ တိုင်းပြည်ရဲ့အနာဂတ်ဖြစ်ပေမယ့် လူငယ်တွေကို နေရာမပေးခဲ့ကြဘူး။ ဒါကြောင့် ကျွန်တော်က အားကစားဝန်ကြီးဌာနကို အမည်ပြောင်းပြီး လုပ်ငန်းအာရုံပြောင်းဖို့ အကြံပြုချင်တယ်။ အားကစားနဲ့လူငယ်ဖွံ့ဖြိုးမှုဝန်ကြီးဌာနအဖြစ် အသွင်ပြောင်းစေချင်တယ်။ အားကစားနဲ့လူငယ်ဖွံ့ဖြိုးမှုကို ပြုစုရမယ်။ ကာယ၊ ဉာဏ၊ စိတ္တ၊ မိတ္တ၊ ဗလဆိုတဲ့ ဗလငါးတန်ကို အတူတွဲပြီး ပြုစုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လွတ်လပ်ရေးကို လူငယ်တွေဖြစ်ကြတဲ့ ရဲဘော်သုံးကျိပ်က ဦးဆောင်ပြီး ရယူပေးခဲ့တာဖြစ်ပါတယ်။ လူငယ်တွေကို နေရာပေးပြီး ရှေ့တန်းတင်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်ကတော့ နောက်တစ်ကြိမ် ဆီးဂိမ်းအားကစားပွဲကြီးကို မြန်မာနိုင်ငံမှာ ကျင်းပမယ့်အချိန်ကို စိတ်ကူးယဉ်နေမိတယ်။ ဒီအချိန်မှာ ပိုမိုထူးခြားမယ့် အားကစားပွဲကြီးကို ကျင်းပနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၂၀၃၀ ခုနှစ်မှာ အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ ခန့်မှန်းထားပါတယ်။ ၂၀၃၀ ရောက်ရင် ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေက တိုးတက်ပြောင်းလဲလာမှာ သေချာပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ရဲ့ အားကစားဟာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် "မြန်မာနိုင်ငံပြီ"ဆိုတဲ့သီချင်းကို ကျယ်ကျယ်လောင်လောင်ကြီးဖွင့်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ ။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်တွင် တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ပျော်ရွှင်စွာဆင်နွှဲကြစဉ်။ တင်စိုး(မြန်မာ့အလင်း)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မရမ်းကုန်းမြို့နယ်၌ ဇန်နဝါရီ ၄ ရက်ကကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယှဉ်ပြိုင်နေကြစဉ်။ မျိုးမင်းသိန်း(မရမ်းကုန်း)

မီရီရောက်မြန်မာအလုပ်သမားများထဲမှ ပထမအသုတ် ၂၁ ဦး ပြည်တော်ပြန်မည်

ကွာလာလမ်ပူ ဇန်နဝါရီ ၅

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာရာဝပ်ဒေသ မီရီသို့ရောက်ရှိနေသော အင်ဒိုနီးရှားနိုင်ငံသားများ၏ အုပ်စုဖွဲ့တိုက်ခိုက်ခံရမှုမှ ရှောင်တိမ်းနေကြရသည့် မြန်မာအလုပ်သမား ၉၇ ဦးထဲမှ ပထမဆုံးအသုတ် ၂၁ ဦးမှာ မကြာမီ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း မလေးရှားရောက် မြန်မာများက ဆိုသည်။

မလေးရှားရောက် မြန်မာများ၏ ပြောပြချက်အရ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အလုပ်သမားရေးရာတာဝန်ခံ ဦးစိုးဝင်းက ပြောကြားရာတွင် အလုပ်ရှင်သူဌေးက အလုပ်နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးပြန်လည်တောင်းခံကြောင်း၊ ထိုလျော်ကြေးများကို အလုပ်သမားများအနေဖြင့် ပေးဆောင်ရန် များလွန်းသောကြောင့် အလုပ်ရှင်အား အလုပ်သမားများ အဆင်ပြေစွာ ပြန်နိုင်ရန် ထပ်မံညှိနှိုင်းနေရကြောင်း၊ သဘော်ကျင်းဖြစ်သည့်အတွက် သဘော်ကို အလုပ်လက်ခံထားပြီးသောကြောင့် အလုပ်ရှင်က ဆက်လက်လုပ်ကိုင်နိုင်ရန် လုံခြုံရေးတာဝန်ယူမည်ဟု မလေးရှားအလုပ်ရှင်ဘက်က ညှိနှိုင်းလာသော်လည်း မြန်မာအလုပ်သမားများက ပြန်ရန်အတွက်သာ ဆန္ဒရှိသောကြောင့် အားလုံးပြန်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိပထမအသုတ်ဖြစ်သော ၂၁ ဦးအတွက် လက်မှတ်များဝယ်ယူထားပြီးဖြစ်ကြောင်း မီရီမှ ကေအယ်လ်၊ ကေအယ်လ်မှ ရန်ကုန် နှစ်ဆင့်ပြန် ရမည်ဖြစ်သောကြောင့် လက်မှတ်ခက်ခဲမှုများရှိသော်လည်း အဆင်ပြေသည့်ရက်အတွက် ၂၁ ဦးလုံးစာ လက်မှတ်ရရှိပြီဖြစ်ကြောင်းကို ပြောကြားခဲ့ကြောင်း သိရသည်။ မြန်မာအလုပ်သမား ၉၇ ဦးထဲမှ ပထမဆုံး ၂၁ ဦးသည် ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ကျန်သူများမှာ ဒုတိယအသုတ်အဖြစ် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားရောက် မြန်မာများမှ ယခုအဖြစ်အပျက်မတိုင်မီကပင် မလေးရှားနိုင်ငံ ဆာဗား၊ ဆာရာဝပ်ဒေသသို့ မြန်မာနိုင်ငံသားများအလုပ်သွားရောက်လုပ်ကိုင်မည်ဆိုပါက သွားရေးလာရေးခက်ခဲသောကြောင့် ပါမစ်သက်တမ်းတိုးရင်းအဆင်မပြေဖြစ်ကာ အိုဗာစတေးဖြစ်ပါက ပြန်ရန်လုံးလုံးခက်ခဲမည်ဖြစ်ကြောင်း၊ ပတ်စပို့သက်တမ်းတိုးရန် ဝေးကွာလွန်းခြင်း၊ မြန်မာလူမှုအဖွဲ့အစည်းမရှိခြင်းတို့အပြင် အလုပ်အကိုင်အဆင်မပြေပါက ပြန်လည်ပြောင်းရွှေ့ရန်လွယ်မည်မဟုတ်ပါကြောင်း၊ အကြောင်းကြောင်းကြောင့် ကျန်းမာရေးချို့တဲ့မည်ဆိုပါက ဘာသာစကားတတ်ကျွမ်းမှသာ အဆင်ပြေမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာမြန်မာအဖွဲ့အစည်းများသို့ အကူအညီလှမ်းတောင်းပါက လေယာဉ်စီးလာမည်ဆိုလျှင်တောင် ဝေးကွာသောဒေသဖြစ်နေကြောင်း၊ ဆာဗား၊ ဆာရာဝပ်ဒေသသို့ အလုပ်သွားရောက်လုပ်ကိုင်မည်ဆိုပါက မိမိတွင် လုံးဝအမှားအယွင်းမရှိကြောင်းနှင့် ပါမစ်အမှားအယွင်းမရှိကြောင်း၊ ပတ်စပို့သက်တမ်းတိုးအဆင်ပြေမှသာလျှင် မြန်မာနိုင်ငံသို့ တရားဝင်ပြန်ရန် လွယ်ကူမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ရေကြောင်းခရီးဖြင့် တရားမဝင် အနောက်မလေးရှားသို့ လာရန်သာရှိကြောင်း၊ ထို့အတူအလုပ်သမားရေးရာတာဝန်ခံ ဦးစိုးဝင်းက မလေးရှားနိုင်ငံ ဆာဗား၊ ဆာရာဝပ်ဒေသသို့ မြန်မာအလုပ်သမားပို့ဆောင်ခြင်းကို ခွင့်မပြုခဲ့ကြောင်းလည်း ပြောကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မလေးရှားရောက်မြန်မာများအနေဖြင့် မြန်မာနိုင်ငံရှိ မိမိတို့၏ အွန်လိုင်းသူငယ်ချင်း၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းအပေါင်းအသင်းများအား မလေးရှားနိုင်ငံအရှေ့ခြမ်းဆာဗား၊ ဆာရာဝပ်သို့သွားရောက်ရန် အလွယ်တကူမဆုံးဖြတ်နိုင်ကြစေရန်အတွက် သတိပေးကြရန် လိုအပ်ကြောင်းဖြင့် အသိပေးထုတ်ပြန်ထားကြောင်းလည်း သိရသည်။

စိုးဝင်း(SP)

ဘဏ္ဍာရေးဝန်ကြီးဌာနမိသားစု အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘဏ္ဍာရေးဝန်ကြီးဌာန မိသားစုပျော်ပွဲရွှင်ပွဲ၊ ဌာနတွင်း အားကစားပြိုင်ပွဲနှင့် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေး ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ဘဏ်များဇုန်၊ မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲအစီအစဉ်အရ ကျင်းပသော အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားမှုကို လည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့၏ ခြင်းလုံးအလှခတ်ပြသမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဌာနတွင်း အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဝန်ထမ်းအိမ်ရာစိုက်ပျိုးရေး ထူးချွန်ဆုရရှိသူများနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာ့ရိုးရာ ခြင်းလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ အားကစားသမား သုံးဦးကို တစ်ဆင့်မြှင့်ရာထူးတိုးမြှင့်ပေးခဲ့ပြီး ဝန်ကြီးဌာန၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

❍ ကျောဖုံးမှ

တည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ဘုရင့်နောင်ခုံးကျော်နှစ်ထပ်တံတား အောင်မြင်စွာဖွင့်လှစ်ခဲ့သည့် အခမ်းအနားတွင် တာဝန်ယူဆောက်လုပ်ခဲ့သည့် သက်ဆိုင်ရာအဖွဲ့၊ ပြည်သူများနှင့် နေ့စဉ်သွားလာလှုပ်ရှားနေသည့် ယာဉ်မောင်းများကို မြန်မာ့အလင်းသတင်းအဖွဲ့က ကွင်းဆင်းတွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်မတို့ ဒီဘုရင့်နောင်ခုံးကျော်နှစ်ထပ်တံတားကြီးကို ဒီနေ့ ရန်ကုန်မြို့တော် စည်ပင်သာယာကို အောင်မြင်စွာ လွှဲပြောင်းပေးအပ်လိုက်ပါပြီ။ ပြည်သူတွေလည်း ယာဉ်ကြော ကျပ်တည်းမှုကို အဓိကဖြေလျှော့ပေးတဲ့ တံတားကြီးဖြစ်လို့ ကျေနပ်မယ်လို့မျှော်လင့်ပါတယ်။ အကောင်းဆုံးနဲ့ ကမ္ဘာ့အဆင့်မီဆုံး ဖြစ်အောင် ကျွန်မတို့ ကြိုးစားဆောက်လုပ်ခဲ့ပါတယ်။ နောက်လည်း သက်ဆိုင်ရာက တာဝန်ပေးအပ်လာရင် လက်တွဲလုပ်ဆောင်သွားဖို့ ရည်ရွယ်ချက်ရှိပါတယ်" ဟု တာဝန်ယူတည်ဆောက်ပေးခဲ့သည့် First Myanmar Construction Co.,Ltd. မှ စီမံကိန်းမန်နေဂျာ ဒေါ်စိုးစိုးတင်က ပြောကြားခဲ့သည်။

အဆိုပါ ဘုရင့်နောင် ခုံးကျော်နှစ်ထပ်တံတားကြီးကို မြန်မာနိုင်ငံမှ အင်ဂျင်နီယာများနှင့် ထိုင်းနိုင်ငံမှ တံတားတည်ဆောက်မှုအတွေ့အကြုံရှိ အင်ဂျင်နီယာများက တစ်နှစ်နှင့် ၃၃ ရက်ကြာ တည်ဆောက်ပေးခဲ့ပြီး ကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ ၂၆ ဒသမ ၆၂၆ ဘီလီယံကုန်ကျခဲ့ကြောင်း သိရသည်။ တံတားအမျိုးအစားများမှာ သံကူကွန်ကရစ်အမျိုးအစားများဖြစ်ပြီး ဒုတိယအလွှာ (ဘုရင့်နောင်လမ်း) ခုံးကျော်တံတားသည် လေးလမ်းသွားဖြစ်ပြီး တံတားအရှည် ၄၃၅ မီတာ၊ တံတားကင်းလွတ်အမြင့် ၅ ဒသမ ၂၅ မီတာ၊ တံတားအကျယ် ၁၇ ဒသမ ၆ မီတာရှိပြီး အမြင့်ဆုံးခံနိုင်ဝန် ၇၅ တန်နှင့် ချဉ်းကပ်လမ်းအလျားမှာ ၁၅၇ ဒသမ ၃၂ မီတာဖြစ်သည်။

ဆက်လက်ပြီး အဆိုပါ ဘုရင့်နောင်လမ်းအတိုင်း မင်္ဂလာဒုံမှ လှိုင်သာယာ အဝေးပြေးကွင်းသို့ နေ့စဉ်ပြေးဆွဲ မောင်းနှင်နေသည့် ၁၂၁ ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးမြင့်သန်းက "အခုလို ခုံးကျော်တံတားကြီးတွေကို ဆောက်လုပ်ခဲ့လို့ ယာဉ်ပြေးဆွဲချိန်တွေ အများကြီးလျော့ကျခဲ့ပါတယ်။ ဒီယာဉ်လိုင်းမှာ ဒီတံတားကြီးမဆောက်မီကဆို သတ်မှတ်ခေါက်ရေကို နံနက် ၄ နာရီက စဆွဲတာတောင် ည ၉ နာရီခွဲ၊ ၁၀ နာရီကြာပါတယ်။ ခုဆိုရင် ခေါက်ရေအားလုံး ညနေ ၅ နာရီဆို ပြီးပါပြီ။ နောက်ထပ်လည်း ရန်ကုန်မြို့တွင်းမှာ ခုံးကျော်တံတားကြီး သုံးစင်းထပ်ဆောက်ဦးမယ်လို့ ကြားပါတယ်။ ရှစ်မိုင်တို့၊ မြောက်ဥက္ကလာအဝိုင်းတို့မှာ ထပ်ဆောက်ပေးရင်တော့ ပိုကောင်းပါတယ်" ဟု ၎င်းကဆိုသည်။

တတိယအလွှာ (သမိုင်းဘူတာရုံလမ်း)အတိုင်း တည်ဆောက်ထားသည့် ခုံးကျော်တံတားသည် နှစ်လမ်းသွား သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် ၇၃၆ မီတာ၊ လမ်းအကျယ် ၁၀ မီတာ၊ တံတားအမြင့် ၁၄ ဒသမ ၄၂၉ မီတာ၊ တံတားကင်းလွတ်အမြင့် ၅ ဒသမ ၂၅ မီတာရှိသည့်အပြင် ချဉ်းကပ်လမ်းအလျား ၁၂၀ ဒသမ ၀၁ မီတာရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

"ဒီတံတားကြီးတွေက ယာဉ်ကျပ်တည်းမှုကိုလည်း ဖြေလျှော့ပေးသလို နှစ်ထပ်ဆိုတော့ ကျွန်တော်တို့တစ်တွေအနေနဲ့ ထူးဆန်းနေတယ်။ တံတား မပြီးခင်ကတော့ ကျွန်တော်တို့ အလုပ်ကိုလာရတာ တော်တော်ကို စိတ်ပျက်မိတယ်။ ခုတော့လည်း ပြည်သူတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံမှာ ခုလို ခုံးကျော်နှစ်ထပ်တံတားကြီးတွေကို ပထမဦးဆုံးမြင်ခွင့်ရတော့ စိတ်ထဲမှာဝမ်းသာပီတိဖြစ်မိတယ်။ ဒီတံတားဖွင့်တဲ့နေ့ကိုအခုလိုလာချင်လို့ အလုပ်ကိုတောင် ကြိုပြီးတော့ ခွင့်ယူထားတာ။ ဝမ်းသာပါတယ်။ ခုဆိုရင် အလုပ်သွား၊ အလုပ်ပြန် အဆင်ပြေပါတယ်။ နောက်လည်း ဒီလိုအဆင့်မြင့်တဲ့ တံတားကြီးတွေများများ တည်ဆောက်နိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ဘုရင့်နောင်ကုန်စည်ဈေးပွဲရုံတွင် အလုပ်လုပ်နေသည့် ကိုအောင်ကိုဦးက သူ၏ရင်တွင်းစကားကို ဖွင့်ဆိုခဲ့သည်။

အဆိုပါ ဘုရင့်နောင် ခုံးကျော်နှစ်ထပ်တံတားဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်တကွ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တာဝန်ယူတည်ဆောက်ပေးသည့် ကုမ္ပဏီမှ တာဝန်ရှိဝန်ထမ်းများ၊ ပြည်တွင်းပြည်ပမီဒီယာများ နှင့်အတူ ပြည်သူ ၅၀၀၀ ကျော်တို့တက်ရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် First Myanmar Investment Co.,Ltd. မှ ဥက္ကဋ္ဌဦးသိမ်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

(မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့အခမ်းအနား လှိုင်ကော်မြို့၌ကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက လွိုင်ကော်မြို့ ကန္တဟောဝန်ပန်းခြံရှိ ကန္တရဝတီ ကျောက်သားရင်ပြင်၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ အလေးပြုပြီး၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဖတ်ကြားသည်။

ဆက်လက်၍ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ကျင်းပရာ ဆုရရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူများကို ဆက်လက်လွှတ်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၅

အင်းစိန် ဗဟိုအကျဉ်းထောင် (ရန်ကုန်)၌ အမှုမျိုးစုံဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၅ ရက်က သုံးရက်မြောက်လွှတ်ပေးနေကြောင်း သိရသည်။ အင်းစိန်ထောင်မှ ဇန်နဝါရီ ၃ ရက်တွင် အကျဉ်းသား ၃၈၀၊ အကျဉ်းသူ ၁၆၀၊ ဇန်နဝါရီ ၄ ရက်တွင် အကျဉ်းသား ၂၆၀၊ အကျဉ်းသူ ၁၉၀ နှင့် ဇန်နဝါရီ ၅ ရက်တွင် အကျဉ်းသားအကျဉ်းသူပေါင်း ၂၁၆ ဦးခန့်ကို သုံးရက်မြောက်အဖြစ် လွှတ်ပေးလျက်ရှိကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင် ဝန်ထမ်းတစ်ဦးထံမှ သိရသည်။

ကျော်သူရ(နေပြည်တော်)

လွတ်လပ်ရေးနေ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပ

တောင်ငူ ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးနှင့် (Naing Moe Entertainment)တို့မှ စီစဉ်ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။ (ဝဲပုံ)

ပထမသုံးချီစိန်ခေါ်ပွဲတွင် သန်းဇော်ဌေး(ငှက်အော်စမ်း)နှင့် ဒေါင်းထွေးလေး(ရေတာရှည်) တို့ယှဉ်ပြိုင်ကစားရာ သန်းဇော်ဌေး (ငှက်အော်စမ်း)က လည်းကောင်း၊ ညီညီအောင်(မင်းလမ်းကူး)နှင့် ဒေါနု(တောင်ငူ) တို့ယှဉ်ပြိုင်ရာ ညီညီအောင် (မင်းလမ်းကူး)က လည်းကောင်း၊ ဒီပါ(တောင်ငူ)နှင့် ချစ်ကလေး(နတ်ရွာ) တို့ယှဉ်ပြိုင်ရာ ချစ်ကလေး(နတ်ရွာ) ကလည်းကောင်း အနိုင်ရရှိပြီး သုံးချီအထူးစိန်ခေါ်ပွဲတွင် ဒေါင်းဖြူ(ရွှေဖားစည်)က မျိုးမင်းသူ(တောင်ငူ)ကိုလည်းကောင်း အလဲထိုးအနိုင်ရရှိခဲ့သည်။

လေးချီ အထူးစိန်ခေါ်ပွဲတွင် ကျော်ဝင်းအောင်(ငှက်အော်စမ်း)နှင့် တာတေ(တောင်ငူ)တို့ ယှဉ်ပြိုင်ကစားရာ လက်ရည်တူသရေကျပြီး အောင်ပြည့် (Top One)နှင့် စောသားငယ်(တောင်ငူ) တို့ယှဉ်ပြိုင်ရာတွင်လည်း လက်ရည်တူသရေကျခဲ့သည်။

ထို့နောက် ငါးချီအထူးစိန်ခေါ်ပွဲကြီးတွင် ရဲမြတ်အောင်(ဝါဆို)နှင့် ဉာဏ်လင်းအောင်(နတ်ရွာ) ယှဉ်ပြိုင်ရာ သရေကျခဲ့ပြီး စောစိုးစံ(နတ်ရွာ)က ကျန်စစ်အောင်(မြို့တော်စည်ပင်)ကို လေးချီဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းနောက် နောက်ဆုံးပွဲစဉ်အဖြစ် ထွန်းထွန်း(ဝါဆို)နှင့် မြနန်းတော်(ရွှေဖားစည်)တို့ယှဉ်ပြိုင်ရာ လက်ရည်တူသရေကျပြီး ပြိုင်ပွဲကိုးပွဲ ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။

သူရ(တောင်ငူ)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌက နှစ်သစ်ကူး လက်ဆောင်အဖြစ် ကရင်အမျိုးသား ဝတ်စုံကို အမှတ်တရဝတ်ဆင်ပေးစဉ်။

(သတင်းစဉ်)

❒ ***ရှေ့ဖုံးမှ***

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌက နှစ်သစ်ကူး လက်ဆောင်အဖြစ် ကရင်အမျိုးသားဝတ်စုံကို အမှတ်တရ ဝတ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ခေါင်းဆောင်သည့်အဖွဲ့တို့သည် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ရရှိရေး အတွက် ဆွေးနွေးပွဲများဆောင်ရွက်ခဲ့မှုအခြေအနေ၊ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ယုံကြည်မှု တည်ဆောက်ရေးတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များနှင့် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့တို့သည် အစည်းအဝေးခန်းမရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယခု တွေ့ဆုံဆွေးနွေးမှုမှာ နိုင်ငံတော်သမ္မတနှင့် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ခေါင်းဆောင်သော အဖွဲ့တို့၏ လေးကြိမ်မြောက် တွေ့ဆုံမှုဖြစ်ပြီး နှစ်ဖက်စလုံးက တွေ့ဆုံဆွေးနွေးခြင်းသည်သာ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်းနှင့် ပြည်သူများ၏ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရန် အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ ၅-၁-၂၀၁၄		
ဟားခါးမြို့တွင်	၀	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့တွင်	၁	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့တွင်	၂	ဒီဂရီစင်တီဂရိတ်
တို့ဖြစ်ကြသည်။		

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၅

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးခန်းမ၌ ကျင်းပရာ အဖွဲ့နာယက ဒေါ်ကံဆီးဆိုင်းလုံက အမှာစကားပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ အမြွှာဆု၊ မွေးစမှခြောက်လဆု၊ ခြောက်လမှတစ်နှစ်ဆု၊ တစ်နှစ်မှ တစ်နှစ်ခွဲဆု၊ တစ်နှစ်ခွဲမှ နှစ်နှစ်ဆု၊ စံပြမိခင်ဆုနှင့် အမြွှာနှစ်သိမ့်ဆုများကို နာယကနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသော ကျန်းမာရေးဌာနမှ တာဝန်ရှိသူများအား နာယကဒေါ်ကံဆီးဆိုင်းလုံက ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ငွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ယာပုံ)**

ဘုရင့်နောင် ခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်က မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းနှင့် သမိုင်းဘူတာရုံလမ်းဆုံရှိ အဆိုပါ တံတား ဗဟိုမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီး(ရန်ကုန်မြို့တော်ဝန်)ဦးလှမြင့်နှင့် FMI Co.,Ltd. ဥက္ကဋ္ဌတို့က ဘုရင့်နောင်ခုံးကျော်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားသည် ဒုတိယအလွှာ(ဘုရင့်နောင်လမ်းအပိုင်း)သည် အရှည် ၁၄၂၇ ပေ သုံးလက်မ၊ အကျယ် ၅၇ ပေ ကိုးလက်မရှိပြီး လေးလမ်းသွားဖြစ်ပြီး ချဉ်းကပ်လမ်းအလျား ၅၁၆ ပေ နှစ်လက်မဖြစ်ကာ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး တတိယအလွှာ (သမိုင်းဘူတာရုံလမ်းအပိုင်း) သည် အရှည် ၂၄၁၄ ပေ ၁၀ လက်မ၊ အကျယ် ၃၂ ပေ ၁၀ လက်မရှိ နှစ်လမ်းသွားဖြစ်ပြီး ချဉ်းကပ်လမ်းအလျား ၃၉၃ ပေ ကိုးလက်မဖြစ်ကာ တံတားခံနိုင်ဝန်မှာတန် ၆၀ ရှိကာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ တံတားတည်ဆောက်မှု ကုန်ကျစရိတ်မှာ ငွေကျပ် ၂၆ ဒသမ ၆၂၆ ဘီလီယံဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ် ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများ အမှတ်တရနေ့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာဉ်တိုက်မှုကြောင့် လူအများအပြားသေဆုံးမှု၊ ဒဏ်ရာရပြီးထာဝရ မသန်မစွမ်းဖြစ်မှုများသည် တစ်ဦးချင်း၊ မိသားစုတစ်စုချင်းသာမက မိမိတို့၏ လူမှုပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက်ပါ ကြီးမားသည့် ဆုံးရှုံးမှုဖြစ်သဖြင့် အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အကောင်အထည်ဖော် တည်ဆောက်ရာတွင် ယခုကဲ့သို့ ဆုံးရှုံးမှုများမရှိစေရန် အတွက် အားလုံးဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာဉ်တိုက်မှုကြောင့် မသန်မစွမ်းဖြစ်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် Wings Pyinsa Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာက နိုင်ငံတကာအဆင့်မီ Diamond Grade Road Signs များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က လက်ခံသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်းပြသထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ဘူမိဘောအဒူလျာဒက်ဂျ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော်ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ စင်ကာပူသမ္မတနိုင်ငံသမ္မတ မစ္စတာတိုနီတန်ကင်ယမ်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းကြောင်း၊ မြန်မာနိုင်ငံသည် အဆွေတော်၏ဦးဆောင်မှုနှင့်အတူ စီးပွားရေးတိုးတက်လာသကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဖော်ဆောင်လျက်ရှိသည်ကို အသိအမှတ်ပြုပါကြောင်း၊ စင်ကာပူနိုင်ငံက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများနှင့် အာဆီယံဥက္ကဋ္ဌတာဝန် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

ထို့အတူ စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းကလည်း နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ ယင်းသဝဏ်လွှာတွင် အဆွေတော်၏ဦးဆောင်မှုဖြင့် စီးပွားရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးသိသိသာသာတိုးတက်ခဲ့ပါကြောင်း၊ အဆွေတော်၏ ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံတို့အကြား အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရင်း အကောင်းဆုံးဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးကြသည့် ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြပါကြောင်း၊ လာမည့်နှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့်ဖော်ပြသည်။ ထို့အတူ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြင်သစ်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာဖရန်ဆွာဟော်လန်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာ၌ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခဲ့ပြီး အဆွေတော်ကိုယ်တိုင် ၂၀၁၃ ခုနှစ် ဇူလိုင်လက ပါရီသို့လာရောက်လည်ပတ်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်မှုအပေါ် ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် ပြင်သစ်နိုင်ငံက စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ချိန် အပြည့်အဝထောက်ခံကူညီပေးမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြသည်။ ***ဆက်လက်ဖော်ပြပါမည်***

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသောအသင်းအဖွဲ့များအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များအား ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော အသင်းအဖွဲ့များအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ရုံးအမှတ်(၃၃) ဝန်ကြီးဌာနရုံး ကျောက်စိမ်းစုပေါင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်ဂုဏ်ပြုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဟိုတယ်ဇုန်အလိုက် တာဝန်ရှိသူများအား ချီးမြှင့်ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အများဆုံးလာရောက်သည့် ရာသီအချိန်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ဒေသတို့၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဒေသများအလိုက် ဟိုတယ်များအနေဖြင့် ဧည့်သည်

များ၏ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များကို တစ်ဖက်တစ်လမ်းမှ အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နေပြည်တော်ရှိ အားကစားရွာတွင် တည်းခိုနေထိုင်ခဲ့ကြသော ပြည်ပဧည့်သည်များ၊ အားကစားသမားများအား ဧည့်ခံကျွေးမွေးရေးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းနှင့် တာဝန်ရှိသူအဆင့်ဆင့် အပါအဝင် ဝန်ကြီးဌာနနှင့်အတူ လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် မကြာမီကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတော်အဆင့် အခမ်းအနားများကို လက်ခံဆောင်ရွက်ပေးရမည်ဖြစ်ရာ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းအနေဖြင့် နေပြည်တော်ရှိ အားကစားရွာတွင် အားကစားသမားများအတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများအား ဝန်ဆောင်မှု ကောင်းစွာ ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များအား ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်ဒေသရှိ ဟိုတယ်ဇုန်အလိုက် လုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ ဝန်ထမ်းများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ဟိုတယ်ဇုန်အလိုက် လုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဟိုတယ်များမှ ဟိုတယ်မန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ***ကျောဖုံးမှ***

အသက်အရွယ်လေးများ ရလာသည်နှင့်အမျှ ဘဝဇာတ်ခုံအဖုံဖုံတွင် တွေ့ရဆုံကြရသော အတွေ့အကြုံများလည်း အသီးသီး အသကအသကဖြတ်သန်းလာခဲ့ကြပြီ ဖြစ်ပါကြောင်း၊ အတွေ့အကြုံ ကွဲပြားသည်နှင့်အမျှ အယူအဆချင်း၊ အမြင်ချင်းမတူခြင်းလည်း ရှိမည်ဖြစ်ပါကြောင်း၊ တချို့အစိုးရဝန်ထမ်းအဖြစ်နှင့် ရာထူးရာခံအမျိုးမျိုး၊ တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်နေဆဲသူများ ရှိသလို၊ Private Sector ထဲကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရောက်သွားကြသူများလည်းရှိပါကြောင်း၊ အကြောင်းအမျိုးမျိုး ဖြင့် နိုင်ငံရပ်ခြားကို အပြီးအပိုင်ထွက်သွားကြသူများလည်း ရှိမည်ဖြစ်ပါကြောင်း။

လူရည်ချွန် ဖြစ်ခဲ့သည်ဖြစ်စေ၊ မဖြစ်ခဲ့သည်ဖြစ်စေ၊ ဘယ်လိုဖြစ်ဖြစ် မိမိတို့အားလုံးမှာ မနုဿလူသားများပင်ဖြစ်ပါကြောင်း။

လူရယ်ဟုဖြစ်လာလျှင် လူသား၏ တာဝန်ကိုယ်စီရှိပါကြောင်း၊ မိမိ၏အသိုင်းအဝိုင်းတစ်ခုတည်းအတွက်ကိုသာ အာရုံစိုက်ကြိုးစားနေသူနှင့် တခြားတစ်ဖက်စွန်းထိပ်တွင် မိမိအတွက်မပါ အများအတွက်သာ လှုပ်ရှားနေသောသူများ၊ အစွန်းနှစ်ဖက်ကြား အလယ်အလတ်လမ်းစဉ် လှုပ်ရှားနေခဲ့ကြသူများဟူ၍ ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားတွေ့နိုင်ပါကြောင်း။

ယင်းသုံးမျိုးထဲမှ ပြီးခဲ့သည့် ခေတ်ကာလများတွင် မိမိတို့တစ်မျိုးဖြစ်ဖြစ်၊ သုံးမျိုးစလုံးဖြစ်ဖြစ်၊ ဖြတ်သန်းခဲ့သူများက ဖြတ်သန်းခဲ့ကြပြီး မိမိတို့ generation ထဲတွင် ခေတ်လေးခတ်မှာ ကိုယ့်မျက်စိရှေ့အောက်မှာတင် ပြောင်းလဲလာခဲ့သည်ကို တွေ့ကြရပါကြောင်း။

ယခင်ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်နှင့် ယခုဒီမိုကရေစီခေတ်ကို တစ်ပတ်ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပါကြောင်း။

မိမိတို့ဝန်ထမ်းအဖြစ် ဝင်ရောက်ခါစ ဖောင်ကြီးသင်တန်းတက်ရတုန်းက ခေတ်ကြီးငါးခေတ်ဆိုပြီး သင်ပေးခဲ့သည်ကို မှတ်မိလိမ့်မည်ဟု ထင်ပါကြောင်း၊ ကမ္ဘာဦးစကျောက်ခေတ်၊ သက်ဦးဆံပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ ဒီမိုကရေစီခေတ်နှင့် ဆိုရှယ်လစ်ခေတ်ဆိုပြီး သင်ပေးလိုက်ပါကြောင်း။

ထိုစဉ်က တချို့သင်တန်းသားများက ဆရာကိုမေးကြပါကြောင်း၊ ဒီခေတ်ကြီးငါးခေတ်ပြီးရင် ဘာခေတ်လာဦးမှာလဲဟုမေးရာ ဆိုရှယ်လစ်ခေတ်သည် နောက်ဆုံးခေတ်ဟု ဖြေပါကြောင်း၊ မှားသည်မှန်သည် ကိုယ့်ဘာသာကိုယ် ဝေဖန်သုံးသပ်ကြရုံပင်ဖြစ်ပါကြောင်း။

လူရည်ချွန်ဆုကို တစ်ကြိမ်သာရသူနှင့် (၇)ကြိမ်အထိ ရသူတွေကို စာရင်းထဲတွင် တွေ့ရပါကြောင်း၊ ထိုအချိန်အခါတုန်းက လူရည်ချွန်ရကြသူများက တော်သည်၊ တတ်သည်လို့ ယူဆကြသည်ထက် သူ့နေရာနှင့်သူ ထူးခြားခဲ့ကြသူများဟု ဆိုချင်ပါကြောင်း၊ စာပေဘက်တော်ကြမည်၊ သို့သော် လူ့ဘဝအတွေ့အကြုံမရကြသေးသည့်အရွယ် ဖြစ်နေပါကြောင်း။

ယနေ့ လူရည်ချွန်ရဲဘော်ရဲဘက်များကို လူမှုဘဝပုံစံ၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တစ်ခါပြန်ဆုံတွေ့ကြရသည်မှာ ခေတ်ပြောင်းစနစ်ပြောင်း၊ ကုသိုလ်ကံကောင်း၍ ပြန်ဆုံနိုင်ကြသည်ဟု ယူဆမိပါကြောင်း၊ မကြာခဏ ပြန်ဆုံနိုင်ကြပါစေဟု ဆန္ဒပြုလိုပါကြောင်း။

သို့သော် ယခုလို gathering များလုပ်ရင်း ပြီးသွားခြင်းမျိုး မဟုတ်ဘဲ အနာဂတ်အတွက် တစ်ခုခုအကျိုးရှိအောင်လုပ်နိုင်ပါမှ အနှစ်သာရရှိသော gathering မျိုး ဖြစ်မည်ဖြစ်ပါကြောင်း။

ယခင်အခါတုန်းက လူရည်ချွန်လူရည်မွန်များသည် ကျောင်းသား၊ မိဘပြည်သူများကြား စံပြနမူနာယူထိုက်သူများဟု မြင်ကြပါကြောင်း၊ မိမိတို့ သားစဉ်မြေးဆက် ခေတ်တွင် ထိုအပေါင်းလက္ခဏာ အမြင်များ၊ ပျောက်ပျက်မသွားအောင် တကယ်လည်း စံနမူနာယူနိုင်အောင်၊ လုပ်ဆောင်ပြကြစေလိုပါကြောင်း အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဘာလုပ်ကြမလဲဟု မေးလိုပါကြောင်း။

လူရည်ချွန်ဆုကို နိုင်ငံတော်က ချီးမြှင့်၍ အဲဒီအချိန်က နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထိုလူရည်ချွန်များသည် နောင်တစ်ခေတ်တိုင်းပြည်ကို ဖွံ့ဖြိုးအောင် ဦးဆောင်ဦးရွက်လုပ်သွားနိုင်မယ့်သူများ ဖြစ်လာလိမ့်မည်ဆိုသော ရည်မှန်းချက်ဖြင့် ချီးမြှင့်ခြင်း ဖြစ်ပါကြောင်း။

ခေတ်ပြောင်းသွားသည့်အတွက် လုပ်ငန်းများ ရပ်သွားပါကြောင်း၊ အခုတစ်ခါ ခေတ်စနစ်အသစ်ပြန်ပြောင်းလာပြီဖြစ်ရာ ပြောင်းလဲလာသောကနေ့ခေတ်တွင် နိုင်ငံတော်၏ လိုအပ်ချက်မှာ များလှပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ရေးပေါင်းများစွာမှာ လိုအပ်ပါကြောင်း။

ဤအသက်အရွယ်အတွင်းရလာသောအတွေ့အကြုံ၊ တတ်မြောက်လာသည့်ပညာ၊ စုဆောင်းမိသောခနအင်အားနှင့် နိုင်ငံကို တစ်ဖန်ပြန်ပြီး အကျိုးပြုနိုင်အောင် ကူညီကြရန်ဖြစ်ပါကြောင်း၊ ကူညီရန်တာဝန်ရှိကြသလို ကူညီနိုင်သောအခြေအနေ၊ ကူညီနိုင်သည့်နည်းလမ်းများလည်း ရှိကြမည် ဖြစ်ပါကြောင်း။

မည်သို့သော အကူအညီမျိုး၊ မည်သည့်နေရာမှ ကူညီကြသည်ဖြစ်စေ၊ မိမိတို့ အနာဂတ်တိုင်းပြည်ကို ဖွံ့ဖြိုးအောင်၊ နိုင်ငံတကာအဆင့်မီအောင်၊ အေးချမ်းသော နည်းလမ်းမျိုးဖြင့် ကူညီကြစေလိုပါကြောင်း။

ထို့ကြောင့် သာယာလှပသော ယနေ့ညနေခင်းတွင် ပြန်ဆုံတွေ့ကြရသည့် လူရည်ချွန်ကျောင်းတော်သူ ကျောင်းတော်သားများကို တိုက်တွန်းလိုသည်မှာ နိုင်ငံ၏လိုအပ်နေသည့် "ရေး"ပေါင်းများစွာထဲမှ တစ်ရေးဖြစ်စေ၊ နှစ်ရေးဖြစ်စေ၊ အားလုံးဖြစ်စေ၊ "လူရည်ချွန်" ဆိုခဲ့သည့် အစွမ်းအစများဖြင့် အစွမ်းပြကြပြီး နိုင်ငံတည်ဆောက်ရေးတွင် ကိုယ်စီကိုယ်င အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ကြသူများဖြစ်ပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လူရည်ချွန်စီမံကိန်း စတင်အကောင်အထည်ဖော်ရာတွင် ဦးဆောင်ပါဝင်သူ ဒေါက်တာညီညီ၊ ဦးသန်းဦးနှင့် လူရည်ချွန်မောင်မယ်များက အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသူများအား ရွှေရတုအကြို မိတ်ဆုံညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ သုံးဆောင်နေစဉ်အတွင်း လူရည်ချွန်မောင်မယ်များက ရှမ်းရိုးရာအက၊ လူရည်ချွန်သီချင်းများဖြင့် ဖြေဖျော်တင်ဆက်ကြသည်။

လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့ကို အဆိုပါခုနှစ်များအတွင်း ရွေးချယ်ခြင်းခံရသော လူရည်ချွန်၊ သချ်ာလူရည်ချွန်များ အားလုံးကို ပြန်လည်စုစည်းရန်၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုသောပညာရှင်အင်အားစု (Think Tank) အဖြစ် ရပ်တည်ရန်ရည်ရွယ်၍ ဖွဲ့စည်းပြီး ယနေ့နံနက်ပိုင်းတွင် အလုပ်အမှုဆောင် ၂၇ ဦးကို အဖွဲ့ဝင်များ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့သည်။

ပြည်သူကရွေးချယ်တင်မြှောက်ခဲ့သည့် ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၉၈၈ ခုနှစ် နောက်ပိုင်း နှစ်ပေါင်း ၂၄ နှစ်အကြာတွင် ဘက်စုံထူးချွန်လူငယ် အမည်ဖြင့် နိုင်ငံတစ်ဝန်းရှိမြို့နယ်နှင့် ခရိုင်အဆင့်တို့၌ ဘက်စုံထူးချွန်လူငယ် စာမေးပွဲများကို ပြန်လည်ကျင်းပပေးခဲ့သည်။

၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်တွင် ဘက်စုံထူးချွန် အပန်းဖြေစခန်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ တက္ကသိုလ်ဝင်တန်း ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူ ၁၇၀ သည် ဘက်စုံထူးချွန် အပန်းဖြေစခန်း (ငွေဆောင်)၌လည်းကောင်း၊ နဝမတန်းဘက်စုံထူးချွန် ကျောင်းသားကျောင်းသူ ၁၇၀ သည် ဘက်စုံထူးချွန်အပန်းဖြေစခန်း (အင်းလေးခေါင်တိုင်)၌လည်းကောင်း၊ အဋ္ဌမတန်း ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူ ၁၇၀သည် ဘက်စုံထူးချွန်အပန်းဖြေစခန်း(ပုဂံ)၌ လည်းကောင်း ဧပြီ ၁ ရက်မှ ၅ ရက်အထိ အပန်းဖြေကြပြီး ဒေသန္တရဗဟုသုတများကို လေ့လာရှာမှီးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဆိုပါ ဘက်စုံထူးချွန်လူငယ်စုစုပေါင်း ၅၁၀ တို့အား ကင်းထောက်အဖွဲ့ဝင်လူငယ်များနှင့်အတူ နေပြည်တော်၌ ဂုဏ်ပြုတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့၏ ရွှေရတုအကြို မိတ်ဆုံညစာစားပွဲတွင် အမှတ်တရစကား ပြောကြားစဉ်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေး စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေစုကန်ဖွင့်

တောင်တွင်းကြီး ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေစုကန်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက သီလရွာ ကျေးရွာအုပ်စု သီလကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး စက်ရေတွင်းတည်ဆောက်ထားသည့်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးက စက်ရေတွင်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြခဲ့ပြီး အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ရှိသူများက အထိမ်းအမှတ်အလံငယ်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် အထိမ်းအမှတ်ဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သုံးစွဲနိုင်

အဆိုပါစက်ရေတွင်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အလှူရှင်လှူဒါန်းငွေကျပ် သိန်း ၆၀ ဖြင့် တည်ဆောက်ပေးခဲ့သော နှစ်လက်မပေ ၆၀၀ စက်ရေတွင်းဖြစ်ပြီး ဒေသခံပြည်သူ ၅၈၂ ဦးခန့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်းများ ပြည်သူများသို့ဝေငှ

မင်းဘူး ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်ခါဆောဝ် ဦးဆောင်၍ ဇန်နဝါရီ ၂ ရက်က ကျေးရွာသုံး ထင်းစိုက်ခင်းမှ ထင်း ၆၇ တန်ကို လေးပင်ကျေးရွာနှင့် ဇီးအိုင်ကျေးရွာများရှိ ကျေးလက်ပြည်သူများထံသို့ ထင်းများဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကြာအင်းကျေးရွာ၌ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာမြို့နယ် ကွဲတလင်းအုပ်စု ကြာအင်းကျေးရွာတွင် လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးမင်းဇော်၊ ကွဲတလင်းအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိလာပုံတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လင်းရောင်ခြည် စာကြည့်တိုက်အတွက် ဦးမောင်မောင်တင်မိသားစုက သတင်းစာတစ်နှစ်စာအတွက် ငွေကျပ် ၂၄၀၀၀၊ ကွဲတလင်းအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ် ၄၈၀၀ နှင့် ကျေးရွာများမှ စုပေါင်းလှူဒါန်းမှုဖြင့် စားပွဲ၊ ဗီရို၊ ကုလားထိုင်များ လှူဒါန်းခဲ့ရာ ကြာအင်းကျေးရွာ ရာအိမ်မှူးဦးဝင်းဗိုလ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက်သည် ကျေးရွာကိုယ်အားကိုယ်ကိုး စုပေါင်းလုပ်အားဖြင့် လျား ၁၈ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၁၁ ပေရှိပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၁၈၀၀၀ ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မူးယစ်ဆေးဝါးနှင့် ရောင်းဝယ်သူများအား ဖမ်းမိ

မန္တလေး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး မှုခင်းအကူဌာနစုမှ ဒုတိယရဲမှူး ရန်နိုင်ဝင်း၊ ဒုတိယရဲမှူးသန်းဇော်ဝင်း၊ ရဲအုပ် ရဲမြင့်တို့ ဦးစီးသောအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ၆၆ လမ်း၊ (၂၆×၂၇)လမ်းကြားတွင် စောင့်ဆိုင်းနေစဉ် တောင်မှမြောက်သို့ ငွေးလှိုင်ဦး မောင်းနှင်ပြီး တေဇာ နောက်ထိုင်လိုက်ပါလာသော ဖြူ/ပြာရောင် နံပါတ်မပါ အမ်ဘီအမျိုးအစား CZI ဆိုင်ကယ်တစ်စီးကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ငွေးလှိုင်ဦး ဝတ်ဆင်ထားသော SP စာတန်းတံဆိပ်ပါ ပြောက်ကျားအနွေးထည်အကျႌ ဘယ်ဘက်အောက် အိတ်ကပ်အတွင်းမှ "88" "1" စာတန်းအမှတ်အသားပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားကို ပလတ်စတစ်အပိုင်းအစအသေးတစ်ခုဖြင့်ပတ်လျက် တွေ့ရှိခဲ့သည်။

ဖမ်းဆီးရမိသူ ငွေးလှိုင်ဦး(ခ) အရှည်ကြီး (၄၂ နှစ်) ညည-၄၅ သင်ပန်းကုန်းရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နှင့် တေဇာ(၃၂ နှစ်) မအူတောင်ရွာ ရေစကြိုမြို့နယ်နေသူတို့ နှစ်ဦးကို သက်သေများရှေ့ စစ်မေးရာ ၎င်းဆေးပြားများကို မြစ်သားမြို့နယ် သိုတန်ကျေးရွာနေ မြင့်ငွေး(၄၈ နှစ်) ထံမှ တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ဖြင့် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများကို သုံးစွဲရန်နှင့် ရောင်းချရန်အတွက်အလို့ငှာ လက်ဝယ်တွေ့ရှိသူ ငွေးလှိုင်ဦး(ခ)အရှည်ကြီး၊ တေဇာနှင့် မြင့်ငွေးတို့ သုံးဦးကို အမှတ်(၃) နယ်မြေရဲစခန်းက အရေးယူခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိသူ ငွေးလှိုင်ဦး(ခ)အရှည်ကြီးနှင့် တေဇာတို့ကို ကွင်းဆက်များ ဆက်လက်စစ်မေးရာ ၎င်းဆေးပြားများကို မြင့်ငွေးက လာရောက်ပို့ဆောင်ပေးခြင်း ဖြစ်ကြောင်း အစစ်ခံထွက်ဆိုထားသဖြင့် ငွေးလှိုင်ဦး(ခ)အရှည်ကြီးကို ၎င်း၏ လက်ကိုင်ဖုန်းဖြင့် မြင့်ငွေးထံသို့ ဆက်သွယ်၍ ဆေးပြားများကို ထပ်မံမှာယူပြီး ချမ်းအေးသာစံမြို့နယ် (၃၀×၆၃) လမ်းထောင့်ရှိ အာကာစိုး လက်ဖက်ရည်ဆိုင်ရှေ့သို့ ချိန်းဆိုပြီး မိမိတို့အဖွဲ့က မန္တလေးမူးယစ်အထူးအဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်ငွေးက သက်သေများနှင့်အတူ သွားရောက်စောင့်ဆိုင်းနေစဉ် ည ၉ နာရီတွင်မြင့်ငွေးက ၃၅ယ/--- နံပါတ်တပ်ထားသော ဆိုင်ကယ်ကို မောင်းနှင်၍ ၎င်း၏ဇနီး မညိုညိုစန်းနှင့်အတူ ချိန်းဆိုထားသော အာကာစိုး လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိစဉ် မိမိတို့အဖွဲ့မှ သက်သေများနှင့်အတူ ဆိုင်ကယ်ရပ်တန့်ရှာဖွေစစ်ဆေးရာ မြင့်ငွေးဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ အိတ်အမည်းဖြင့်ထုပ်ထားသော ဆေးပြား ၃၈၃ ပြား စုစုပေါင်းအလေးချိန် ၃၈ ဒသမ ၈ ဂရမ်ကို ရှာဖွေတွေ့ရှိပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ မြန်မာငွေစက္ကူရောရာ ငွေကျပ် ၄၈၅၀၀၀ နှင့် ၎င်းထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိရမိ၍ မန္တလေးမူးယစ်အထူးအဖွဲ့မှ ဒုရဲမှူး ခင်မောင်ငွေးက သက်သေများရှေ့တွင် ရှာဖွေပုံစံ ရေးသွင်းသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ မြင့်ငွေးနှင့် ဇနီးဖြစ်သူ မညိုညိုစန်းတို့အား သက်သေများရှေ့ စစ်ဆေးမေးမြန်းရာ ၎င်းတို့က အဆိုပါ ဆေးပြားများကို မူဆယ်မြို့ တစ်ဖက်ကမ်းရှိ တရုတ်နိုင်ငံ ကြယ်ဂေါင်မြို့ (၄)လမ်းနေ ရှမ်းလူမျိုး အားတီဆိုသူထံမှ တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားကို ရောင်းဝယ်ဖြန့်ချိရန် လက်ဝယ်ထားရှိသူ မြင့်ငွေး၊ မညိုညိုစန်း (၄၃နှစ်)၊ သိုတန်ကျေးရွာ မြစ်ငယ်မြို့နေသူနှင့် တရုတ်နိုင်ငံ ကြယ်ဂေါင်မြို့ (၄)လမ်းနေ အားတီဆိုသူတို့သုံးဦးကို အမှတ်(၃)နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

တင်မောင်(မန္တလေး)

မြန်မာ့ရုပ်မြင်သံကြား

၆-၁-၂၀၁၄(တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း
၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
၁၀း၁၅ **တိုးတက်ခေတ်မီကဏ္ဍစုံလင်ဖို့ ပြည်သူ့ဝန်ဆောင်မှုမီဒီယာ သစ်ဆီသို့**

နေ့လယ်ပိုင်း

၁၁း၂၀ ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၀၀ ပြည်တွင်းသတင်း
၁၂း၂၅ **ဆေးရောင်စုံရုပ်ရှင် နှင်းဆီနီပါးပြင်** လွင်မိုး၊ တင့်တင့်ထွန်း ဒါရိုက်တာ-မောင်နန္ဒ

ညပိုင်း

၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၂၁း၀၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် **စောင်းတော်ရှင်**(အပိုင်း-၂)
- အိန္ဒိယရုပ်ရှင် **တတိယအရွယ်ရဲ့ရင်ခုန်သံများ** (ဇာတ်သိမ်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင်ကျောက်မျက်ရတနာအရောင်းပြခန်းများ အတွင်းOne Stop Service Center (နေပြည်တော်)၏ အရှည် ၂၅၂၆ပေရှိသော ခြံစည်းရိုးကာရံမှုအတွက် တင်ဒါခေါ်ယူပါမည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန် ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ။

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၁၇-၁-၂၀၁၄ရက်၊ ၁၆း၀၀နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ - မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ရက်၊ ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၀၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်း-၂၀)
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၃

ဦးမင်းနိုင် **တရားလို** နှင့် ဒေါ်စန္ဒာဦး **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊မြင်းခြံမြို့၊ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ် ၉/က တွင်နေထိုင်သူ(ယခုလိပ်စာမသိ)ဒေါ်စန္ဒာဦး သိစေရမည်။

သင့်အပေါ် တရားလိုဦးမင်းနိုင်က ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ချိုမာမြင့်)
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မျက်မမြင် စစ်တုရင်အားကစားသမားများ ကြေးတံဆိပ်မျှော်မှန်း

နေပြည်တော် ဇန်နဝါရီ ၅

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများအတွင်း မသန်စွမ်း အားကစားသမားများမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မသန်စွမ်း မြန်မာ့လက်ရွေးစင် မျက်မမြင်စစ်တုရင်အားကစားသမားများကလည်း အနည်းဆုံး ကြေးတံဆိပ် မျှော်မှန်းထားရှိကြောင်း သိရသည်။

အဆိုပါ (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲများအတွင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည့် မသန်စွမ်းမြန်မာလက်ရွေးစင် မျက်မမြင်စစ်တုရင်အားကစားသမားများဖြစ်ကြသော အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ကိုးဦးတို့အား တစ်ရက်လျှင် နံနက်၊ နေ့လယ်၊ ည သုံးကြိမ်နှုန်းဖြင့် အုပ်ချုပ်သူ ဦးညီညီဇော်၊ နည်းပြ ဦးဆွေဝင်းတို့က စခန်းသွင်းလေ့ကျင့်ပေးလျက် ရှိကြသည်။ မသန်စွမ်း မြန်မာ့လက်ရွေးစင် မျက်မမြင်စစ်တုရင် အားကစားသမားများ၏ နည်းပြ ဦးဆွေဝင်းက "အခုဒီမသန်စွမ်းဆီးဂိမ်းပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်သွားကြမယ့် ကစားသမားတွေက ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ ခဝဲခြံမျက်မမြင်ကျောင်းတွေကပါ။ စည်ပင်၊ လယ်/ဆယ်၊ ပို့ဆောင်ရေးနဲ့ တပ်မတော်က လေးဦးလည်း ပါဝင်မှာပါ။ ဆေးအဆင့်ကတော့ B1 (လုံးဝမမြင်)၊ B2 (တစ်ဖက်နည်းနည်းမြင်)နှင့် ကိုယ်အင်္ဂါမသန်စွမ်းတွေဆိုပြီး သတ်မှတ်ထားရှိပါတယ်။ သူတို့ကျင့်တာတောက်လျှောက်ဆိုတော့ အားရပါတယ်။ မျိုးဆက်သစ်လေးတွေဆိုပေမယ့် ဒီအသင်းထဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး မသန်စွမ်း မြန်မာ့လက်ရွေးစင်

မျက်မမြင် စစ်တုရင်ချန်ပီယံ ဦးအေးလွင်ကို မှီပြီး လိုက်လာနိုင်မယ်လို့ထင်ပါတယ်။ အနည်းဆုံး ကြေးတံဆိပ် မျှော်မှန်းထားပါတယ်" ဟု ပြောကြားသည်။ ထို့နောက် မသန်စွမ်း မြန်မာ့လက်ရွေးစင် မျက်မမြင်စစ်တုရင် အားကစားသမားဟောင်း ဦးအောင်လွင်မိုးက "ဒီမျက်မမြင်စစ်တုရင် ယှဉ်ပြိုင်ကစားနည်းကလည်း ပုံမှန် စစ်တုရင်ကစားနည်းနဲ့ ခုံအနေအထားပဲကွာပါတယ်၊ ဒီပါရာဂိမ်းပွဲမှာ ခုံရဲ့မျက်နှာပြင်က အပိန်နဲ့ အဖောင်းကွာမယ်၊ အရုပ်ကလေးတွေကလည်း အဖြူဆိုရင် ထိပ်မှာ ပြောင်ဖြစ်နေမယ်။ အမည်းဆိုရင်တော့ ထိပ်မှာ အချွန်လေးတွေပါမယ်လေ၊ သူတို့တစ်တွေကစားကြတဲ့အခါမှာလည်း လက်နဲ့စမ်းတာနဲ့ သိရပါတယ်။ အမှတ်ပေးစည်းမျဉ်းကလည်း ဆီးဂိမ်းပွဲတော်ကြီးကိုင်ခဲ့တဲ့ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် (FID) ကပဲ သတ်မှတ်မှာပါ။ ဒိုင်တွေကိုလည်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ကနေ အကူအညီပေးမှာပါ။ မြန်မာအကူဒိုင် ၃၅ ဦး ပါဝင်မယ်လို့ သိရပါတယ်။ ဒိုင်ချုပ်ကလည်း အင်ဒိုနီးရှားနိုင်ငံက ဖြစ်ဖို့များပါတယ်"ဟု ပြောခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပတော့မည်ဖြစ်ရာ အားကစားနည်း တစ်မျိုးဖြစ်သည့် အဆိုပါ မသန်စွမ်း မြန်မာ့လက်ရွေးစင် မျက်မမြင် စစ်တုရင် အားကစားသမားများအတွင်း ၁၉၉၉ ခုနှစ်တွင် ကျန်းမာရေး အခြေအနေအရ စတင်မျက်စိကွယ်လွန်ခဲ့ရသော မြန်မာနိုင်ငံ၏ ပထမဦးဆုံး မျက်မမြင် စစ်တုရင်ချန်ပီယံ ဦးအေးလွင်လည်း ပါဝင်သည်။ ၎င်းသည် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များစွာ ဆွတ်ခူးထားဖူးသော သမ္မာရင့်သူတစ်ဦးဖြစ်ကြောင်း၊ ယခင်မြန်မာနိုင်ငံမှ အာဆီယံနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော ပထမဦးဆုံး နိုင်ငံ့ကိုယ်စားပြုတစ်ဦးဖြစ်ကြောင်း သိရသည်။

ယခု (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများအတွင်း မြန်မာနိုင်ငံမှ မသန်စွမ်း အားကစားသမားများ လူစုံတက်စုံ ဝင်ရောက် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်းလည်း သိရသည်။

စိုးဝင်း(Sp)

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သီပေါ သိမ်တောင်တောရကျောင်း ကတ္တရာလမ်းဖွင့်

သီပေါ ဇန်နဝါရီ ၅

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နောင်အိန်ကျေးရွာအုပ်စု သိမ်တောင်တောရကျောင်း သီရိ ဗုဒ္ဓသာသနာ့ကုန်းမြေမှ မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးအထိ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက ၎င်းလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ သိမ်တောင်တောရကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇိနဝရအရှင်သူမြတ်နှင့် လမ်းဖြစ်မြောက်ရေး ဦးဆောင်သူ စဝ်ဆိုင်ချို၊ အလှူရှင် ဦးစိုင်းမော်မော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ကုန်ကျ

အဆိုပါ လမ်းသစ်ကြီးကို ရန်ကုန်၊ မန္တလေး၊ သီပေါနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များမှ အလှူရှင်များက စုပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး တစ်မိုင်ကျော်အရှည်ရှိကာ ငွေကျပ်သိန်းပေါင်း ရှစ်ရာကျော်ကုန်ကျခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

ကလေး ဇန်နဝါရီ ၅

ချင်းတောင်ပေါ်တွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေမှုကြောင့် ကလေး-ဖလမ်း-ဟားခါးခရီးသွားယာဉ်များ သတိထားသွားရန်လို

ချင်းတောင်ပေါ်တွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေမှုကြောင့် ကလေး- သိုင်းငင်း- ဖလမ်း- ဟားခါး ပြေးဆွဲနေကြသော ခရီးသွားယာဉ်များ အနေဖြင့် သတိထားသွားရန် လိုအပ်နေကြောင်း ဒေသခံများနှင့် ခရီးသွားများက သုံးသပ်ပြောကြားသည်။ "အခုရက်ပိုင်း ချင်းတောင်ပေါ်မှာ ဆီးနှင်းတွေ တအားကျတယ်။ ကားတွေကလည်း နှင်းခွဲမီးပါတယ်။ ဒါပေမယ့် အဝေးကြီးလှမ်းမမြင်ရဘူး။ ယာဉ်တစ်စီးနဲ့တစ်စီး အနီးကပ်ရောက်မှ မြင်ရတယ်။ အဓိက ကတော့ ကားစက်သံကိုနားစွင့်ပြီးသွားရတယ်။ ဒီနှစ်တော့ ဆောင်းရာသီမှာ ကားမှောက်တာတော့ မကြားသေးဘူး။ အရင်နှစ်တွေတုန်းက ကားမှောက်တာတွေရှိခဲ့တယ်။ ဒီရာသီမှာ ချင်းတောင်တက်ကားတွေအနေနဲ့ကတော့ သတိထားသွားလာတာ အကောင်းဆုံးပဲ"ဟု တီးတိန်မြို့ခံ ချင်းတိုင်းရင်းသားတစ်ဦးက ပြောကြားသည်။ ကလေး-ချင်းတောင်ခရီးစဉ်တွင် ယခင်က ကလေးစက်မှုဇုန်ထုတ် ဟိုင်းမွန်ဂျစ်များသာ ပြေးဆွဲခဲ့ရာမှ ယခုနှစ်တွင်မူ ဂျပန်နိုင်ငံထုတ်နှင့် ဥရောပနိုင်ငံထုတ်ကားများဖြစ်သည့် မီနီဘတ်စ်ကားများပါ ပြေးဆွဲလာကြပြီး ထိုသို့ လူစီးသီးသန့် ဖိမ်ခံကားများဖြင့် ပွင့်လင်းရာသီတွင် ပြေးဆွဲမှုများပြားလာမှုကြောင့် လူစီးသီးသန့် ဟိုင်းမွန်ဂျစ်ကားများတွင်မူ စီးနင်းသူ နည်းပါးသွားပြီး ဝင်ငွေလည်း လျော့ကျနေကြောင်း ပြည်ချစ်သားယာဉ်လိုင်းမှ ယာဉ်နောက်လိုက် ကိုသိန်းသန်းထွေးက ပြောသည်။ "မိုးတွင်းတုန်းကတော့ ဟိုင်းမွန်ဂျစ်ကားတွေပဲ ပြေးနိုင်တယ်။ အခုပွင့်လင်းရာသီမှာတော့ မီနီဘတ်စ်ကားတွေနဲ့ ခြောက်ဘီးကားကြီးတွေပါ ပြေးနေပြီ" ဟု ၎င်းကဆိုသည်။ ချင်းပြည်နယ်ရှိ လမ်းများသည် သက်နုမြေသားဖြစ်၍ မိုးတွင်းကာလတွင် မကြာခဏ တောင်ပြိုမြေပြိုမှုများ ဖြစ်ပေါ်နေသောကြောင့် ချင်းတောင်တက်ယာဉ်လိုင်းများမှာ ဂရုတစိုက် မောင်းနှင်ခဲ့ရပြီး ယခုဆောင်းရာသီကာလတွင်လည်း နှင်းများထူထပ်စွာ ကျဆင်းနေမှုကြောင့် ကားဒရိုင်ဘာများ အနေဖြင့် သတိနှင့်မောင်းနှင်ရန်မှာ အထူးအရေးကြီးကြောင်း ချင်းတိုင်းရင်းသားများက ဆိုသည်။

"ဒီရက်ပိုင်း ဆီးနှင်းကျတာကတော့ ချင်းတောင်ပေါ်မှ မဟုတ်ဘူး။ ချင်းတောင်ခြေဖြစ်တဲ့ ကလေးမြို့မှာဆိုလည်း နံနက် ၈ နာရီခွဲလောက်အထိ ဆီးနှင်းကကျနေတုန်းပဲ။ ဒါပြီး တောင်ပေါ်လမ်းတွေကတော့ ရာသီမရွေး ဂရုစိုက်မောင်းရတာချည်းပါ။ ဒါပေမယ့် မိုးတွင်းနဲ့ ဆောင်းရာသီကတော့ ပိုဂရုစိုက်ရတာပေါ့" ဟု ကလေး-ရိဒ်ခေါဒါရ် ကားဒရိုင်ဘာတစ်ဦးက ပြောကြားသည်။

သျှင်နေမင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်၊ လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်စဉ်(၃) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**

၁။ လမ်းခင်းကျောက်မျိုးစုံ	၁၀၈၅·၀၀ ကျင်း
၂။ ဘိလပ်မြေ	၄၂၀·၆၀ တန်
၃။ သဲ	၃၀၇·၀၀ ကျင်း
၄။ သစ်(ရွယ်စုံ)	၈·၀၀ တန်
၅။ **တင်ဒါပိတ်မည့်ရက်/အချိန်**	၁၆-၁-၂၀၁၄ရက် ၁၆း၃၀နာရီ
၆။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	၁၇-၁-၂၀၁၄ရက် ၀၉း၀၀နာရီ
၇။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ**	ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့။ ဖုန်း-၀၈၂-၇၄၁၄၇

၈။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲရုံးများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်နေ ဦးအောင်ဝင်း- ဒေါ်ခင်မာစီတို့၏သား မောင်စည်သူအောင်ဝင်း ၉/မရမ(နိုင်)၀၈၆၆၂၅သည် မိဘများ ခွင့်မပြု ခွင့်မလွှတ်နိုင်သော ကိစ္စရပ်ကို ၎င်း၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ၄-၁-၂၀၁၄ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်- ဦးအောင်ဝင်း ၉/မရမ(နိုင်)၀၀၇၇၇၅
မိခင်- ဒေါ်ခင်မာစီ ၉/မရမ(နိုင်)၀၀၇၇၇၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင်ကျောက်မျက်ရတနာအရောင်းဆိုင်စျေးဇုန်အတွင်း One Stop Service Center (နေပြည်တော်) အဆောက်အအုံနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း ဆောက်လုပ်မှုအတွက် တင်ဒါခေါ်ယူပါမည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁-၂၀၁၄ ရက်မှ ၁၀-၁-၂၀၁၄ ရက်အထိ ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ

(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် - ၁၇-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

(ဂ) တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ - ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်- ၂၀-၁-၂၀၁၄ ရက် ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၀၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ကန့်ကွက်နိုင်ပါသည်

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်ခြောက်လုံးတည်ဆောက်ရန်ရှိပါသည်။ ၎င်းလုပ်ငန်းများအတွက် ဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၆-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက် -၂၁-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ

တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ -လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့ တောင်ကြီးမြို့

ဆက်သွယ်ရန် -ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃ စီ^၄)၊ မြေကွက်အမှတ် ၄၃၊ ဧရိယာပေ(၃၀×၅၀)ရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၄၁ လမ်း၊ အမှတ် ၇၀ ဟုခေါ်တွင်သော အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်ပိုင်ရှင်များဖြစ်ကြသော ဦးလှသန်း ၁၂/တမန(နိုင်)၀၇၆၃၁၆ +၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ပြည်တွင်းသတင်း

အပူးဂဏန်းနှင့် ရှေးဂဏန်းနံပါတ်များအတွက် ၁၄၂၅ သိန်း ကောက်ခံရရှိ

ရန်ကုန် ဇန်နဝါရီ ၅

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)သည် နိုင်ငံတော်အတွက် ပြည်သူ့ဘဏ္ဍာငွေ ပိုမိုရရှိစေရန်နှင့် ပြည်ပမှယာဉ်တင်သွင်းလာသော ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း မိမိကြိုက်နှစ်သက်ရာ အပူးဂဏန်းများနှင့် ရှေးဂဏန်းနံပါတ်များကို ပွင့်လင်းမြင်သာစွာဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ကညန ရန်ကုန်(ရုံးချုပ်)ရှိ ဗဟိုမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း အပူးဂဏန်းနှင့် ရှေးဂဏန်းနံပါတ်များဖြစ်သောမော်တော်ယာဉ် ၁၉၇ စီးအတွက် စုစုပေါင်းရရှိငွေမှာ ငွေကျပ် ၁၄၂၅ သိန်းကောက်ခံရရှိကြောင်း အဆိုပါဌာန၏ ဘဏ္ဍာရေးဌာနစိတ်မှ သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး၏ ယာဉ်အိုယာဉ်ဟောင်းများအပ်နှံပြီး အစားထိုးယာဉ် တင်သွင်းရေးစီမံချက်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အပ်နှံပြီးသည့် ယာဉ်အို ယာဉ်ဟောင်း အစီးရေမှာ ၆၃၈၀၇ စီးရှိကြောင်း အဆိုပါဌာန၏ စာရင်းအရ သိရသည်။

အေးကို

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၅၅၀၀-၆၁၆၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၃၈၀၀-၆၁၅၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂-၃၀. ၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၅-၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၀-၂၉၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၃၇၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၃၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းတင်ပြသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အားကစားဝင်း၌ ကျင်းပသည်။ **(ဝဲပုံ)**

ချီးမြှင့်

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဌာန ၂၀ တို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ တပျော်တပါး ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြပြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊ အတွင်းရေးမှူး ဦးကျော်စိုး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၅)ရပ်ကွက် ၁၁ လမ်း မိသားစု၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပခြင်း၊ နိဗ္ဗာန်ဈေးတည်ခင်းကျွေးမွေးခြင်း၊ ပညာရည်ချွန်ဆုနှင့် အားကစားပြိုင်ပွဲဆုရသူများအား ချီးမြှင့်ခြင်းများကို ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ခင်ဆိုင်

သွေးသည် အသက်

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ အာယုဒါန(ကုသိုလ်ဖြစ်အခမဲ့) ဆေးခန်းဖွင့်

ရမည်းသင်း ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ နတ်စဉ်ရပ်ကွက်၊ ရွာလယ်ဓမ္မာရုံ၌ အာယုဒါနကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ရွာတွင်းကျောင်းဆရာတော် ဦးကေသရ၊ ရပ်မိ ရပ်ဖ ဦးသန်းညွန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါဆေးခန်းတွင် ဒေါက်တာမင်းမင်းစိုးနှင့် ရောဂါဗေဒ/ပထမတန်းပါရဂူနှင့် တိုင်းရင်းဆေးသမားတော် ဦးမင်းမင်းတို့က တာဝန်ယူဦးဆောင်၍ စနေ၊ တနင်္ဂနွေနေ့များတွင် စေတနာဖြင့် ကုသိုလ်ယူအခမဲ့ကုသပေးမည်ဖြစ်သည်။

တစ်နေ့တာ ဆေးဝါးကုသမှုစရိတ် သုံးသောင်းကျပ်ဖြင့် တစ်နှစ်တာအတွက် ၁၆ သိန်း စုဆောင်းရရှိထားပြီးဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် အဝေးရောက် စံပြသိမ်ကုန်းရွာသူရွာသားများ ဆက်သွယ်၍ ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

"အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၄ဖြင့် "သုဓမ္မဇောတဓရ" ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက်၊ အမှတ် (၁၈)၊ ဘောက်ထော်ဘုတာရုံလမ်းနေ ဦးရွှေသိုင်းအား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးသန်းဆက်ဝင်း+ဒေါ်စိန်အေးမိသားစု

"အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၄ဖြင့် "သုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် (၉) ရပ်ကွက်၊ အမှတ် (၉၀)၊ အင်းလျားလမ်းနေ ဒေါ်ဝေဝေမွန် (ရွှေဟိန်းထက်ကုမ္ပဏီ)အား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးသန်းဆက်ဝင်း+ဒေါ်စိန်အေးမိသားစု

"အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၄ဖြင့် "သုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက်၊ အမှတ် (၃ စီ)၊ မေလမ်းနေ ဒေါက်တာဒေါ်သင်းသင်းအား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးသန်းဆက်ဝင်း+ဒေါ်စိန်အေးမိသားစု

ပြည်ထဲရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သောလုံခြုံရေးဆိုင်ရာစက်ပစ္စည်း၊ ဆက်သွယ်ရေးစက်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်**	၉-၁-၂၀၁၄ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်**	၂၂-၁-၂၀၁၄ရက်
၄။ **ကုမ္ပဏီ၏ အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက်**	၂၈-၁-၂၀၁၄ ရက်
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	၃၁-၁-၂၀၁၄ရက် နံနက် ၁၀နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၅၁၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

ငှားလိုသည်

(မြောက်ဒဂုံ/သာကေတ/တောင်ဥက္ကလာ)စက်မှုဇုန် အကျယ်ပေ(၄၀×၆၀) အဆောက်အအုံ၊ ပါဝါ/ရေ ပါရမည်။

ဖုန်း-၀၉-၅၁၆၅၈၉၅

အမည်ပြောင်း

ဦးဝင်း၏သား မောင်ကျော်လင်းအား ယနေ့မှစ၍ မောင်ကျော်သူဟိဏ်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်သူဟိဏ်း
၇/လပတ(နိုင်)၁၀၆၅၈၄

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မြန်မာနိုင်ငံ၌ ပထမဆုံး မိုဘိုင်းဖုန်းဘဏ်လုပ်ငန်းဆိုင်ရာများ စတင်ဆောင်ရွက်နိုင်ပြီ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ၌ ပထမဆုံး မိုဘိုင်းဖုန်း ဘဏ်လုပ်ငန်းဆိုင်ရာများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပြီး အဆိုပါ ဘဏ်လုပ်ငန်းဆိုင်ရာများကို ပြည်သူအကျိုးပြုအနေဖြင့် စတင်အကောင်အထည်ဖော်လုပ်ဆောင်ပေးမည့် CB ဘဏ်မှ Executive Vice-Chairman ဦးကျော်လင်းက ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက အဆိုပါဘဏ်ရုံးချုပ်၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

မြန်မာနိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာပိုင်းဆိုင်ရာကအစ ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများကို ပြည်သူအကျိုးပြုလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်မြှင့်လုပ်ဆောင်ပေးလျက်ရှိရာ ပြည်သူများ ဘဏ်လုပ်ငန်းဆိုင်ရာများကို ခေတ်နှင့်လျော်ညီစွာ အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ပထမဦးဆုံး မိုဘိုင်းဖုန်း ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို CB ဘဏ်က ဇန်နဝါရီ ၂ ရက်မှစ၍ ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် စတင်အကောင်အထည်ဖော်လုပ်ဆောင်ပေးနေပြီ ဖြစ်သည်။

"ကျွန်တော်တို့ ဒီမိုဘိုင်းဖုန်း ဘဏ်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာများကို ဒီနေ့ပဲ စတင်အကောင်အထည်ဖော်လုပ်ဆောင်ပေးနေပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မည်သည့် CB ဘဏ်မဆို စာရင်းစတင်ဖွင့်ပြီး အသုံးပြုနိုင်ပါပြီ။ အဓိက ရည်ရွယ်ချက်ကတော့ ဘဏ်နဲ့ အလှမ်းဝေးတဲ့ နေရာဒေသတွေမှာ ငွေကြေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေစေဖို့နဲ့ ဘဏ်လုပ်ငန်းဆိုင်ရာများ ပြည်သူတွေခေတ်မီပြောင်းလဲသုံးစွဲနိုင်ဖို့ လုပ်ဆောင်ခဲ့တာပါ။ အဲဒီဒေသတွေမှာ ကျွန်တော်တို့ဘဏ်နဲ့ အကျိုးတူပူးပေါင်းနိုင်တဲ့ ကိုယ်စားလှယ်တွေကို ထားပေးမှာပါ။ အဲဒီကိုယ်စားလှယ်တွေလည်း ပြည်တွင်းမှာရှိတဲ့ မည်သည့် CB ဘဏ်မဆို ဒီနေ့ပဲ စတင်လျှောက်ထားနိုင်ပါပြီ" ဟု CB ဘဏ်မှ Executive Vice Chairman ဦးကျော်လင်းက ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်း ဘဏ်လုပ်ငန်းဆိုင်ရာများကို အသုံးပြုလိုသူများသည် ဘဏ်တွင် ငွေစုစာရင်းဖွင့်လှစ်ထားရှိရမည် ဖြစ်သည်။ မိမိထည့်သွင်းထားသော ငွေပမာဏအတွက် လစဉ်အတိုးနှုန်းများ ပုံမှန်ရရှိမည်ဖြစ်ပြီး ငွေလွှဲ ငွေထုတ်ရာတွင်လည်း ယခင်မူအတိုင်းဘဏ်က သတ်မှတ်ထားသည့် ငွေလွှဲခနှုန်းအတိုင်းသာ ပေးဆောင်ရမည်ဖြစ်သည်။ မိမိကိုင်ဆောင်သည့် မိုဘိုင်းဖုန်းပေါ်တွင် ငွေလွှဲနှုန်းများ၊ အပ်ငွေအတိုးနှုန်းများနှင့် မိမိဆောင်ရွက်မည့် ဘဏ်လုပ်ငန်းဆိုင်ရာအားလုံးကို ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်မည် ဖြစ်သည်။ မိုဘိုင်းဖုန်း ဘဏ်ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် အချင်းချင်း ငွေလွှဲပေးပို့ခြင်း၊ မိမိနှင့် အကျိုးတူဆောင်ရွက်မည့်လုပ်ငန်းရှင်ကို မှတ်ပုံတင်ခြင်း၊ သက်ဆိုင်ရာလုပ်ငန်းအသီးသီးနှင့် ဌာနဆိုင်ရာများကို ငွေလုပ်ငန်းဆိုင်ရာများ ထုတ်ယူခြင်း၊ ပေးပို့ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် မိုဘိုင်းဖုန်းဖြင့် ငွေပေးရန်ရပ်ဆိုင်းခြင်း၊ ချက်လက်မှတ်စစ်ဆေးခြင်း၊ ချက်စာအုပ်အသစ် တောင်းဆိုခြင်းနှင့် လစဉ်ပေးချေရမည့် ငွေပေးအမိန့်များ ဆောင်ရွက်ပေးခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်သည်။

ယနေ့ခေတ် ပြည်သူများ မိုဘိုင်းဖုန်းဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများကို ခေတ်နှင့်အညီ ပြောင်းလဲလုပ်ဆောင်ခြင်းဖြင့် အသေးစားစီးပွားရေးလုပ်ငန်းပြုလုပ်သူများအတွက် အချိန်ကုန်လူပန်း သက်သာစေပြီး နေ့စဉ် ဘဏ်လုပ်ငန်းဆောင်တာများ ပျက်ကွက်စရာမလိုဘဲ ငွေကြေးစီးဆင်းမှုများကို စီမံခန့်ခွဲနိုင်ရုံသာမက လွယ်ကူ၊ လျင်မြန်၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ မိုဘိုင်းဖုန်းဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အသုံးပြုရမှုမှာ လုံခြုံစိတ်ချရပြီး ရိုးရှင်းလွယ်ကူလှသည့်အပြင် အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ငွေလွှဲ ပေးပို့ /ထုတ်ယူပြီးပါကလည်း အီးမေးလ်မှအချက်ပြခြင်းနှင့် ဖုန်းမက်ဆေ့ဖြင့် အချက်ပြခြင်းတို့ ထည့်သွင်းထားသဖြင့် သုံးစွဲသူပြည်သူများ အဆင်ပြေလွယ်ကူမည် ဖြစ်သည်။

မိုဘိုင်းဖုန်းဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာများကို အသုံးပြုရာတွင် မည်သည့်ဖုန်းအမျိုးအစားကိုမဆို အသုံးပြုနိုင်၍ ပထမဦးဆုံးအနေဖြင့် ဘဏ်တွင် စာရင်းဖွင့်ရမည်ဖြစ်ပြီး စာရင်းဖွင့်ရာတွင်လည်း ငွေကျပ် သုံးထောင်ဖြင့် မိမိကိုင်ဆောင်သော မိုဘိုင်းဖုန်းနှင့် မှတ်ပုံတင်တို့ကို ယူဆောင်ပြသပြီး ဖွင့်လှစ်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ပထမဦးဆုံးအဖြစ် စတင်လုပ်ဆောင်မည့် မိုဘိုင်းဖုန်း ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်သူအကျိုးပြု ဆောင်ရွက်မှုလုပ်ငန်းကို ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Temenos Banking Software ကုမ္ပဏီ၏ နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုထားသည့် ဆော့ဖ်ဝဲဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

မုန်တိုင်းငယ် သီရိလင်္ကာကမ်းခြေ ဝင်ရောက်မည်ဟုခန့်မှန်း

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သီရိလင်္ကာနိုင်ငံ ထရာကိုမာလီမြို့၏ မြောက်-အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ အရှေ့တောင်ဘက်မိုင် ၁၃၅မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ၇၅၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(မိုး/ဇလ)**

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်း သတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ စာတည်းအဖွဲ့

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကြည့်မြင်တိုင်အထက(၁) မြဝတ်ရည်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး ဖတ်ကြားစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော် ဖတ်ကြားစဉ်။ စိုင်း(သီပေါ)

လားရှိုးမြို့၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

လားရှိုး ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က နန်းဟောဝန်ပန်းခြံရှိ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျောက်တိုင်တွင် အလံတင်အခမ်းအနားကျင်းပပြီး နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို လားရှိုးမြို့ မြို့တော်ခန်းမ၌ နံနက် ၇ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က ဖတ်ကြားသည်။ **ဇော်လွင်(လားရှိုး)**

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

နောင်ချို ဇန်နဝါရီ ၅

နောင်ချိုမြို့နယ်အတွင်း အစိုးရရုံးအဆောက်အအုံများ ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့်ပစ္စည်းများ၊ လူနေအိမ်များ မီးလောင်ဆုံးရှုံးမှုများ လုံးဝမဖြစ်ပွားစေရေးအတွက် နောင်ချိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁ ရက်ညက အသံချဲ့စက်ဖြင့် သတိပေးလိုက်လံနှိုးဆော်ကြသည်။ နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးသရုပ်ပြလေ့ကျင့်ခြင်း၊ မီးလက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ကြွခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

နောင်ချိုမြို့နယ်၌ လူနေရပ်ကွက်အိမ်များ၊ အဆောက်အအုံများ ယမန်နှစ်ကထက် ယခုနှစ်ပိုမိုတိုးချဲ့ဆောက်လုပ်ထားကြသဖြင့် အရန်မီးသတ်တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းပေးကြရန် ဒေသခံပြည်သူများ၏ ပြောဆိုသံများ ကြားသိရသည်။ **(ဝ၆၁)**

ပြည်တွင်းသတင်းနှင့်နိုင်ငံတကာအားကစား

ခက်ခဲဦးမယ့် နာပိုလီနဲ့ ခြေကုန်ထုတ်ရမယ့် အင်တာမီလန်

မိုးမြင့်လင်းလက်

စီးရီးအေပွဲစဉ် (၁၈)ကို ဇန်နဝါရီ ၆ ရက် ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်လို့ နာမည်ကြီးအသင်းတွေ ပြိုင်ဘက်ကောင်းတွေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ နာပိုလီ၊ အင်တာမီလန်တို့ အခြေအနေကောင်းတွေရရှိဖို့အတွက် အိတ်သွန်ဖာမှောက်ကစားရမယ့်ပွဲတွေအဖြစ် မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

နာပိုလီနှင့် ဆမ်ဒိုးရီးယား

အိမ်ကွင်းမှာ ရလဒ်ကောင်းအောင်ကြိုးစားနေတဲ့ နာပိုလီဟာ ဆမ်ဒိုရီးယားကို အနိုင်ကစားပါလိမ့်မယ်။ အိမ်ကွင်းမှာ ဆမ်ဒိုးရီးယားနဲ့ ဆုံတိုင်း နာပိုလီတို့ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်တာမို့ ဒီပွဲမှာ မှတ်တမ်းကောင်း ဆက်လက်ရေးထိုးနိုင်ဖို့ ကြိုးစားမှာသေချာပါတယ်။ တိုက်စစ်အားကောင်းတဲ့ နာပိုလီဟာ ဒီပွဲမှာ တုံ့ပြန်မှုမာကျောမယ့် ဆမ်ဒိုးရီးယားကို ခက်ခက်ခဲခဲတော့ ကျော်ဖြတ်ရမှာဖြစ်ပေမယ့် နာပိုလီအတွက် သုံးမှတ်ထပ်တိုးမယ့်ပွဲပါပဲ။

လာဇီယိုနှင့် အင်တာမီလန်

နှစ်သင်းစလုံး ခြေစွမ်းအတက်အကျရှိနေတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိပါလိမ့်မယ်။ အင်တာမီလန်တို့ အဝေးကွင်းမှာ ခြေစွမ်းပြနိုင်တာမို့ လာဇီယိုအတွက် သိပ်တော့မလွယ်ပါဘူး။ လာဇီယိုအတွက် ဒီပွဲမှာ အင်တာမီလန်ကို ခြေရည်တူကစားနိုင်စွမ်းရှိပေမယ့် ရလဒ်အတွက်တော့ မြင့်မြင့်မားမားမျှော်မှန်းလို့ မရနိုင်ပါဘူး။ အင်တာမီလန်အတွက် အမှတ်ပြည့်ရနိုင်ပါလိမ့်မယ်။

ပါးမားနှင့် တိုရီနို

ပါးမားဟာ သရေပွဲများနေတာမို့ တိုရီနိုနဲ့ ကစားရမယ့် ဒီပွဲမှာလည်း ရလဒ်ကညီမျှခြင်းတူသွားနိုင်တဲ့ အခြေအနေပါပဲ။ တိုရီနိုတို့က မာမာတင်းတင်း ကစားတတ်ပြီး အသင်းလိုက် ကစားပုံလည်းကောင်းတာမို့ ဒီပွဲမှာ နှစ်သင်းစလုံးခြေကုန်ထုတ်ကြရမယ့် အနေအထားဖြစ်ပါတယ်။ နိုင်ပွဲတွေဆက်တိုက်ယူနေတဲ့ တိုရီနိုတို့အတွက် အမှတ်မျှော်လင့်နိုင်တဲ့ပွဲဖြစ်ပါတယ်။

အေစီမီလန်နှင့် အတ္တလန်တာ

အေစီမီလန်တို့ ကြိုးစားရင်တော့ အမှတ်ပြည့်ရနိုင်တဲ့ပွဲအဖြစ် ပုံဖော်နိုင်ပါလိမ့်မယ်။ အေစီမီလန်ဟာအမှတ်ပြည့်ရယူဖို့ လိုအပ်နေပြီး ဖိအားတွေလည်းများနေတာမို့ ဒီပွဲမှာ အနိုင်ရဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ အေစီမီလန်တို့ အမာခံကစားသမားတွေ အကုန်ထုတ်ပြီး ရင်ဆိုင်မယ်ဆို နိုင်ပွဲကို သယ်ဆောင်ပါလိမ့်မယ်။

အူဒီးနိစ်နှင့် ဗီရိုနာ

အူဒီးနိစ်ဟာ အိမ်ကွင်းဆိုပေမယ့် အနိုင်ရလဒ်အတွက် မသေချာပါဘူး။ ဗီရိုနာဟာ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်ကို ဂိုးပြတ်သွင်းပြီး အနိုင်ယူထားတာမို့ အူဒီးနိစ်တို့ ပေါ့ပေါ့ဆဆ ကစားလို့မရနိုင်ပါဘူး။ အူဒီးနိစ်ဟာ ခြေစွမ်းကောင်းမွန်တဲ့ အသင်းဖြစ်တာမို့ ရလဒ်မဆိုးရွားအောင် ထိန်းပြီး ကစားမယ့်ပွဲပါပဲ။

လာလီဂါ၊ စီးရီးအေ ပွဲစဉ်များ နှင့် ဂိုးရလဒ်များ

သီဟ

စပိန်လာလီဂါ ပွဲစဉ်-၁၈ — ဇန်နဝါရီ ၇

ရီးရဲမက်ဒရစ်	-	ဆယ်လ်တာဗီဂို	နံနက် ၀၀း၃၀
ဗယ်လက်ကာနို	-	ဗီလာရီးရဲလ်	နံနက် ၃း၃၀

အီတလီစီးရီးအေ ပွဲစဉ်-၁၈ — ဇန်နဝါရီ ၆

နာပိုလီ	-	ဆမ်ဒိုးရီးယား	ညနေ ၆း၃၀
ကာတာနီးယား	-	ဘိုလော့ဂ်နာ	ည ၈း၃၀
ဂျီနိုအာ	-	ဆက်ဆူအိုလို	ည ၈း၃၀
အေစီမီလန်	-	အတ္တလန်တာ	ည ၈း၃၀
ပါးမား	-	တိုရီနို	ည ၈း၃၀
အူဒီးနိစ်	-	ဗီရိုနာ	ည ၈း၃၀
လာဇီယို	-	အင်တာမီလန်	ည ၁၂း၀၀

ဇန်နဝါရီ ၄/၅ ဂိုးရလဒ်များ

မာလာဂါ	၀-၁	အက်သလက်တီကို
ဗယ်လာဒိုလစ်	၀-၀	ဘက်တစ်
ဗလင်စီယာ	၂-၀	လီဗန်တေး
အယ်လ်မာရီးယား	၃-၀	ဂရန်နာဒါ
ဘလက်ဘန်း	၁-၁	မန်စီးတီး
ဆောက်သမ်တန်	၄-၃	ဘန်လေ
နယူးကာဆယ်	၁-၂	ကာဒစ်ဖ်
ဆောက်သမ်းယူနိုက်တက်	၄-၁	မီဝေါလ်
မစ်ဒယ်ဘရော့	၀-၂	ဟားလ်စီးတီး
ဝက်စ်ဘရွန်း	၀-၂	ပဲလေ့စ်
စတုတ်	၂-၁	လက်စတာ
နော့ဝှစ်ချ်	၁-၁	ဖူလ်ဟမ်
အက်စ်တွန်ဗီလာ	၁-၂	ရှက်ဖ်ဖီးယူနိုက်တက်
အဲဗာတန်	၄-၀	ကျူပီအာ

ဘရစ္စဘိန်းဖလား ဆီရီနာဝီလျံဆွတ်ခူး

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံက ဘရစ္စဘိန်းအင်တာနေရှင်နယ်တင်းနစ်ပြိုင်ပွဲတွင် ဗစ်တိုးရီးယားအဇာရင်ကာကို ၆-၄၊ ၇-၅ ဖြင့် နိုင်ပြီး ၎င်း၏ ချန်ပီယံဖလားကို ကာကွယ်လိုက်သည်။ ၂၀၁၃ ခုနှစ်အတွင်း ဖလား ၁၁ လုံးဆွတ်ခူးခဲ့သော အသက် ၃၂ နှစ်ရှိ ဆီရီနာဝီလျံသည် ဒုတိယပွဲငယ်တွင် ဆာဗင်နှစ်ကြိမ်ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ၉၈ မိနစ်ကြာ ကစားပြီးနောက် တတိယအကြိမ် ယင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအနိုင်ပွဲသည် အဇာရင်ကာနှင့် ၁၇ ကြိမ်ဆုံတွေ့ခဲ့ရာ ၁၄ ကြိမ်မြောက် အနိုင်ပွဲဖြစ်သည်။

ဘလက်ဘန်းနှင့် မန်စီးတီး ပြန်ကန်ရမည်

ဘလက်ဘန်းနှင့်မန်စီးတီးတို့ အက်ဖ်အေဖလားပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ အပြန်အလှန်သွင်းယူခဲ့၍ ပြန်ကန်ပွဲအဖြစ် ကစားရမည်ဖြစ်သည်။ အက်စ်တွန်ဗီလာနှင့် ပထမတန်းကလပ် ရှက်ဖ်ဖီးယူနိုက်တက်တို့ ပွဲတွင် ရှက်ဖီးကနှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ ပထမတန်း တန်းဆင်းဇုန်ရောက် ရှက်ဖ်ဖီးအတွက် အနိုင်ဂိုးကို ဖလန်းက သွင်းယူခဲ့သည်။

အက်ဖ်အေပြိုင်ပွဲ အာဆင်နယ်က စပါးကိုနိုင်

အက်ဖ်အေဖလား တတိယအကျော့ပြိုင်ပွဲတွင် အာဆင်နယ်က စပါးကို နှစ်ဂိုးပြတ်ဖြင့် နိုင်သည်။ အာဆင်နယ်၏ အဖွင့်ဂိုးကို ကာဇိုလာက အိမ်ရှင်အတွက် ပထမပိုင်းမပြီးမီသွင်းယူသည်။ ဒုတိယအနိုင်ဂိုးကို ရိုဆစ္စကီးက ဒန်နီရိုစ်၏ အမှားမှတစ်ဆင့်သွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့ အနိုင်ဂိုးနှစ်ဂိုးသွင်းလိုက်သဖြင့် ဒုတိယပိုင်းတွင် စပါးကိုအသာစီးရယူကာ ကစားနိုင်သည်။ ပွဲပြီး ခါနီးတွင် အာဆင်နယ်တိုက်စစ်မှူးဝေါလ်ကော့ ဒဏ်ရာရပြီး ထွက်သွားခဲ့ရသည်။

သို့ရာတွင် အာဆင်နယ်ကစားသမားသုံးဦးလူစားလဲပြီးဖြစ်၍ လူစားဝင်မရသဖြင့် ၁၀ ဦးတည်းနှင့်ပွဲပြီးသည်အထိ ကစားခဲ့ရသည်။ စပါးနည်းပြသစ်ရှားဝုဒ်အနေဖြင့် ရှုံးပွဲကြုံတွေ့ရပြီဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ထိုင်းငါးဖမ်းစက်လှေတွင်ရောင်းစားခံထားရသူ မြန်မာနှစ်ဦးကို ကယ်တင်နိုင်

ဗန်ကောက် ဇန်နဝါရီ ၅

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် အစ်မဖြစ်သူက အကူအညီတောင်းသဖြင့် ထိုင်းငါးဖမ်းစက်လှေပေါ်တွင် တစ်နှစ်ကြာရောင်းစားခံနေရသူ မြန်မာအလုပ်သမားနှစ်ဦးအား ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT (Myanmar Association in Thailand) နှင့် ပူးပေါင်းဆောင်ရွက်သူများက ကယ်တင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်က မြန်မာနိုင်ငံအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ (မြဝတီ)သို့ ပို့ဆောင်ပေးလိုက်ပြီ ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာများအဖွဲ့မှ သိရသည်။

ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ စင်ကာပူတွင် အလုပ်လုပ်ကိုင်နေသည့် အစ်မဖြစ်သူ မနီလာဝင်းက ဖုန်းဆက်၍ နေပြည်တော် အလုပ်သမားဝန်ကြီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ကြောင်း သိရပြီး ထိုမှတစ်ဆင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ အကူအညီတောင်းခဲ့၍ MAT အဖွဲ့သို့ အကူအညီတောင်းခံခဲ့ခြင်းဖြစ်သည်။ MAT အဖွဲ့က ထိုင်းတောင်ပိုင်း အခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED နှင့် ညှိနှိုင်းလျက် ဗန်ကောက်မြို့ တောင်ဘက် ကီလိုမီတာ ၈၀ ကျော်အကွာ၌ရှိသော ခြိုဘူရီခရိုင် ချောင်းစမေးစံ လှေဆိပ်မှ လှေအမှတ်(၂၂) ပေါ်တွင် တစ်နှစ်ကြာ ရောင်းစားခံနေရသည့် ပဲခူးတိုင်းဒေသကြီးမှ ကိုကျော်သူရထွန်းနှင့် ကိုကျော်မိုးလွင်တို့အား MAT အဖွဲ့က ဒီဇင်ဘာ ၂၃ ရက်တွင် သွားရောက်ကယ်ထုတ်ခဲ့ခြင်းဖြစ်သည်။

လွတ်မြောက်လာသည့် ကိုကျော်သူရထွန်းက "၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်က နာနတ်သီးစက်ရုံမှာ အလုပ်ရမယ်လို့ပြောပြီး မြဝတီမှ ပွဲစားက ငါးဖမ်းလှေကို ရောင်းစားလိုက်တာပါ။ တစ်နှစ်တိုင်တိုင် လုပ်အားခမရဘဲ မွန်အမျိုးသား ပိုက်ဆရာဆီမှာ အရိုက်အနှက်ခံ၊ အဆဲဆိုခံပြီး လုပ်ခဲ့ရတာ။ ကျွန်တော်တို့လို ရောင်းစားခံနေရသူတွေ ပင်လယ်ထဲမှာ တစ်ပုံကြီးပဲ။ ကူညီပေးကြပါ" ဟု ၎င်း၏ခံစားချက်ကို ဖွင့်ပြောခဲ့ကြောင်း သိရသည်။

တစ်နှစ်အကြာ လူကုန်ကူးခံနေခဲ့ရသည့် အလုပ်သမားနှစ်ဦးအား မြန်မာသံရုံးမှ ထောက်ခံစာနှင့်အတူ MAT အဖွဲ့က ဇန်နဝါရီ ၁ ရက်က မြဝတီမြို့ရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "ထိုင်းငါးဖမ်းလှေတွေပေါ်မှာ လူကုန်ကူးခံနေရတဲ့ မြန်မာအလုပ်သမားတွေသောင်းနဲ့ သိန်းနဲ့ရှိနိုင်ပါတယ်။ အင်ဒို(အင်ဒိုနီးရှား)လှေတွေမှာလိုက်နေရတဲ့ မြန်မာတွေဆိုရင် ခြောက်နှစ်လောက် ကမ်းကိုကပ်ခွင့်မရဘူး။ ကျွန်တော်တို့ကို ဆက်သွယ်လို့ ရတာတွေလောက်ပဲ ကျွန်တော်တို့အဖွဲ့က ကယ်ထုတ်လို့ရတာပါ။ ရောင်းစားခံနေရတဲ့ မြန်မာတွေအားလုံး လွတ်မြောက်နိုင်မယ့် နည်းလမ်းကို ကျွန်တော်တို့သိပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ဟာ အစိုးရတစ်ရပ်မဟုတ်တာကြောင့် အကောင်အထည်ဖော်ခွင့်မရှိဘူး။ ကုလသမဂ္ဂ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ UNIAP နဲ့ မြန်မာအစိုးရလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တာဝန်ရှိသူတွေကိုတော့ အကြံပြုပြောခဲ့ဖူးပါတယ်" ဟု ပြောကြားသည်။

MAT သည် ၂၀၁၃ ခုနှစ်အတွင်း မှစ၍ ယခုကယ်တင်မှုအထိ လူကုန်ကူးမှုနှိမ်နင်းခြင်း ၄၁ ကြိမ် ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံအတွင်း ရောင်းစားခံနေရသည့် မြန်မာအလုပ်သမားပေါင်း ၂၆၁ ဦးတို့ကို ကယ်တင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုအထဲတွင် တစ်နှစ်မှ ကိုးနှစ်အထိ လိင်အလုပ်သမရောင်းစားခံနေရသည့် မြန်မာအမျိုးသမီး ၁၀ ဦးအပါအဝင် အမျိုးသမီး စုစုပေါင်း ၅၆ ဦး ပါဝင်ကြောင်း သိရပြီး လာအိုအမျိုးသမီး ၂၀ နှင့် အမျိုးသား လေးဦးတို့လည်း ပါဝင်ကြောင်းသိရကာ လူကုန်ကူးသူပေါင်း ၂၃ ဦးနှင့် လုပ်ငန်းရှင် နှစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာများအဖွဲ့က ထုတ်ပြန်ခဲ့သည်။

အထူးသဖြင့် ယခင်ဗန်ကောက်မြို့တောင်ဘက် ကီလိုမီတာ ၈၅၀ ခန့်အကွာတွင်ရှိသော ကတန်မြို့ ငါးဖမ်းလှေဆိပ်တွင် နှစ်ပေါင်းများစွာ လူသတ်၊ အဓမ္မပြုကျင့်နေသည့် မြန်မာလူကုန်ကူးဂိုဏ်းကြီးတစ်ခုကို ထိုင်းအစိုးရ၊ မြန်မာအစိုးရတို့နှင့်အတူ MAT အဖွဲ့တို့က ပူးပေါင်းနှိမ်နင်းနိုင်ခဲ့ပြီး ဂိုဏ်းခေါင်းဆောင်အား ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ AHTD မှ လက်ဖြောင့်သေနတ်သမားက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

စိုးဝင်း(SP)

ရွှေဘုန်းပြည် ခရီးသွားလုပ်ငန်း
အိန္ဒိယဗုဒ္ဓဂယာ ဉသိန်း ၁၅ရက်
ဘန်ကောက် 650USD ၆ရက်
ဘန်ကောက်+ကမ္ဘောဒီးယား 900USD ၆ရက်
SPECIAL PROMOTION Jan 14,23 650USD 4D/3N

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

RUBY
09-51-77212, 835100

ကံကောင်း
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

စာအုပ်စာပေ
လူ့မိတ်ဆွေ

SUCCESS LANGUAGE ACADEMY
Basic English Speaking
Vocab Enrichment
Basic Grammar
Four Skills English (Basic)
Basic Writing
IELTS Four Skills
Pre-Intermediate
IELTS Exam Practice
IELTS Speaking
Intermediate
IELTS Reading
Intermediate Writing
IELTS Writing

SUCCESS MARITIME ACADEMY
DMA
2nd Mate (O.O.W Class III)
Chief Mate Class II
Martins English
5:30-7:30 (Mon to Fri) Jan 27

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ယမန်နေ့မှအဆက်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဝါးခယ်မမြို့နယ်၊ ဘီလ်တောင်းခံရာတွင် ဆက်သွယ်ရေးမှတောင်းခံသည့်အတိုင်း ပေးဆောင်နေရပါသည်။ အမှန်သုံးစွဲသည်ထက် ပိုမိုပေးဆောင်နေရသည်ဟု ထင်မြင်ယူဆမိပါသဖြင့် ဘီလ်မဆောင်သောအခါ ဖုန်းပိတ်သွားပါသည်။ ဖုန်းပိတ်ထားသောကာလများအတွက် ဖုန်းပြောခများ ကျသင့်နေပါသဖြင့် အဆိုပါကိစ္စအား စိစစ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဖြစ်နိုင်ပါက Prepaid စနစ် ဆောင်ရွက်ပေးပါရန်နှင့် နောက်ပိုင်း နိုင်ငံခြားအော်ပရေတာများ ဝင်ရောက်လာပါက ယှဉ်ပြိုင်နိုင်ရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ဖုန်းပိတ်ထားသော်လည်း ဘီလ်ကျနေခြင်းနှင့် စပ်လျဉ်း၍ လစဉ် ၅၀၀ ဝန်ဆောင်ခကျသင့်နေခြင်းဖြစ်ပါသည်။ မသမာမှုများလည်း ရှိနိုင်ပါသည်။ ဖုန်းနံပါတ်နှင့် အချိန်ကာလကို သိရှိပါက ပြန်လည်စစ်ဆေးဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့်လည်း လစဉ်၊ လဆန်းရက်တိုင်း ဘီလ်ထုတ်ဆင့်နိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပါသည်။ ဘီလ်ထုတ်ဆင့်ချိန် ကြာမြင့်ခြင်းနှင့် စပ်လျဉ်း၍ ဥပမာအားဖြင့် မြောင်းမြအော်တိုအိတ်ချိန်းမှ သက်ဆိုင်ရာဖုန်းမှ ပြည်တွင်း၊ မြို့တွင်းခေါ်ဆိုသည့် အချက်အလက်များနှင့် International Exchange ပြည်ပခေါ်ဆိုမှုအချက်အလက်များကို စုစည်း၍ ရန်ကုန်မြို့ရှိ ဘီလ်စင်တာသို့ ပို့ရပါသည်။ ဘီလ်စင်တာတွင် အချက်အလက်များအား စုစည်း Sorting လုပ်၍ Print ထုတ်ပြီး ဘီလ်စာရွက်အား မြောင်းမြသို့ပို့ဆောင်၍ ထိုမှတစ်ဆင့် သက်ဆိုင်ရာသုံးစွဲသူထံသို့ ကျသင့်ဘီလ် ပို့ဆောင်ရခြင်းဖြစ်ပါသည်။ ယခင်က စာတိုက်မှ ပို့ဆောင်ရခြင်းဖြစ်ပါသည်။ ယခုနောက်ပိုင်းတွင် လျင်မြန်စေရန် လုံခြုံစိတ်ချရသော Internet စနစ်ဖြင့် သက်ဆိုင်ရာမြို့သို့ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ မော်လမြိုင်ကျွန်းမြို့နယ်၊ တန်ဖိုးနည်း ၁၅၀၀ ကျပ်တန်ဖုန်း 800 CDMA ဖုန်းလိုင်းမှာ လျှပ်စစ်မီးရရှိချိန်တွင် ဆက်သွယ်ရရှိပြီး လျှပ်စစ်မီးမရရှိပါက သက်ဆိုင်ရာမှ စက်သုံးဆီထောက်ပံ့ပေးခြင်း မရှိပါ၍ ဆက်သွယ်မှုများပြတ်တောက်နေမှုအား အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်ရန် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ MECTel CDMA-800 MHz မိုဘိုင်းဖုန်းကိစ္စနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ ၂၄ နာရီ ဆက်သွယ်မှုရရှိစေရေး အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ လပွတ္တာမြို့နယ်၊ ကြိုးဖုန်းနှင့်ပတ်သက်၍ ကတ်တစ်ကတ်တွင် လိုင်းရှစ်လိုင်းပါသည်ဟု သိရှိရပါသည်။ အချို့ကတ်များမှာ နှစ်လိုင်းမကောင်း၊ သုံးလိုင်းမကောင်းသဖြင့် ၁၀ သိန်းခန့် အကုန်ကျခံ၍ ပြုပြင်ပေးနေရခြင်းအား စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ကြိုးဖုန်းလိုင်းကတ် အပျက်များနှင့် စပ်လျဉ်း၍ ယခုဘဏ္ဍာရေးနှစ်အတွင်းလိုအပ်မည့် အရန်လိုင်းကတ်များအား ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လောလောဆယ်အနေဖြင့် ရုံးချုပ်မှ အရန်လိုင်းကတ်များ ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ မြောင်းမြမြို့နယ်၊ မြောင်းမြ-လပွတ္တာလမ်းအပိုင်းတွင် လမ်းပြုပြင်တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ လမ်းနယ်နိမိတ်များပြုပြင်ခြင်း၊ မြေပြင်ခြင်းများ ဆောင်ရွက်နိုင်ရန် မြေတူးစက်၊ တွန်းစက်များ လိုအပ်သည့်အတွက် တစ်စီးစီချထားပေးပါရန်မေးမြန်းချက်နှင့်ပတ်သက်၍ မြောင်းမြ-လပွတ္တာလမ်းအပိုင်းတွင် လမ်းပြုပြင်တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ လမ်းနယ်နိမိတ်များပြုပြင်ခြင်း၊ မြေပြင်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် Grader တစ်စီးနှင့် Back Hole အသေးတစ်စီး ရောက်ရှိဆောင်ရွက်နေပြီး လုပ်ငန်းပမာဏ ထပ်မံများပြားလာခဲ့သည့်အချိန်တွင် စက်ယန္တရားအင်အား ထပ်မံဖြည့်တင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ လပွတ္တာမြို့နယ် လပွတ္တာ-မြောင်းမြလမ်း ၄၆ မိုင် ၂ ဖာလုံအား ကတ္တရာအဆင့်အထိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ လပွတ္တာ-မြောင်းမြလမ်းအပိုင်းသည် (၄၆ မိုင် ၂ ဖာလုံ)ရှိပြီး ကတ္တရာလမ်း (မိုင် ၂၀၊ ၆ ဖာလုံ)နှင့် အမာခံလမ်း(၂၅ မိုင် ၄ ဖာလုံ)ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်(ပြည်ထောင်စု)ရန်ပုံငွေ သန်း ၇၅၀ ဖြင့် ၁၂ ပေအကျယ် ကတ္တရာလမ်း (၅ မိုင် ၃ ဖာလုံ)ဆောင်ရွက်မည်ဖြစ်သည်။ ကျန်ရှိသည့် (၁၇ မိုင် ၇ ဖာလုံ)အား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ လပွတ္တာမြို့နယ် လပွတ္တာ-ကံကုန်းကားလမ်းကို ခရီးသည်တင်ယာဉ်များ ရာသီမရွေးသွားလာနိုင်ရေးအတွက် ခွင့်ပြုပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ လပွတ္တာ-ကံကုန်းကားလမ်းပိုင်းမှာ ခရီးသည်တင်ကားများအား ရာသီမရွေး သွားလာနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် သတ်မှတ်ထားသော ကန့်သတ်တန်ချိန်အတိုင်း သွားလာနိုင်ရေးအတွက် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ

ကန္ဒရဝတီမြို့မော်ကွန်းတိုင် မြေနေရာတွင် ပန်းဥယျာဉ်ပြုလုပ်

လွိုင်ကော် ဇန်နဝါရီ ၅

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် ကန္ဒရဝတီလမ်းဘေးရှိ ကန္ဒရဝတီမြို့ မော်ကွန်းတိုင်တည်ရှိရာ မြေကွက်လပ်ကို ကန္ဒရဝတီမြို့ မော်ကွန်းတိုင်ပန်းဥယျာဉ်အဖြစ် ပြုလုပ်ထားကြောင်း သိရသည်။

ယခင်က ထိုမြေကွက်လပ်၌ စည်ပင်သာယာရုံးတည်ရှိခဲ့ပြီး စည်ပင်သာယာရုံးမှာ ဈေးပိုင်းရပ်ကွက်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ယင်းအဆောက်အအုံ၌ သံဃာ့ဆေးခန်းဖွင့်လှစ်ခဲ့သည်။ သံဃာ့ဆေးခန်းမှာလည်း မင်္ဂလာရပ်ကွက် မင်္ဂလာပော်ကြီးကျောင်းအနီးသို့ ပြောင်းရွှေ့သွားခဲ့ပြီး ယင်းအဆောက်အအုံကို ဖျက်သိမ်းခဲ့သည်။ ယင်းနောက် ထိုမြေနေရာတွင် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမရှိဘဲ နှစ်ကာလအတန်ကြာသည်အထိ မြေကွက်လပ်ကြီးအဖြစ် တည်ရှိနေခဲ့သည်။ ယခုအခါ ထိုမြေနေရာတွင် ပန်းဥယျာဉ်အဖြစ် ပြုလုပ်ထားပြီဖြစ်သည်။

စိုက်ထူ

ကန္ဒရဝတီမြို့ မော်ကွန်းတိုင်ကို ၁၈၆၈ ခုနှစ်တွင် စိုက်ထူခဲ့သည်။ မော်ကွန်းတိုင် မူလစိုက်ထူရာနေရာမှာ ယခုလက်ရှိ မော်ကွန်းတိုင်၏ အနောက်ဘက် ကန္ဒရဝတီလမ်းမကြီးနေရာတွင်ဖြစ်သည်။ လွိုင်ကော်-မော်ချီးကားလမ်း (ယခုကန္ဒရဝတီလမ်း)ဖောက်လုပ်ရာတွင် လမ်းမြေနှင့် မလွတ်သဖြင့် ပြောင်းရွှေ့ စိုက်ထူခဲ့သည်။ မူလမော်ကွန်းတိုင်မှာ ရွှေပိန်းချကျွန်းတိုင်ဖြစ်ပြီး ဆွေးမြည့်ပျက်စီးနေပြီဖြစ်၍ မူလပုံစံမပျက်စေဘဲ ကွန်ကရစ်တိုင်အဖြစ် အစားထိုး စိုက်ထူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ မော်ကွန်းတိုင်တည်ရှိရာ မြေနေရာကို ပန်းဥယျာဉ်အဖြစ် ပြုလုပ်ထားပြီဖြစ်၍ ပန်းဥယျာဉ်အတွင်း အပန်းဖြေရင်း လွိုင်ကော်မြို့၏ သမိုင်းဝင် ကန္ဒရဝတီမြို့မော်ကွန်းတိုင်ကို လေ့လာနိုင်ကြမည်ဖြစ်သည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၁)၊ အမှတ်(၁) ထွက်ပါပြီ

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၁)၊ အမှတ်(၁)ကို ဇန်နဝါရီ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ရေထိန်းတံခါးအမျိုးမျိုးနှင့် ၎င်းတို့၏ အကျိုးဆက်များ၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်ကြစို့၊ စပါးလည်းသီး ငါးလည်းကြီး စသည့် စိုက်ပျိုးရေးသတင်းဆောင်းပါးများ၊ မွေးမြူရေးသတင်းဆောင်းပါးများ၊ မိသားစုတိုင်း ဆောင်ထားသင့်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းနှစ်ခု၊ သန့်ရှင်းသောမီးဖိုချောင်ဖြစ်ရန် နည်းလမ်းကောင်း (၉) ချက်၊ ကျန်းမာရေးသတင်းဆောင်းပါးများ၊ အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာသတင်းများ၊ အေးမြသောရင်ခွင်၊ ရှင်းသန့်သောသစ္စာ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

လားရှိုးတက္ကသိုလ်

သတ္တမအကြိမ် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ လားရှိုးတက္ကသိုလ်ကကျင်းပခဲ့သည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများအတွက် လားရှိုးတက္ကသိုလ် သတ္တမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်ပါမည်-

အစမ်းလေ့ကျင့်ရက်

၃၁-၁-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ
(၁) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ+ဒဿနိကဗေဒ)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ+သင်္ချာ+ဘူမိဗေဒ+ရုက္ခဗေဒ)
မွန်းလွဲ ၂း၀၀ နာရီ
(၁) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ+ပထဝီဝင်+သမိုင်း)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့ (ရူပဗေဒ+သတ္တဗေဒ)

ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်

၁-၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ
(၁) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (မြန်မာစာ+ဒဿနိကဗေဒ)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့ (သင်္ချာ)
မွန်းလွဲ ၂း၀၀ နာရီ
(၁) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ+ဘူမိဗေဒ+ရုက္ခဗေဒ)

၂-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ
(၁) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့ (ရူပဗေဒ+သတ္တဗေဒ)
မွန်းလွဲ ၂း၀၀ နာရီ
(၂) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ+ပထဝီဝင်+သမိုင်း)

လျှောက်လွှာတင်သွင်းရမည့်ရက် - ၆-၁-၂၀၁၄ ရက်မှ ၁၅-၁-၂၀၁၄ ရက်အထိ

ဘွဲ့နှင်းသဘင်ကြေး - တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
- အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

(ယခင်ဘွဲ့နှင်းသဘင်များတွင် လျှောက်ထားခဲ့ခြင်းမရှိသေးသူများအနေဖြင့် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။)

၂။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည် တိကျစွာဖော်ပြရမည့်အပြင် တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော နှစ်လက်မ၊ တစ်လက်မခွဲအရွယ်ဓာတ်ပုံသုံးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့် ပူးတွဲလျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်ထားတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များစုံစမ်းသိရှိလိုပါက လားရှိုးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်း-၀၈၂-၂၃၃၇၃

(ဝေမာတင်)
မော်ကွန်းထိန်း
လားရှိုးတက္ကသိုလ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မုံရွာ)
ဓာတ်အားလိုင်းပြုပြင်ခြင်းလုပ်ငန်းအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် တပ်ဆင်ထားရှိသော 11KV/400V Transformer နှင့် ဆက်စပ်ဓာတ်အားလိုင်းများအား ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းအတွက်အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဖုန်း-၀၇၁-၂၃၆၂၈ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ဖုန်း-၀၇၁-၂၃၆၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ဧကာဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ် မြရောခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း ၃၁-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း ၁-၂-၂၀၁၄ရက် (စနေနေ့) နံနက် ၉း၀၀နာရီ

ဧကာဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

(က) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(၁/၂၀၁၂)(နောက်ဆက်တွဲ) ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ
(ခ) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(၁/၂၀၁၃) (ပုံမှန်)ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ
(ဂ) ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ကျန်ရှိသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁½"×၂")ဓာတ်ပုံ သုံးပုံပူးတွဲလျက် ၂-၁-၂၀၁၄ရက်မှ ၁၇-၁-၂၀၁၄ရက်အတွင်း တင်သွင်းကြရမည်။

(ခင်မြတ်မွန်)
မော်ကွန်းထိန်း
အခြေခံကျန်းမာရေးတက္ကသိုလ်
မကွေးမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သုံးခွမြို့၌ ယာဉ်စည်းကမ်းဖောက်ဖျက်နေသော ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁၁)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ကိုက်ညီမှုမရှိသော ဆိုင်ကယ်များကို စိစစ်၍ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးမြင့်ကြိုင် ကြီးကြပ်ကာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ထွန်းထွန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အလုပ်အမှုဆောင်အရာရှိဦးခိုင်ကြည်သာ၊ ည ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများနှင့်အတူ ယာဉ်စည်းကမ်း ဖောက်ဖျက်၍ နှစ်ဦးထက်ပို၍ တင်ဆောင်စီးနင်းခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ ယာဉ်လိုင်စင်များနှင့်ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်းများ ဆောင်ရွက်၍ဖမ်းဆီးရာ ယာဉ်စည်းကမ်းဖောက်ဖျက်ကျူးလွန်သည့် ဆိုင်ကယ် ၂၃ စီး ဖမ်းဆီးရမိခဲ့သဖြင့်သုံးခွမြို့နယ်တရားရုံးသို့ ပို့အပ်၍ နေ့ချင်းပြီးဒဏ်ငွေချမှတ်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၂ ရက် မှ ဇန်နဝါရီ ၃ ရက်အထိ ယာဉ်စည်းကမ်းဖောက်ဖျက် အရေးယူခဲ့သည့် ဆိုင်ကယ်အစီးရေ ၄၂၄ စီးဖြစ်ကြောင်း သိရသည်။

ချစ်စရာ(သုံးခွ)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်

လက်ပံတန်း ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂-လမ်း(မြို့မ)၊ ၂-လမ်း(မင်းရပ်)ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါ ကတ္တရာထပ်ပိုးလွှာလမ်းသစ် ၂-လမ်း(မြို့မ)လမ်းမှာ အရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ စုစုပေါင်းကုန်ကျငွေကျပ် ၉၇ သိန်း ၅ သောင်းဖြစ်ပြီး၊ ၂-လမ်း(မင်းရပ်)လမ်းသစ်မှာ အရှည် ၉၄၃ ပေ၊ အကျယ် ၁၂ ပေ စုစုပေါင်းကုန်ကျငွေကျပ် ၁၂၂ သိန်း ၇ သောင်းအကုန်အကျခံကာ နိုင်ငံတော်ကဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန့်ဇော်ဦး

မြန်မာ့အလင်း စာတည်းထံပေးစာများ

အဝင်အထွက်လမ်းပိတ်နေ၍ ရှင်းလင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် (၈)မိုင်လမ်းဆုံရှိ မြို့ပြအိမ်ရာ(မြောက်ဘက်ခြမ်း)တွင် တည်ရှိသော တိုက်အမှတ်(၂)တွင် အခန်းပေါင်း ၄၇ ခန်းရှိပြီး လှေကားအတက်၊ အဆင်းမှာနှစ်ခုရှိသည်။

ယခုအခါ အဆိုပါတိုက်(၂)၏ လှေကားအတက်၊ အဆင်းအဝင်ဝတွင် ကွမ်းယာဆိုင်၊ စာစောင်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များမှ အမိုးအကာများ၊ ခုံများ၊ ထမင်းဟင်းချက်ပြုတ်ကြော်လှော်သောခုံများ၊ ရေပုံးများ တန်းစီချကာရောင်းချနေကြသည်။ ၎င်းဆိုင်များမှ စားကြွင်းစားကျန်များ၊ အညစ်အကြေးရေဆိုးများ၊ ပလတ်စတစ်အိတ်များ ရေမြောင်းထဲသို့ ပစ်ခြင်း၊ ခွေးများကိုချကျွေးခြင်းတို့ကြောင့် ခွေးများ၏အန္တရာယ်၊ မီးဖိုမှမီးအန္တရာယ်၊ နေ့စဉ်နံနက်မှ ညတိုင်အောင်ခံစားနေရသည်။ ထို့ပြင် တိုက်ဝင်းထဲ၌ ကားစီးရေ ၃၀ ခန့်မှာလည်း နေ့စဉ်ရပ်နားထားသဖြင့် မီးအန္တရာယ်လွန်စွာမှ စိုးရိမ်ဖွယ်ဖြစ်ပါသည်။ ကားအဝင်လမ်း၌လည်း ခုံများ၊ ထီးအမိုးအကာများပါချထား၍ ကားအဝင်အထွက်မလွတ်၍ မကြာခဏ ပြဿနာဖြစ်နေရပါသည်။

သို့ပါ၍ ဆိုင်များအား ရှင်းလင်းပေးပါရန် သက်ဆိုင်ရာသို့တင်ပြပေးပါသည်။

တိုက်ခန်းနေသူများ

ငါးခြစ်လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ရ

ရန်ကုန်အနောက်ပိုင်းခရိုင် မကျီးတန်းမြောက်/ အနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ဌာနာလမ်းနှင့်စကားဝါပင်လမ်း ဗဟိုစံပြငါးဈေးနှင့် ကပ်လျက်ရှိသော အိမ်နောက်ဖေးလမ်းကြားတွင် အဖီတဲများ ဆောက်လုပ်ပြီး အိမ်နောက်ဖေးလူသွားလမ်းများ ပိတ်ဆို့ထားကာ အချိန်ပြည့် ငါးခြစ်လုပ်ငန်းများလုပ်ကိုင်နေသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက မေတ္တာရပ်ခံသော်လည်း လိုက်နာမှုမရှိပါ၊ လမ်းပိတ်ဆို့ထားသောကြောင့် မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက ရပ်ကွက်နေမိသားစုများ ရှောင်တိမ်းရန် အခက်အခဲနှင့် ကြုံရသည်။ ထို့အပြင် ငါးခြစ်လုပ်ငန်းကြောင့် ငါးပုပ်နံ့များ၊ ငါးအညှီနံ့များ နေ့စဉ်နှင့်အမျှ ခံစားနေရပါသဖြင့် ပတ်ဝန်းကျင် နေသူများမှာ မကြာခဏ ကျန်းမာရေးမကောင်း၍ ဆေးကုသနေရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ အဆိုပါလုပ်ငန်းကို အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးစေချင်ပါသည်။

စိုးရိမ်သူ

အင်းမအင်း ရေထိန်းတံခါး ပိတ်ပေးပါရန်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ရှိ အင်းမအင်း၏ ရေထိန်းတံခါးများအားလုံးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလကုန်မှစ၍ ယခုအချိန်အထိ တောက်လျှောက်ဖွင့်ထုတ်ထားသည့်အတွက် အင်းရေကို အမှီပြု၍ ဝမ်းစာရှာဖွေစားသောက်နေရသည့် ရေလုပ်သားများနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးမှုများ ဖြစ်နေရသည်။ သို့ဖြစ်ပါ၍ အင်းအတွင်းမှ ရေများကို တောက်လျှောက်ဖွင့်ထုတ်ပစ်မည့်အစား သင့်လျော်သော ရေပမာဏကို ထိန်းသိမ်း၍ ရေထိန်းတံခါးများ အားလုံးကို အင်းလုပ်သားများ၏ စားဝတ်နေရေးကို ရှေးရှု၍ လည်းကောင်း၊ တောင်သူလယ်သမားများ အကျိုးစီးပွား မပျက်စီးစေရန်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေလုပ်သားများ

ပတ်ဝန်းကျင်ကို ဝေဒနာပေးနေသည့် ကွမ်းယာဆိုင်

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွန့် စံပြရပ်ကွက် ဘယသုဒ္ဓိနှင့် ကောသမ္ဗီလမ်းထောင့် အမက(၁၁) တာမွေမူလတန်းကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ လမ်းဘေးကွမ်းယာဆိုင်သည် နေ့စဉ် နံနက် ၈ နာရီဆိုင်ဖွင့်သည်မှစ၍ တရားခွေနှင့် အစပြုပြီး ဆိုင်ပိတ်ချိန် ည ၉ နာရီကျော်သည်အထိ သီချင်းမျိုးစုံ၊ FMရေဒီယိုမှ လွှင့်သမျှ အကြောင်းအရာမျိုးစုံတို့အား မိမိဆိုင်တစ်ဆိုင် ကြားရုံမဟုတ်ဘဲ ပတ်ဝန်းကျင်မခံနိုင်အောင် ဖွင့်လျက်ရှိသည်။ ညဘက်တွင်လည်း ရုံဖန်ရံခါ အရက်ဝိုင်းဖြင့် ပတ်ဝန်းကျင်ကို အသံမျိုးစုံဖြင့် နှောင့်ယှက်ကြပြန်သေးသည်။ သို့ပါ၍ အနီးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ထိုဆူညံသံကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

သက်ကြီးရွယ်အိုများ ကျန်းမာရေး မထိခိုက်စေလို

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင် စံပြရပ်ကွက် မင်းလမ်းတွင်းရှိထမင်းဆိုင်မှ ငရုတ်သီးအညှော်အနံ့များ၊ ဟင်းချက်အညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများတွင် ကျန်းမာရေး ထိခိုက်ခြင်းနှင့် စိတ်အနှောင့်အယှက်များ ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ အဆိုပါဆိုင်ကို ဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အညှော်နံ့မခံနိုင်သူ

တောင်တဲကြီးကျေးရွာ လေးလက်မ စက်ရေတွင်းသစ်ဖွင့်ပွဲကျင်းပ

ချောက် ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကြို့ပင်ကျေးရွာအုပ်စု တောင်တဲကြီးကျေးရွာတွင် ဒီဇင်ဘာ ၂ရက်နံနက် ၉ နာရီက လေးလက်မ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ အမှုဆောင်အရာရှိ ဦးထင်အောင်တို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းသစ်နှင့် ရေပေးဝေနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ စက်ရေတွင်း အနက် ပေ ၇၀၀ တူးဖော်ခဲ့၍ ရေထိပ် ပေ ၃၅၀မှ တစ်နာရီ ဂါလန် ၁၅၀၀ နှုန်းထွက်ရှိပြီး စည်ပင်မှ သိန်း ၂၄၀ အကုန်အကျခံတူးဖော်ခဲ့ကြောင်း၊ အိမ်ခြေ ၂၀၁ အိမ်၊ လူဦးရေ ၈၄၉ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေများ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၇၅၉)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.24/HPGE/2013-2014

(က) Fire Fighting Vehicle(1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ရက် ၁၆:၀၀နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

စီးပွားရေးတက္ကသိုလ် ၁၉၇၅ ကျောင်းဆင်းသူငယ်ချင်းများ အမှုဆောင်အစည်းအဝေးကျင်းပခြင်းမပြုကြောင်း
ကြေညာခြင်း

၂၈-၁၂-၂၀၁၃ရက် (စနေနေ့) Central Hotel တွင် ကျင်းပသော ၁၉၇၅ စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းများတွေ့ဆုံပွဲ၌ တက်ရောက်သည့်သူငယ်ချင်းများ၏ သဘောတူညီချက်အရ လက်ရှိအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် အသင်းရှင်သန်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ၁၁-၁-၂၀၁၄ရက် (စနေနေ့)ပြုလုပ်မည့်အမှုဆောင်အစည်းအဝေးကို ကျင်းပခြင်းမပြုလုပ်တော့ကြောင်း သူငယ်ချင်းများသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

၁။ ကိုညွန့်ကြည်	**၃။ ကိုဝင်းဖေ**	**၅။ ကိုသန်း**	**၇။ မခိုင်ခိုင်မြင့်**
၂။ ကိုဝင်းမြင့်	**၄။ ကိုဌေးအောင်**	**၆။ မကြူကြူလွင်**	**၈။ မရီရီခင်**

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါသိုလှောင်ရုံ(၁၂) လုံး၊ အဆောက်အအုံ(၁၀)လုံး၊ အခန်း(၂)ခန်းတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်းငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

Lot(1) (က) ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ မင်းသီရိရပ်၊ (၈၀'×၄၀'×၁၂') (သွပ်၊ ဝါ/ပျဉ်၊ ပျဉ်)ရှိသော မြဲ-၁၊၂၊၄၊၅သိုလှောင်ရုံ (၄)လုံး

Lot(2) (ခ) မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မြို့မဈေး၊ (၁၀၀'×၄၀'×၁၂') (သွပ်၊သွပ်၊ ကွန်) သိုလှောင်ရုံအမှတ် (၃)သိုလှောင်ရုံ(၁)လုံး

Lot(3) (ဂ) မွန်ပြည်နယ်၊ မော်လမြိုင်၊ ဘိုကုန်းရပ်၊ (၁၀၀'×၄၀'×၁၆')(သွပ်၊သွပ်၊ ကွန်) မြဲ-၂၊ (၈၀'×၆၀'×၁၆') (သွပ်၊ သွပ်၊ ကွန်) မြဲ-၃၊ (၅၀'×၄၀'×၁၆') (သွပ်၊သွပ်၊ ကွန်) မြဲ-၄၊ (၆၀'×၂၅'×၁၆') (သွပ်၊သွပ်၊ ကွန်) မြဲ-၅ ပေါင်း သိုလှောင်ရုံ (၄)လုံး

Lot(4) (ဃ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်း၊ (၇၂'×၈၀'×၁၂') (သွပ်၊အုတ်၊ ကွန်) (သိုရုံ-၁)

Lot(5) (င) မန္တလေးမြို့၊ မြို့ဟောင်းမှ (၁၅၀'×၆၀'×၂၀') (သွပ်၊သွပ်၊ ကွန်)ရှိသော သိုရုံ-၆၊ သိုရုံ-၇၊ သိုလှောင်ရုံ (၂)လုံး

Lot(6) (စ) မန္တလေးမြို့၊ အမှတ်(၁၀၀)၊ ၂၅ လမ်း၊ ၈၃×၈၄လမ်းကြားရှိ (၄၉'×၂၀'×၁၆') (သွပ်၊အုတ်၊ ကွန်) ပဆ-၉၁၁၈ အခန်း(၁)ခန်း

Lot(7) (ဆ) မန္တလေးမြို့၊ အမှတ် (၂၄၇)၊ ၂၇လမ်း၊ ၈၃×၈၄လမ်းကြားရှိ (၃၀'×၁၅'×၁၈') (သွပ်၊အုတ်၊ ကွန်) ပဆ-၉၈၇၀ အခန်း(၁)ခန်း

Lot(8) (ဇ) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း၊ ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း ရော်ဘာကြိတ်လုံးစက်ရုံနှင့် အဆောက်အအုံ (၈)လုံး

Lot(9) (ဈ) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပိတောက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ (၃၀'×၂၀'×၁၄·၉') (သွပ်၊သွပ်၊ ကွန်) အဆောက်အအုံ(၁)လုံး

(ည) တင်ဒါပုံစံရောင်းချမည့်ရက်-၇-၁-၂၀၁၄ ရက်မှ ၂၂-၁-၂၀၁၄ ရက်အထိ
အချိန် -နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ

(ဋ) တင်ဒါစည်းကမ်းချက်များ-၂၃-၁-၂၀၁၄ ရက် ၁၂:၀၀ နာရီ ရှင်းလင်းခြင်း

(ဌ) တင်ဒါပိတ်မည့်ရက်/အချိန်-၂၃-၁-၂၀၁၄ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ဍ) တင်ဒါပုံစံရောင်းချမည့်နေရာ - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မကွေးမြို့
ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်
ပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီး

(ဎ) Deposit ပေးသွင်းရမည့်နေရာ - Deposit ငွေကို တင်ဒါပုံစံတစ်စောင်လျှင် ရန်ကုန်တိုင်းဒေသကြီးမှ ကျပ်သိန်း ၂၀ နှုန်းဖြင့်လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅ သိန်းဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ ဘဏ်ခွဲ-၅၊ နေပြည်တော်၊ မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ ပုသိမ်မြို့၊ မကွေးမြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့တို့ရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် (P.O) cheque ဖြင့် ဝယ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

(ဏ) စာရင်းပေးသွင်းရမည့်နေရာ - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(တ) တင်ဒါတင်သွင်းရမည့်နေရာ - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ (၁၂)လုံး၊ အဆောက်အအုံ(၁၀)လုံး၊ အခန်း(၂)ခန်းတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၂၂၂၄၈၊ ၀၂-၃၆၃၃၈၊ ၀၄၂-၂၄၅၂၃၊ ၀၆၃-၂၃၁၉၆၊ ၀၅၇-၂၄၃၁၈၊ ၀၈၁-၂၁၂၁၆၂၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကျေးလက်ဖွံ့ဖြိုးတိုးမြှင့်ဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ဦးတစ်ယောက်ချင်းမှသည် တစ်နိုင်ငံလုံးရှိနိုင်ငံသားတိုင်း၏ အရည်အသွေးများတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ပေးခဲ့ပြီး ကျေးလက်နေလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သယံဇာတများကို အခြေပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာမှသည် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံသည့် နည်းဗျူဟာအဖြစ် ပြောင်းလဲကျင့်သုံးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်

(၁) နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊

(၂) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြို့ပြနှင့်ကျေးလက် လူမှုစီးပွားဘဝ ကွာဟမှုကျဉ်းမြောင်းစေရန်၊

(၃) မြန်မာ့ကျေးလက်ယဉ်ကျေးမှု ထိန်းသိမ်းရန်တို့ကို ဦးစားပေး ရည်ရွယ်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်၊ မြို့ပြနှင့် ခရိုင်ချင်းဆက်လမ်းတံတားများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျန်းမာသန့်ရှင်းရေး၊ ကျေးရွာများတည်ဆောက်ပေးခြင်း၊ကျေးလက်မီးလင်းရေး၊ ကျေးလက်ကုန်ထုတ်နှင့်စီးပွားရေးလုပ်ငန်းများ၊အသေးစားချေးငွေလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများထိန်းသိမ်းခြင်း၊ မြို့ပြနှင့်ကျေးလက်လူမှုစီးပွားဘဝကွာဟမှုကျဉ်းမြောင်းစေရေးအတွက် မဟာဗျူဟာအစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ကျေးလက်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကာလရှည် နှစ် (၃၀) စီမံကိန်းအတွင်း လက်ရှိတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆အထိ ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ နှစ် (၃၀) စီမံကိန်းပြီးဆုံးချိန်တွင် တစ်နိုင်ငံလုံးရှိ ကျေးလက်လမ်းများ၏ ၅၀ ရာခိုင်နှုန်းသည် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်ဖြစ်ပြီး ကျန်အပိုင်းသည် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန် ရည်မှန်းထားရှိသည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းများအတွက် ရေတွင်းအလှူရှင်များမှ ငွေများအဆက်မပြတ်လှူဒါန်းလျက်ရှိရာ မြန်မာကျပ်ငွေ သန်းပေါင်း ၂၆၉၆ ဒသမ ၆၂၊ အမေရိကန်ဒေါ်လာ ၇၇၉၅၂၊ ယူရိုငွေ ၇၇၀၂၊ FEC ၁၀၀၁၂ တို့ကို လှူဒါန်းရရှိခဲ့ပြီး အပူပိုင်းဇုန်ဒေသတို့ရှိ မြို့နယ် ၇၂၊ ကျေးရွာ ၁၅၁၈ တို့တွင် စက်ရေတွင်းပေါင်း ၂၁၃၀ တူးဖော်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် စီမံချက်များအား ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (WFP)၊ ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UNHABITAT)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့ (PAJ) တို့ စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ၁၉၉၄ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကျေးရွာချင်းဆက် လမ်း/တံတားလုပ်ငန်းများ၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ၊ အသေးစားချေးငွေနှင့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများနှင့်ကျေးလက်မီးလင်းရေးလုပ်ငန်းများ စသည့် လေးနှစ်စီမံကိန်းများ ချမှတ်ကာ မိမိတို့ရည်မှန်းချက်ဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုတို့ဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် လေ့လာရေးသားတင်ပြလိုက်ရပါသည်။

ဝင်းမောင်(စဉ့်ကူး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒေးဒရဲမြို့နယ် ကဒါကျေးရွာတွင် ပညာတံခွန်စာကြည့်တိုက်ဖွင့်

ဒေးဒရဲ ဇန်နဝါရီ ၅

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေးဒရဲမြို့နယ် ကဒါကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့်ကျေးရွာအလှူရှင် ဦးကြည်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကောက်သစ်ဆွမ်းအလှူဒါန ဆောမြို့တွင်ကျင်းပ

ဆော ဇန်နဝါရီ ၅

ဂန့်ဂေါခရိုင် ဆောမြို့နယ် ပုလဲသွယ်(စပ်မျိုးစပါး) စိုက်ပျိုးသည့် တောင်သူ ၃၅ ဦးတို့ စုပေါင်း၍ ကောက်သစ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အလှူမဏ္ဍပ်တွင် ကျင်းပ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေအပေါင်းအသင်း ၂၀၀ ကျော်တို့ကိုလည်း ပင့်ဖိတ်၍ အဆိုပါအလှူမဏ္ဍပ်တွင် ဧည့်ပရိသတ်များကို စားသောက်ဖွယ်များဖြင့် ကျွေးမွေးကုသိုလ်ပြုကြကြောင်း သိရသည်။

(၁၀၁)

လမ်းလုပ်ငန်းများဆောင်ရွက်

ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲတွင် ဆောင်ရွက်သော မြို့ပတ်လမ်း(တပ်ရှောင်လမ်း) အရှည် ၃ မိုင် ၄ ဖာလုံ ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၉ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ထွန်း ကြီးကြပ်ဆောင်ရွက်နေမှုကို မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဟန်မြင့်နှင့် ကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးကြသည်။

(ဟိုင်းကြီး ပြန်/ဆက်)

မိတ္ထီလာတွင် ပညာရေးစုံညီပွဲတော်ကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာတွင် ၂၀၁၄ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက် ၉ နာရီက အထက(၁)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ ခရိုင်ပညာရေးမှူး ဦးသက်လင်းဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေး၊ ခရိုင်မြို့နယ်အဆင့် ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အလေးပြုကြပြီး တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)** ယင်းနောက် ထူးချွန်ဆုရ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးသီချင်းများ သီဆိုခြင်း၊ ကပြဖျော်ဖြေကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ၏ အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က)	အထက်ပေါင်းလောင်းစီမံကိန်း	လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ၁၂ မိုင်
(ခ)	ဂမုန်းတောင်-လွှဲကြီးလမ်း မိုင်တိုင် ၂/၀မှ စူးစမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်မည့် ရေအားအရင်းအမြစ်တည်နေရာ	ချဉ်းကပ်လမ်း ၈ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်း (Road Structures များအပါအဝင်)
(ဂ)	အထက်ပေါင်းလောင်းစီမံကိန်း	ချဉ်းကပ်လမ်း ၂၀၀၀ ကျင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း (၁၈ပေ×၉လက်မ)

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၇-၁-၂၀၁၄ ရက် ၁၆:၃၀ နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၁၄-၁-၂၀၁၄ ရက် ၁၆:၃၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပျောက်ဆုံးကြောင်း
ကျွန်တော် ကိုမင်းမင်းထွန်း ၁၂/ဒပန(နိုင်)၀၄၀၁၉၇၏ SSA လက်မှတ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၆၂၅၅၀**

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့်
အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့ကို
ငှားရမ်း/အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား

ဖိတ်ခေါ်ခြင်း
(Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစား စက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်တာယာများထုတ်လုပ်သော အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့ကို စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များနှင့် ငှားရမ်း/အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest)ကို ဆောင်ရွက်လိုသော လုပ်ငန်းများအား အကြမ်းဖျင်းအဆိုပြုဖော်ပြလျက် မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့်အတူ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းသို့ ၂၀-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ Expression of Interest ပေးပို့လာသည့် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား ၂၃-၁-၂၀၁၄ ရက် ၁၀း၀၀ နာရီတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဖိတ်ခေါ်တွေ့ဆုံ၍ ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ပစ္စည်းစီမံရေးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈

ပျောက်ဆုံးကြောင်း
ကျွန်တော် စည်သူအောင် ၁၀/မလမ(နိုင်)၁၉၉၆၄၂၏ မြန်မာနိုင်ငံကူးလက်မှတ်M.024792 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၀၁၂၅၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးစာရေးကိရိယာများနှင့် Computer သုံး Toner/Cartridge ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ရုံးသုံးစာရေးကိရိယာများ	(၄၃) မျိုး
(ခ)	Computer သုံး Toner/Cartridge ပစ္စည်းများ	(၁၀) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁-၂၀၁၄ ရက် ညနေ (၁၅း၀၀)နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၄၃၃

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ရဲနောင်ထူး ၁၂/ဥကမ(နိုင်)၁၉၁၉၃၃၏ အမျိုးသမီး မဇာခြည်ထွေးသည် ၎င်း၏ဆန္ဒအလျောက် ၁၁-၆-၂၀၁၂ရက်တွင် အတူနေမိဘများအိမ်မှ အပြီးအပိုင်ဆင်းသွားခဲ့သည်မှာ (၆)လကျော် ရှိပါသည်။ သို့ဖြစ်ပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်း၏မည်သည့်ကိစ္စမှ ကျွန်ုပ်နှင့် မသက်ဆိုင်ကြောင်း တင်ပြအပ်ပါသည်။

ရဲနောင်ထူး ၁၂/ဥကမ(နိုင်)၁၉၁၉၃၃
မ/ဥက္ကလာပ၊ ရန်ကုန်မြို့

မှုခင်းသတင်းနှင့်ကြော်ငြာ

တရုတ်နိုင်ငံ၌ လူကုန်ကူးခံရသူကို တရုတ်ရဲတပ်ဖွဲ့မှ ကယ်ထား

မိုးညှင်း ဇန်နဝါရီ ၅

တရုတ်နိုင်ငံ၌ လူကုန်ကူးခံရသူ ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်မှ အသက် ၂၅ နှစ်အရွယ် မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်ရဲတပ်ဖွဲ့မှ ကယ်တင်ထားပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ လွယ်ဂျယ်တပ်ဖွဲ့စိတ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းရောက်ရှိလာသူ အသက် ၂၅ နှစ်အရွယ် မြန်မာအမျိုးသမီး မ. . . အား လွယ်ဂျယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်မနဲ့တစ်မြို့တည်းနေ မ. . တို့နှစ်ဦးသည် ၂၀၁၃ ခုနှစ် မေလ ၅ ရက်နေ့က ကျောက်စိမ်းအရောင်းအဝယ် လုပ်ဖို့ တရုတ်နိုင်ငံ ရင်ကျန်းမြို့သို့ သွားရောက်ခဲ့ပါတယ်။ ရင်ကျန်းမြို့ ရီမောင်ဟိုတယ်တွင် တည်းခိုနေထိုင်ပြီး ပါလာသော ကျောက်များကို ကျောက်ပွဲစားများနှင့် ပြသရောင်းချရန်ပြုလုပ်နေစဉ် လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်မတို့ရွာတွင် နေထိုင်ခဲ့ပြီး အနှိပ်ခန်းဖွင့်ခဲ့ဖူးသူ မငြိမ်းငြိမ်း(ခ)အားလွယ်နှင့် တွေ့ဆုံခဲ့ပါတယ်။ မငြိမ်းငြိမ်းမှ ကျောက်များအား ကူညီရောင်းချပေးမည်။ ဟိုတယ်တွင်နေထိုင်ပါက ကုန်ကျစရိတ်များမည်ဖြစ်သဖြင့် သူမငှားရမ်းနေထိုင်သည့် ရင်ကျန်းမြို့ ရှီဖူးအယ်ရှယ်လမ်း အမှတ် (၅၅) ရှိနေအိမ်တွင် လာရောက်တည်းခိုနေထိုင်စားသောက်နိုင်ကြောင်း ပြောဆိုသဖြင့် ကျွန်မတို့နှစ်ဦး ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ မငြိမ်းငြိမ်းအိမ်၌ နေထိုင်စဉ် မေလ ၁၃ ရက်တွင် မငြိမ်းငြိမ်းက ကျွန်မနှင့်အတူပါလာသူ မ. . . အား စည်းရုံးသိမ်းသွင်းပြီး တရုတ်အမျိုးသား တစ်ဦးနှင့် ပေးစားခဲ့ပါတယ်။ ကျွန်မသည် တစ်ဦးတည်း ဖြစ်နေ၍ ဆက်လက်နေထိုင်လိုခြင်းမရှိတော့သဖြင့် နေရပ်ပြန်ရန်အတွက် မငြိမ်းငြိမ်းထံလမ်းစရိတ်တောင်းရာ မပေးနိုင်ကြောင်း၊ ထမင်းလည်းမကျွေးနိုင်ကြောင်း၊ မ. . . လိုပဲ တရုတ်ယောကျ်ားယူရန်နှင့်တရုတ်ယောကျ်ား ယူပါက အဆင်ပြေမည်၊ အိမ်သို့လည်း ငွေပို့နိုင်မည်ဟု ပြောဆိုစည်းရုံးပြီး ကျွန်မ၏မှတ်ပုံတင်နှင့်နယ်စပ်ဝင်ထွက် သွားလာခွင့်စာအုပ်ကို မငြိမ်းငြိမ်းက သိမ်းယူသွားပါတယ်။ မေလ ၁၈ ရက်တွင် ကျွန်မအား ဟူနန်မြို့ရှိ တရုတ် အမျိုးသား ဖူယုန်ဆိုသူထံ တရုတ်ယွမ်ငွေ ၃၁၀၀၀ ဖြင့် ရောင်းစားခဲ့ပါတယ်။ ယွမ် ၂၅၀၀ တန်ဖိုးရှိ ရွှေနားကပ် တစ်ရံနှင့် ရွှေဆွဲကြိုးတစ်ကုံးဝယ်ပေးကာ ယွမ် ၈၀၀၀ ပေးပါတယ်။ ကျန်ငွေယွမ် ၂၀၅၀၀ ကို မငြိမ်းငြိမ်းက ယူထားပါတယ်။ ဟူနန်မြို့ရှိ ရွာတစ်ရွာတွင် တရုတ် အမျိုးသားဖူယုန်နှင့်ပေါင်းသင်းနေထိုင်ရပါတယ်။ တရုတ်ယောကျ်ားက ကျွန်မအား ရိုက်နှက်နှိပ်စက်သဖြင့် မငြိမ်းငြိမ်းထံ ဖုန်းဖြင့်ဆက်သွယ်ပြီး နေအိမ်သို့ ပြန်ချင်ကြောင်းပြောရာ ကျွန်မတို့ယူထားသော ယွမ် ၃၁၀၀၀ ပြန်လျော်ပေးမှ ပြန်လို့ရမည်ဟု ပြောဆိုပြီး ဖုန်းချသွားပါတယ်။ နောက်လေးလခန့်အကြာတွင် ကျွန်မ ဟာ ကျောက်အတူတူလာရောင်းပြီး အရင်ရောင်းစားခံရသူ မ. . . နဲ့ ဖုန်းအဆက်အသွယ်ရခဲ့ပါတယ်။ မ. . လည်း ယွမ် ၃၁၀၀၀ ပေးလျော်ပြီး နေအိမ်သို့ပြန်ရောက်နေကြောင်း၊ မြစ်ကြီးနားရှိ မိတ်ဆွေများမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ အကူအညီတောင်းခံပေးမည် ဖြစ်ကြောင်း ပြောဆိုပါတယ်။ ဒီဇင်ဘာလ ၁၁ ရက်တွင် လွယ်ဂျယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရုံး၏ ဖုန်းနံပါတ်ကို ဆက်သွယ်အကူအညီတောင်းခံခဲ့ပါတယ်။ ဒီဇင်ဘာ ၃၀ ရက်တွင် တရုတ်-မြန်မာနယ်စပ်ဂိတ်မှ တစ်ဆင့် မြန်မာနိုင်ငံ လွယ်ဂျယ်မြို့ရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံ ပြန်လည်လွှဲပြောင်းပေး အပ်ခဲ့၍ မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့ပါတယ်။"

ဇန်နဝါရီလ ၁ ရက်တွင် လူကုန်ကူးခံရသူကိုယ်တိုင် တရားလိုပြုလုပ်ပြီး မငြိမ်းငြိမ်း(ခ)အားလွယ် (၃၂)နှစ်ခန့် တရုတ်နိုင်ငံ ရင်ကျန်းမြို့နေသူအား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းသဖြင့် လွယ်ဂျယ်ရဲစခန်းမှ (ပ) ၁/၂၀၁၄ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါလူကုန်ကူးခံရသူ မ. . . . အားမူဆယ်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာတွင် အပ်နှံထားရှိကြောင်း သိရသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအတွက် မူဆယ်-ရွှေလီ၊ လွယ်ဂျယ်-ကျန်းဖုန်းနှင့် လောက်ကိုင်-နန်ဆန်းနယ်စပ်ဆက်ဆံရေး ရုံးသုံးရုံးကို အသီးသီးအပြန်အလှန်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နှစ်နိုင်ငံပူးပေါင်းဖော်ထုတ်မှု အနေဖြင့် လူကုန်ကူးမှု ၁၈ မှု၊ ပြစ်မှုကျူးလွန်သူ(အမျိုးသား) ခြောက်ဦး၊ အမျိုးသမီး ၂၅ ဦး၊ လူကုန်ကူးခံရသူ အမျိုးသမီး ၂၀ တို့ဖြစ်ပြီး ပူးပေါင်းဖမ်းဆီးသည့်ပြစ်မှုကျူးလွန်သူမှာ အမျိုးသားလေးဦး၊ အမျိုးသမီး ၁၈ ဦး တို့ဖြစ်သည်။ တရုတ်နိုင်ငံမှ လွှဲပြောင်းပေးသည့် ပြစ်မှုကျူးလွန်သူအရေအတွက်မှာ အမျိုးသားလေးဦး၊ အမျိုးသမီး ၁၈ ဦးနှင့်လူကုန်ကူးခံရသူအရေအတွက်မှာ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၁၁၇ ဦးတို့ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏သတင်းအရ သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တရားမဝင် တမလန်းသစ်များ သီပေါ၌ဖမ်းဆီးရမိ

သီပေါ ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သစ်တောဦးစီးဌာန မြို့မဘိနယ် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမိုး ဦးဆောင်၍တောအုပ်ကြီး ဦးနုဝင်းနှင့်သစ်တောဝန်ထမ်း ၁၁ ဦးပါဝင်သောအဖွဲ့သည် တရားမဝင်သစ်များ သယ်ဆောင်လာသည့်ယာဉ်များအား ရှောင်တခင်စစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မှ တင်ဆောင်မောင်းနှင်လာသောယာဉ် မောင်းသူရမော်မောင်းနှင်သည့် ၁၀ ဘီးယာဉ်အမှတ် ၆ခ/. . . . ယာဉ်ပေါ်မှ တမလန်းခားရွေင်းတန်၊ ယာဉ်မောင်းနိုင်ထွန်း(ခ)မြင့်ဇော်မောင်းနှင်သည့် ၁၂ ဘီးယာဉ်အမှတ် ၈ဆ/. . . ယာဉ်ပေါ်မှ တမလန်းခားရွေင်းတန်၊ ယာဉ်မောင်းဇော်ဦး မောင်းနှင်သည့် ၁၂ ဘီးယာဉ်အမှတ် ၆ဃ/. . . ယာဉ်ပေါ်မှ တမလန်းခားရွေင်းတန်ခန့်တို့ကို စပါးခွံနှင့်ဖုံးအုပ်၍ယာဉ်သုံးစီးပေါ်မှ စုစုပေါင်း တမလန်းတိုင်အလုံး ၃၆၀၊ သစ်တန်ချိန် ၁၅ ဒသမ ၂၃၄၂ တန်တို့ကို သိမ်းဆည်းရမိသည်။ **(အပေါ်ပုံ)**ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား အကြောင်းကြားပြီး ပြစ်မှုကျူးလွန်သူသုံးဦးတို့အား မြို့နယ်ရဲတပ်ဖွဲ့စခန်းမှတရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ပိုင်ဆိုင်ကြောင်းမပြနိုင်၍ ဖမ်းဆီးအရေးယူ

နေပြည်တော် ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီက နတ်မောက်မြို့အတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် နတ်မောက်မြို့မရပ်ရှိ ဦးကံသိန်းပွဲရုံရှေ့၌ လူနှစ်ဦးအား ဆိုင်ကယ်တစ်စီးပစ္စည်းများ ထည့်ထားသော ပီနံအိတ်လေးအိတ်တို့နှင့် အတူ မသင်္ကာဖွယ်တွေ့ရှိ၍မေးမြန်းရာ မကွေးမြို့နယ် စမ်းမကျီးကျေးရွာနေ အောင်ကိုဝင်း(၃၀ နှစ်)နှင့် သပွတ်ကျောကျေးရွာနေ ဇော်ထွန်း(၃၀ နှစ်)တို့ဖြစ်ပြီး ၎င်းတို့နှင့် အတူပါလာသည့် ဆန်ထည့်ထားသော ပီနံအိတ်လေးအိတ်၊ အညိုရောင်လွယ်အိတ်တစ်လုံး၊ အပြာရောင်လွယ်အိတ်တစ်လုံး၊ ခဲတံချွန်ခားသုံးချောင်း၊ ဂက်စ်မီးခြစ်တစ်လုံး၊ ခါတ်မီးနှစ်လက်၊ လေးခွနှစ်လက်၊ ဆိုင်ကယ်တစ်စီးတို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ကြောင်းအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် အောင်ကိုဝင်းနှင့် ဇော်ထွန်းတို့နှစ်ဦးကို နတ်မောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မူးယစ်ဆေးသုံးစွဲသူဖမ်းမိ

ဗန်းမော် ဇန်နဝါရီ ၅

ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ်အောင်ကိုနိုင်နှင့် ရဲအုပ်စိုးပိုင်တို့ဦးစီးအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့ နောင်ခိုရပ်ကွက် မင်းလှရပ်လမ်းမပေါ်တွင် တွေ့ရသူ မြင့်စိုး(ခ)မာဒီး(၃၂ နှစ်)နှင့် ဇော်ဇော်ထွန်း(ခ)သဲကြီး(၃၂ နှစ်)အား စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မတွေ့ရသော်လည်း သတင်းကွင်းဆက်အရ မြင့်စိုး(ခ)မာဒီး၏နေအိမ်ကို ဆက်လက်စစ်ဆေးရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေမှုပြုစဉ် နေအိမ်အောက်ထပ်အိပ်ခန်းအတွင်း ခုတင်ဘေးရှိ သစ်သားသေတ္တာအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၂ ဂရမ်ပါ ချိတ်ဆန်ဖန်ပုလင်းတစ်ပုလင်း တွေ့ရှိရသဖြင့် မင်းလှရပ်နေသူများဖြစ်သည့် လက်ဝယ်တွေ့ရှိသူမြင့်စိုး(ခ)မာဒီး(၃၂ နှစ်)နှင့်သုံးစွဲရန် တွေ့ရှိသူ ဇော်ဇော်ထွန်း (ခ)သဲကြီး(၃၂ နှစ်)တို့အား ရဲအုပ်အောင်ကိုနိုင်က တရားလိုပြုလုပ်ပြီး ဗန်းမော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

မိုးခြိမ့်ညံဟိန်း

လိုင်စင်မဲ့အရက်ရောင်းသူအား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က အမှတ်(၂)ရွှေပန်းရုံရပ်ကွက်နေ ဝင်းလှိုင်(၃၉ နှစ်)၏နေအိမ်တွင် လိုင်စင်မဲ့အရက်များ ရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာ ပလတ်စတစ်ဘူးနှင့်ထည့်လျက် အရက်ဖြူငါးပုလင်းပါတစ်ဘူး၊ အနီရောင်ရေတကောင်းတစ်ခု၊ အရက်နံ့နံနေသော MAX ပုလင်းခွံတစ်လုံး၊ အဖြူရောင်ကော်ကတော့တစ်ခု၊ ဖန်ခွက်နှစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ဝင်းလှိုင်အား စကုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ကြက်ဝိုင်းလောင်းကစားပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဘူးကုန်းရွာတွင် ကြက်ဝိုင်းလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ ဘူးကုန်းရွာ ကြံတိုင်းအောင် ဆန်စက်ဝင်းအနီးတွင် လူ ၅၀ ခန့်မှ ကြက်တိုက်လောင်းကစားနေသည်ကိုတွေ့ရှိရပြီး ဗညားထွန်း(ခ)ကိုဖုန်း (၄၃ နှစ်) ပါ ၁၃ ဦးကို ကြက်တိုက်လောင်းကစားရာတွင် အသုံးပြုသည့် တိုက်ကြက်ရှစ်ကောင်၊ လောင်းကြေးငွေကျပ် ၃၃၆၂၄၀၀၊ ဆိုင်ကယ် ၃၈ စီး၊ လက်ကိုင်ဖုန်းကိုးလုံးတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် ဗညားထွန်း(ခ)ကိုဖုန်းပါ ၁၃ ဦးကို ပုသိမ်ကြီးမြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	008(SP)/HIE-1(STEEL)/2013-2014	Ball Bearing	49 Items	1 Lot
(ခ)	009 (Chem)/HIE-1(STEEL)/2013-2014	Chemical	33 Items	1 Lot
(ဂ)	010(SP)/HIE-1(STEEL)/2013-2014	Electrical	37 Items	1 Lot
(ဃ)	011(SP)/HIE-1(STEEL)/2013-2014	Hydraulic	19 Items	1 Lot
(င)	012(SP)/HIE-1(STEEL)/2013-2014	Pipe& Accessories	69 Items	1 Lot
(စ)	013(SP)/HIE-1(STEEL)/2013-2014	Weighting Scale	3 Items	1 Lot
(ဆ)	014(Lub)/HIE-1(STEEL)/2013-2014	စက်ဆီ/ချောဆီ	15 Items	1 Lot
(ဇ)	015(Lub)/HIE-1(STEEL)/2013-2014	Tools	38 Items	1 Lot

၂။ **တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက်** - ၆-၁-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၁-၂၀၁၄ရက် ၁၄:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၏ အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)၊ နေရှင်နယ် အချိုရည်စက်ရုံခွဲ၊ ဒိုက်ဦးကော်မှုန့်စက်ရုံနှင့် သစ်ဆိမ့်ဆီစက်ရုံ(ဆိပ်ဖြူ)တို့မှ အသုံးမလိုပိုလျှံ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၉-၁-၂၀၁၄ ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၁-၂၀၁၄ ရက် (၁၆:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၆

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၅၀/ဘီ၅၊ မြေကွက် တည်နေရာအမှတ် ၁၇(ဘီ)၊ သာယာဝတီလမ်း၊ ဗဟန်းမြို့နယ်၊ ဦးထွန်းမြင့်အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း)ဦးထွန်းမြင့် ကွယ်လွန်သဖြင့်ဒေါ်အေးအေးသင်း(ခ)ပေါ်လီခင် ၁၂/ဗဟန(နိုင်)၀၈၂၆၀၇က တရားဝင်ဇနီးတော် စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၆/B၊ မြေကွက်အမှတ်၁၅ ဘီ/၃၊ ဧရိယာ၀ ဒသမ ၀၃၆ ဧကနှင့် မြေတိုင်းရပ်ကွက် ၃၆ စီ၊ မြေကွက်အမှတ် ၁၆/ ဘီ၊ ဧရိယာ ၀ ဒသမ ၃၄၈ ဧက မြေပိုင်မြေ၊ မြေကွက်တည်နေရာအမှတ် ၁၂၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အမည်ပေါက် ဒေါ်စန်းစန်းမြ အမည်ပေါက်မြေအား အမည်ပေါက် ဒေါ်စန်းစန်းမြနှင့် ခင်ပွန်းဦးစောကြည်ဖ(ခ)စောစိန်ဖ(ခ)ချာလီတို့ ကွယ်လွန်သဖြင့် ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၉၉၃/၂၀၀၉ ဖြင့် တရားလို ဦးစောလင်းခမ်း(ခ)စောလိန်စန်းဖ(ခ)ဦးအော်ဒီနှင့် တရားပြိုင် ဦးမိုးကျော်နိုင်(ခ)ဖိုးခွားတို့က နှစ်ပုံတစ်ပုံစီ ရထိုက်ခွင့်ရှိကြောင်းအမိန့်ရရှိပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားမကြီးမှုအမှတ် ၁၁၃၄/၂၀၁၁အရ ကော်မရှင်နာအရာရှိအဖြစ် ခန့်အပ်ခြင်းခံရသူ ဦးထင်ဇော် ၆/ထဝန(နိုင်) ၀၆၄၅၉၉က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်(၂)ဒဂုံတောင်တိုးချဲ့၊ မြေတိုင်းရပ်ကွက်အမှတ်၁၄၄၊ အသေးစားစက်မှုမြေကွက်အမှတ်၁၄၁ကို မူလအမည်ပေါက်ပိုင်ဆိုင်သူဦးမြင့်ထွန်း ၇/ပတတ(နိုင်)၀၆၄၉၈၅ ထံမှဒေါ်မွေးမွေး ၉/မရတ(နိုင်)၁၁၄၀၈၈ကစာချုပ်စာတမ်းဖြင့်လည်းကောင်း၊ဒေါ်မွေးမွေး ၉/မရတ(နိုင်)၁၁၄၀၈၈ထံမှ ဒေါ်ခင်အေး ၁၂/မဂတ(နိုင်)၀၂၂၄၃၈က စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူပြီး ပိုင်ရှင်အမည် ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ ကျွန်းလှရဲစခန်းဝင်းနေ ဦးစိုးဟိန်း-ဒေါ်ငွေဇင်ဝင်း တို့၏သား မောင်ရာပြည့်အား မောင်ထူးခန့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထူးခန့်နိုင်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁င/၇၇၆၆ Toyota Premio ZZT-240 S/L(4x2)R.F.W.D ယာဉ် လက်ဝယ်ရှိသူ ဦးစောဝင်းသိန်း ၁၂/ကမရ(နိုင်)၀၂၈၀၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

နယ်သတင်းနှင့်ဆောင်းပါး

သမိုင်းဝင်ဘုရားများ ရွှေသင်္ကန်းကပ်လှူ အနေကဇာတင်

ပုသိမ်ကြီး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီး မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်စေတီများဖြစ်သော ချမ်းသာလှစေတီ၊ ချမ်းမြအေးစေတီ၊ အနိမိဿသတ္တဟ ရုပ်ပွားတော်သုံးဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲကို ဇန်နဝါရီ၁ရက်နံနက်၈နာရီက ဓမ္မစကြာဗိမာန် ကျောင်းတိုက်အတွင်း၌ ကျင်းပကြသည်။ **(ဓံပုံ)**

ရှေးဦးစွာ ဓမ္မစကြာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုတ၊ မင်းကွန်းတောင်ရိုး၊မိုးမိတ်ကုန်းမြေဗောဓိပက္ခိယ ဆရာတော်ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် သံဃာတော် ၁၅ပါးက စေတီသုံးဆူအား တစ်ပြိုင်နက်ဗုဒ္ဓါဘိသေကအနေကဇာတင် တော်မူကြသည်။

ဆက်လက်၍ ဓမ္မစကြာဗိမာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုတထံမှ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်နုနှင့် အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှဝေကြသည်။

ထည့်ဝင်လှူဒါန်း

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ချမ်းသာလှ စေတီတော်ကြီးအား စတီးရွှေသင်္ကန်းရွှေသားထီးတော်များ ကပ်လှူခြင်း၊ ချမ်းမြအေးစေတီ၊ အနိမိဿသတ္တဟ ရုပ်ပွားတော်မြတ်ကြီးအားရွှေဆေးများဖြင့်ရောင်တော်ဖွင့် လှူဒါန်းငွေ စုစုပေါင်းကျပ်သိန်း၅၀ကျော်ကို ချမ်းသာလှဂေါပကအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ ထည့်ဝင်လှူဒါန်းကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ဆုတောင်းပြည့် ကလိန်အောင် ဆံတော်ရှင်စေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

ကလိန်အောင် ဇန်နဝါရီ ၅

ဆုတောင်းပြည့် ကလိန်အောင် ဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ်ခွဲရှိ ဆုတောင်းပြည့် ကလိန်အောင်ဆံတော်ရှင်ဂေါပကရုံး၌ကျင်းပရာ မောရဝတီရေတပ်ဌာနချုပ် ဗိုလ်မှူးချုပ်နေဝင်းက ဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ငြိမ်းပြင်ဆင်မှု အကြောင်းကိုလည်းကောင်း၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် အလှူငွေများ ရရှိရေးအကြောင်းကိုလည်းကောင်း ဆွေးနွေးမှာကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆုတောင်းပြည့်စွယ်တော်ရှင်စေတီ၌ စုပေါင်းလုပ်အားပေး

ပဲခူး ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အခြေစိုက်ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ တပ်မှူးဦးဆောင်သော မိသားစုဝင်စုစုပေါင်းအင်အား ၂၀၀ကျော်သည် ဇန်နဝါရီ၂ရက် နံနက်၇နာရီခွဲကဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီမြတ်ကြီး၏ ရင်ပြင်တော်ပတ်လည်နှင့် အထက်ပစ္စယာတို့တွင်အမှိုက်များ၊ မြက်များ၊ ရေညှိများဖယ်ရှားရှင်းလင်းခြင်းကို စုပေါင်းလုပ်အားပေးကြသည်။

အဆိုပါလုပ်အားပေးပွဲကို ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥဒေယျဓမ္မာဘိဝံသ၊ တပ်မှူးနှင့်အတူ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံလှည့်ပတ်ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်စွက် ပြောဆိုခဲ့ကြောင်း ဘုရားကြီးပေါ်တွင် တင်ရှိသော အညစ်အကြေးများကို နှစ်သစ်ကူးကာလအတွက် သန့်ရှင်းစေလိုရန်နှင့်(၆၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် လုပ်အားပေးခြင်းဖြစ်ကြောင်း ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်မှူးက ပြောကြားကြောင်း သိရသည်။ **(အောက်ပုံ)**

သုလင်း (ဟံသာမြေ)

မြိုင်မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပေးအပ်

မြိုင် ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၁ရက် နံနက် ၁၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခန်းမသို့ ရောက်ရှိပြီး မြိုင်မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ပေးအပ်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစည်သူက လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နယ်မြေ(၅) နယ်မြေမှ ရပ်ကွက်တစ်ခုနှင့်ကျေးရွာအုပ်စု ၈၁အုပ်စုရှိ ကွင်းပေါင်း ၆၇၅ကွင်းမှ တောင်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)ပြီးစီးမှု လက်မှတ်များကို တောင်သူဦးကြီးများကိုယ်စား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးငါးဦးအားပေးအပ်ကြကြောင်း သိရသည်။

(၁၃၅)

စာအုပ်စာပေ လူ့မိတ်ဆွေ

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာဟောပြော

မုံရွာ ဇန်နဝါရီ ၅

မုံရွာခရိုင် ပြန်/ဆက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေသည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက မုံရွာမြို့နယ် တဲကြီးကုန်းအရှေ့ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအစီအစဉ်မှ မတည်ငွေကျပ်၁၀သိန်းဖြင့် ဆောက်လုပ်လျက်ရှိသည့် အလင်းရောင်စာကြည့်တိုက်(၂၄×၁၆×၁၂)ပေနံကပ်၊သွပ်မိုး၊ သမံတလင်းခင်း ဆောက်လုပ်နေမှုအား ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစီ/ခန့်များ၊ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ကြသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးသည် တဲကြီးကုန်းကျေးရွာသို့ ရောက်ရှိပြီးအခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကိုဟောပြောဆွေးနွေးပွဲကျင်းပခဲ့ရာ အဆိုပါဟောပြောပွဲသို့ ကျေးရွာသူ ကျေးရွာသား ၇၅ဦး တက်ရောက်ကြကြောင်း သိရသည်။

(အောင်ဆွေ-မုံရွာ)

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့မှ
အငြိမ်းစားသက်ကြီးဆရာများကန်တော့ပွဲ

နဝမအကြိမ်ကို

၂၀၁၄ခုနှစ် ဇန်နဝါရီ၁၂ရက် (တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီအချိန် နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး သီရိရတနာခန်းမတွင် ကျင်းပမည်ဖြစ်ရာ တပည့်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီ(ဗဟို)လမ်း၊ တိုက်အမှတ်၃၄၊ တစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏ (ပဉ္စမထပ်) (ငါးလွှာ)၊ အကျယ် (၂၃ပေ×ပေ၅၀)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၄-၄-၁၉၉၈ရက်တွင် မြေရှင်ဖြစ်သူ ဒေါ်ရီရီဝင်း ၁၂/စခန(နိုင်)၀၂၄၃၀၁နှင့် ဦးဇော်ဝင်း HZA-၀၂၇၉၄၅၊ ဒေါ်နွဲ့နွဲ့ရီ ၁၂/စခန(နိုင်)၀၂၃၁၆၆၊ ဦးကျော်စိုး HZA -၀၂၇၉၄၇တို့မှ အကျိုးတူပူးတွဲဆောက်လုပ်ခဲ့ပြီး ဒေါ်ရီရီဝင်း ၁၂/စခန(နိုင်)၀၂၄၃၀၁ ရရှိခံစားခွင့်ရှိသော အခန်းများအနက် သားသမီးများဖြစ်ကြသည့် ဦးမောင်မောင်အေး ၁၂/ကသန (နိုင်)၀၃၀၆၅၅နှင့် ဒေါ်အိအိစန်းဝေ ၁၂/စခန(နိုင်)၀၀၁၂၅၅တို့မှ တရားဝင်ဆက်ခံရရှိသော အခန်းဖြစ်ကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ်၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇-C ၂၊ မြေကွက်အမှတ်၁၁၅၊ မြေကွက်တည်နေရာအမှတ်-၄၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဦးကျင်အောင်၊ ဒေါ်သန်းတင် အမည်ပေါက် နှစ် ၃၀ ဂရန်သက်ကုန်မြေအား အမည်ပေါက်မြေကွက် အား စမ်းချောင်းမြို့နယ်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၈/၂၀၁၁အရ တရားလို ဦးတင်မောင်ဆွေက တရားပြိုင် ဦးကျင်အောင်နှင့်ဒေါ်သန်းတင်တို့အပေါ် စမ်းချောင်း မြို့နယ်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၄)၏ မြေကွက်နှင့်နေအိမ်ကို ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီတင်ပြ၍ တရားရုံး (ဘီလစ်) ဒေါ်ဆောင်းစန္ဒာဦး ၁၂/ကတတ (နိုင်)၀၂၄၅၂၈က နှစ်၃၀ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၆၀၅၊ မြေကွက်တည်နေရာအမှတ် ၆၀၅၊ သဒ္ဒါရုံလမ်းမ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်မမချိုအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မမချို ၁၂/သကတ(နိုင်)၁၀၁၁၀၆ မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ် ၃၀၉၊ မြေကွက်တည်နေရာအမှတ်-၃၀၉၊ (၄၁) ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်တင်တင်ဝင်းAA-၀၀၁၅၄၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၂၇၀/၁၃(၄-၉-၂၀၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးအေးသောင်း ၁၃/တကန(နိုင်)၀၀၉၈၈၇မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ၂၀၀၈ ခုနှစ် အရောင်းအဝယ်မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဗိုလ်တထောင်မြို့နယ်၊ ၄၄လမ်း၊ အမှတ် ၆၀/၆၄၊ ခုနစ်လွှာနေ ဒေါ်အေးမြင့် ၁၂/သကတ(ပြု)၀၀၀၃၃၇၏ သားဖြစ်သူ မောင်ကျော်ဝင်း(ခ)မောင်ဒါဂျေး ၁၄/ဘကလ(ဧည့်)၀၀၀၁၀၉သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ကို ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဒေါ်အေးမြင့်
၁၂/သကတ(ပြု)၀၀၀၃၃၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၆၄၈/ခ၊ မြေကွက်တည်နေရာအမှတ် ၆၄၈/ခ၊ အင်းဝ ၁၉ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ရွှေကြည် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ရွှေကြည်နှင့် ခင်ပွန်းဦးထွန်းမြင့်ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းကြည် ၁၂/ဥကတ(နိုင်)၁၀၉၃၀၉၊ ဦးဇော်မြင့် ၁၂/ဥကတ(နိုင်) ၁၄၀၄၅၆၊ ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၀၃၃၀၈၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၃၈၇(၂၀-၁၁-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်အိအိဖြူ ၁၂/ဥကတ(နိုင်)၁၆၀၄၂၄ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၄၉၇၀(၅-၁၂-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၅၁၆၊ မြေကွက်တည်နေရာအမှတ် ၅၁၆၊ ဇမ္ဗူသီရိအရှေ့ ၁လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစံတုတ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံတုတ်(ဖခင်)နှင့် ဒေါ်ကျင်ထွား(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးကျော်လှိုင် ၁၂/သကတ(နိုင်)၁၁၉၅၁၈၊ (၂) ဒေါ်စန်းစန်းမြင့် ၁၂/သကတ(နိုင်)၁၁၈၈၀၅၊ (၃)ဒေါ်တင်တင်လှ ၁၂/သကတ(နိုင်) ၁၁၈၈၀၆၊ (၄) ဦးသိန်းအောင် ၁၂/သကတ(နိုင်)၁၁၈၈၀၃၊ (၅) ဦးထိန်လင်း ၁၂/သကတ(နိုင်)၁၁၉၅၁၉၊ (၆) ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်) ၀၀၁၈၃၆ တို့ မွေးဖွားခဲ့ပြီး အမှတ်စဉ်(၁)မှ (၅)အထိသည် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၂၇/၂၀၁၂ နှင့် ၂၇၇၁/၂၀၁၂ အရ ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၀၀၁၈၃၆ အား ပေးအပ်ခဲ့ပြီး ၎င်းမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပ်အကိုင်အခွင့်အလမ်းနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

Job Opportunity in a world class Pharmaceutical Factory (For Local Service Only)

Pacific Medical Industries Ltd, a member of Pacific-AA Group have obtained the approval No.001/2012 from Myanmar Investment Commission and is now setting a World Class Pharmaceutical Factory in Yangon, Myanmar in accordance with World Health Organization's Good Manufacturing Practices (WHO's GMP) standard and Korean CGMP standard with the technical assistance from Korean pharmaceuticals experts. We are now looking for the following personnel's to join our team to manufacture WHO's GMP and CGMP standard drugs for Myanmar market and export markets.

1) Manufacturing Department Manager — **Male/Female (1)post**

Key Responsibilities
- To plan, develop, manage a pharmaceutical manufacturing system in accordance with legal, corporate requirements and GMP guidelines.
- Manufacturing management and continuous improvement.
- GMP & Regulatory compliance for manufacturing
- Batch manufacturing related GMP document issue & release (Batch record, etc)
- Manufacturing plan & process control

Requirements
- University Graduate in Pharmacy (or) Chemistry (or) Biology (or) Microbiology.*University/BS Degree in (Chemistry, Microbiology, Biology, Engineering, Pharmacist or equivalent.)*
- More than total 5years experience of manufacturing job in the pharmaceutical company. (Solid, Semisolid & Liquid products)
- Familiar with MS Office applications & fluency in English will be an asset.

2) Quality Assurance Department Manager — **Male/Female (1)post**

Key Responsibilities
- To plan, develop and manage a pharmaceutical quality assurance system in accordance with legal, corporate requirements and GMP guidelines.
- Quality Management/ Continuous Improvement
- GMP & Regulatory compliance
- Batch Release & Review & approval of GMP related documents. (Ex. General SOP, Batch Records, etc.)
- Control and guarantee of quality system (Deviation, Change control, Product complaints, rework, etc.)

Requirements
- University Graduate in Pharmacy (or) Chemistry (or) Biology (or) Microbiology.
  University/BS Degree in (Chemistry, Microbiology, Biology, Engineering, Pharmacist or equivalent.)
- More than total 6 years experience in the management level of Quality Control & Quality Assurance Department.
  Three or five years pharmaceutical Industry experience as Quality Assurance Manager.
- Familiar with MS Office applications & fluency in English will be an asset.

3) Quality Control Department Manager — **Male/Female (1) Post**

Key Responsibilities
- To plan, develops, manage and ensure a pharmaceutical quality control system in accordance with legal, corporate requirements and guidelines.
- To guarantee (ensure the high) of drugs and qualifications of analytical instrument and validation of test method.
- Control of QC system (Out of Specification, Failure Investigations and Trend Analysis, etc)
- New QC Laboratory construction managing & New analytical instruments qualification & operation.

Requirements
- University Graduate in Pharmacy (or) Chemistry (or) Biology (or) Microbiology.
- More than total 5 years experience in the Quality Assurance Department.
  Three or five years Pharmaceutical Industry experience as Quality Control department.
- Familiar with MS Office application & fluency in English will be an asset.

4) Engineering Department Manager — **Male/Female (1) Post**

Key Responsibilities
- To plan, develop, control and guarantee engineering of new pharmaceutical plant in accordance with legal, corporate requirements and guidelines.
- To guarantee the engineering quality of plant and maintenance and qualifications of facility and utility.
- CAPEX (Capital Expense) & OPEX (Operational Expense) budget compilation & execution
- Review the performance of Design & Installation, Operational Qualification
- Supervising engineering and technical staffs
- Drawing & Document management (GMP training, SOP, Change control)
- Energy control, Preventive maintenance with health and safety legislation
- Managing new plant construction managing, New equipment qualification & operation

Requirements
- University /BS Degree in (Chemical Engineer, Mechanical Engineer or equivalent)
- Civil, electrical, architect, mechanical engineering knowledge and experience in building or plant construction will be an advantage.
- Proficient in Microsoft Office, CAD, VISIO/ other related software
- More than 5 years experience in the construction company.
  (Experience in manufacturing or related industry will be an advantage)
- Fluency in English will be an asset.

Interested applicants are requested to mail Curriculum Vitae(CV),two (2) passport size recent photos and photocopies of the Graduation Certificates, National Identification card, Labour Registration card,Police Clearance, Household Census Lists to

Pacific Medical Industries Ltd,
No.408/410,Mahabandoola Street,4th Floor, Kyauktada Township, Yangon.
latest by (20 . 01 .14)
email: hr@aa.com.mm

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ **လက်ထောက်မန်နေဂျာ** — ကျား (၂) ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၂။ **Office Staff** — မ (၁) ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၃။ **Pump Man** — ကျား (၆) ဦး
၁၀ တန်းအောင်၊ ကွန်ပျူတာအခြေခံနားလည်ရမည်။
၄။ **Cashier** — ကျား/မ (၃) ဦး
၁၀တန်းအောင်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၅။ **Cashier Helper** — မ (၃) ဦး
၁၀ တန်းအောင်
၆။ **Driver** — ကျား (၁) ဦး
Light Truck, Auto Gear မောင်းနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။
၇။ **Security** — ကျား (၅) ဦး
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အသက် (၂၅နှစ်-၄၅နှစ်)အတွင်းဖြစ်ရမည်။

မှတ်ချက်
- ရန်ကုန်မြို့တွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
- ရွှေပြည်သာမြို့နယ်နှင့်နီးစပ်သူများအား ဦးစားပေးမည်။

လျှောက်လွှာနှင့်အတူပူးတွဲတင်ရန်
- CV Form
- ဘွဲ့/အောင်လက်မှတ်မိတ္တူ
- အလုပ်သမားမှတ်ပုံတင်မိတ္တူ
- နိုင်ငံသားမှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ
- ရပ်ကွက်ထောက်ခံစာ/ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ
- ဓာတ်ပုံ (၂)ပုံ တို့နှင့်အတူ

လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ- Moon Sun Trading Co.,Ltd.
အမှတ် (၁၆၃/၁)၊ သုနန္ဒာလမ်းနှင့်သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၉၅-၁-၆၉၂၄၈၂၊ ၀၁-၆၉၁၃၆၆၊ Fax-၉၅-၁-၆၉၂၄၈၂ (သတင်းစာတွင်ကြော်ငြာပါပြီး တစ်ပတ်အတွင်း လျှောက်ထားရန်)

ဝန်ထမ်း အလိုရှိသည်

[illegible]

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်း ၉/မနတ(နိုင်)၀၀၉၂၈၈ ၏ ကား B/L စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၁-၂၉၉၄၅၇**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၉၅၄၂ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးကော်ကျင်းရှင်း ၁၃/တမည(နိုင်)၀၀၃၄၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၃၅၇၁ Honda C90 H Custom (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမြင့် ၉/ခအဇ(နိုင်)၀၀၂၆၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၇၄၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထိုက် ၉/တကန(နိုင်) ၁၃၉၀၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၉၁၀၇၊ Honda C90 Custom CMP(M/C) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုံလန် ၁၃/ကခန(နိုင်)၀၁၂၉၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ပီတိပြည့်စုံကုမ္ပဏီလီမိတက်

အမှတ်(၃၃)၊ ရွှေပီတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်
ဖုန်း-၀၉-၄၂၁၀၄၁၄၆၃၊ ၀၉-၇၃၁၄၀၃၁၂

၁။ **Assistant Production Manager** — ကျား(၂)ဦး
- BE/B-Tech/A.G.T.I/B.Sc ဘွဲ့တစ်ခုခုရရှိထားပြီး စက်ရုံလုပ်ငန်း Manufacturing Field တွင် စီမံခန့်ခွဲထုတ်လုပ်နိုင်မှု အတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် ရှိရပါမည်။
- အသက်(၃၀)မှ (၄၀)အတွင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၂။ **Assistant Health and Safety Manager** — ကျား(၂)ဦး
- BE/B-Tech/A.G.T.I/(Electrical) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
- စက်မှုလုပ်ငန်းဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း(Industrial Safety Training) တက်ရောက်အောင်မြင်ပြီးသူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးမည်။
- အသက်(၂၅-၃၅)နှစ်၊ ကျန်းမာရေးကောင်းမွန်ရမည်။

၃။ **Machine Operator** — ကျား(၆)ဦး
- G.T.C (သို့)B.Tech(သို့)A.G.T.I(Mechanical or Electrical)ဘွဲ့ရရှိထားပြီး in-line filling machine & packaging machine များကို စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။
- Fresh Graduate (သို့)လုပ်ငန်းအတွေ့အကြုံမရှိသေးသောသူများအား အစမ်းခန့်(၃)လကာလတွင် လက်တွေ့သင်ကြားပေးမည်ဖြစ်ပါသည်။
- အသက်(၂၀)မှ (၃၀)အတွင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၄။ Human Resources Assistant — ကျား/မ(၂)ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရ၍ HR နှင့် ပတ်သက်သော Diploma တစ်ခုခုရရှိပြီးသူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ပုံစံအပြည့်အစုံကို ၁၅-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်း

အထက(လှည်းကူး) နဝမတန်း(G)တွင် ပညာသင်ကြားနေသော ဦးချမ်းဒီးရာမ်၏ သား မောင်ဖေရီအောင်၏ အမည်မှန်မှာ ချမ်းဖေရီအောင် ဖြစ်ပါသည်။

မောင်ချမ်းဖေရီအောင်

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၂၉၈၊ မြေကွက်တည်နေရာအမှတ် ၂၉၈၊ အာသာဝတီလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးသိန်းအောင် ၁၂/ဥကမ(နိုင်)၀၁၄၆၇၄၊ ဦးတင်ထွန်း ၁၂/ဥကမ(နိုင်) ၀၄၈၉၈၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းအောင်(ဖခင်)၊ ဒေါ်အေးသန်း(မိခင်) ကွယ်လွန်၍ ဦးစိန်ဝင်း ၁၂/ဥကမ(နိုင်)၀၄၇၃၃၃၊ ဦးသိန်းဇော် ၁၂/ဥကမ(နိုင်)၀၄၆၉၉၉ တို့က သားများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် ဦးတင်ထွန်းနှင့် ပူးတွဲလျက် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၉၀၁၂/၅-၆-၂၀၁၃နှင့် ၁၆၃၂၈/၅-၉-၂၀၁၃ တို့ဖြင့် GP ပါဝါရရှိသူ ဦးကြည်ကင်း ၉/မရမ(နိုင်)၀၈၀၈၂၅ က ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဝင်းနိုင်ဦး CDC နံပါတ် 72000 ၏ EER လက်မှတ်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၇၃၁၂၁၄၆၂ သို့ ဆက်သွယ်ပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အင်န်၊ မြေကွက် အမှတ် ပဥ္စမတန်းစား-၆၈၊ မြေကွက်တည်နေရာ အမှတ် ၁၃/၁၅၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မတင်ညွန့်နှင့် ဒေါ်ဖွားစိန် အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်နှင့် ဒေါ်ဖွားစိန် ထံမှ G.P ၂၀၁၃၉/ ၁၈-၁၀-၂၀၁၃ ရသူ ဦးခင်မောင်ဦး ၁၂/မဂတ(နိုင်)၀၅၄၇၄၈ က ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာတို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၆၊ မြေကွက်အမှတ် ၁၂၁၂+၁၂၁၅၊ မြေကွက်တည်နေရာအမှတ် (၁၂၁၂+၁၂၁၅) မြရိပ်ညို ၇လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးမွေးကွန်း၊ ဒေါ်ခင်မျိုးမြတ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမွေးကွန်း၊ ဒေါ်ခင်မျိုးမြတ်ထံမှ လှိုင်သာယာမြို့နယ်၊ တရားမရုံး ၂၀၁၂ခုနှစ် ဇူလိုင် ၁၈ ရက် တရားမကြီးမှုအမှတ် ၁၁၃၊ တရားမဇာရီမှုအမှတ် ၅၆/၂၀၁၂အရ အနိုင်ရရှိသူ ဒေါ်တင်တင်ချို ၁၂/လမတ (နိုင်)၀၀၅၆၅၁၊ ဒေါ်ဆွေဆွေတင့် ၁၄/မမန(နိုင်)၀၀၃၁၉၄ တို့ ကိုယ်စား ၁၉-၉-၂၀၁၃ရက်စွဲပါ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံး၏စာအမှတ် ၁၁၁၉/၅-၂/၂၀၁၃ဖြင့် ဘီလစ်ခန့်အပ်ခြင်းခံရသူ ဒေါ်နော်အောင်သိန်းကြွယ် ၁၂/လသယ(နိုင်)၀၀၂၃၂၂ က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာ၊ အင်းဝအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ စားသောက်ဆိုင်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရန် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင် သည့်ဥပဒေနှင့် နည်းဥဒေများကိုလည်း ၂၀၀၉ခုနှစ်နှင့် ၂၀၁၁ခုနှစ်များတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဥပဒေပုဒ်မ -၄ အရ တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ဒေသကို သတ်မှတ်ခဲ့ပြီး ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါသည်။

၂။ ယခုအခါ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာ၊ အင်းဝဒေသများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ ဥပဒေဖြင့် ကန့်သတ်ထားသောဇုန်များအတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ တည်ဆောက်ရန်အတွက် မြေနေရာများ ရှင်းလင်းခြင်းနှင့်ရောင်းဝယ်ခြင်း၊ ဝင်းခြံများကာရံရန် တိုင်များစိုက်ထူခြင်းနှင့် ကာရံခြင်း စသည်တို့ ဆောင်ရွက်နေခြင်းကြောင့် ဥပဒေချိုးဖောက်ရာရောက်သည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများ ပျက်စီးမှုကို ဖြစ်ပေါ်လျက်ရှိနေပါသည်။

၃။ အပိုဒ် ၂ ပါ ကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူတိုင်းသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ အခန်း(၆)ပါ အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာရပါမည်-

ဥပဒေကောက်နုတ်ချက်

ပုဒ်မ ၁၃။ အောက်ပါကိစ္စရပ် တစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် အတွင်းတွင်-

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

၄။ ပုဒ်မ ၁၃အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနသည် စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြုနိုင်ကြောင်း အထက်ပါဥပဒေပုဒ်မ ၁၄တွင် ဖော်ပြထားပါသည်။

၅။ တားမြစ်ချက်များ ခေါင်းစဉ်ဖြင့် အခန်း (၇)တွင် ပြစ်မှုတစ်မှုချင်းအလိုက် ပုဒ်မများတပ်၍ တားမြစ်ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အထက်ပါ ဥပဒေအခန်း (၈)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များချမှတ်ရမည်ဖြစ် ကြောင်းလည်း ပြစ်မှုတစ်ခုချင်းအလိုက်ဖော်ပြ ပြဋ္ဌာန်းထားပါသည်။

၆။ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူများအား တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ထပ်လောင်းသတိပေး ကြေညာအပ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက် ကြခြင်းဖြင့် ရှေးဟောင်းအမွေအနှစ်ဒေသများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
(၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဤတက္ကသိုလ်မှ ၂၀၁၂နှင့် ၂၀၁၃ ခုနှစ်အတွင်း ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။

(၂) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၂လက်မ×၁.၅လက်မ) ရောင်စုံဓာတ်ပုံ သုံးပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲပါရှိရမည်။

(၃) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြလျက် ပါမောက္ခချုပ်ထံလိပ်မူ၍ လျှောက်လွှာ ရှင်အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ သီးနှံအထူးပြုဘာသာ၊ အောင်မြင်သည့် ခုနှစ်နှင့်လတို့ကို တိကျစွာဖော်ပြ ရမည်။

(၄) ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့ လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၅) ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။

(၆) ဘွဲ့ဝတ်စုံငှားရမ်းလိုသူများသည် ဘွဲ့နှင်းသဘင်ကြေးပေးသွင်းပြီးကြောင်း ငွေရပြေစာတင်ပြလျက် ဤ တက္ကသိုလ်တွင် ဘွဲ့ဝတ်စုံများကို ၅-၃-၂၀၁၄ ရက်မှစ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

(၇) ၂၀၁၂ခုနှစ် မတိုင်မီ ဘွဲ့ရရှိသူများ အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။

(၈) ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်	- ၂၀၁၄ ခုနှစ် မတ်လ ၉ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၇း၀၀ နာရီ
ကျင်းပမည့်နေရာ	- ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
ဘွဲ့နှင်းသဘင်ကြေး(တက်ရောက်)	- ၁၅၀၀ ကျပ်
ဘွဲ့နှင်းသဘင်ကြေး(အဝေးရောက်)	- ၁၀၀၀ ကျပ်
အစမ်းလေ့ကျင့်ရက်	- ၂၀၁၄ ခုနှစ် မတ်လ ၈ရက် (စနေနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	- မွန်းလွဲ ၁း၀၀ နာရီ
လျှောက်လွှာပိတ်ရက်	- ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (သောကြာနေ့)

(၉) အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၆၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ချစ်သန်း)
မော်ကွန်းထိန်းအဆင့်(၁)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၄၂

မအိအိဝင်းမာ **နှင့်** မောင်ကျော်မင်း
တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အားကစားကွင်း၊ တိုက် (၆)၊ အခန်း(၃)နေ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။။

သင့်အပေါ်၌ တရားလိုက ၁၀-၁၀-၂၀၁၃ ရက်စွဲပါ "လင်မယားကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၃၃၆နေ မကေသွယ်ဝင်း ၈/သရန(နိုင်)၀၂၇၃၀၈၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မကေသွယ်ဝင်းသည် ၁၉၉၄ ခုနှစ်မှစ၍ ဦးမျိုးထွန်း ၈/သရန(နိုင်)၀၃၃၃၃၃နှင့် အိမ်ထောင်ကျခဲ့ပြီး သမီးတစ်ဦးနှင့် သားတစ်ဦးထွန်းကားခဲ့ပါသည်။

ထိုသို့ပေါင်းသင်းနေထိုင်လာခဲ့ရာမှ ဒီဇင်ဘာ ၁၇ ရက် ၂၀၁၃ ခုနှစ်တွင် ဦးမျိုးထွန်းသည် ရွှေ ၁၂ ကျပ်သားနှင့် မြန်မာငွေကျပ် သုံးဆယ့်ငါးသိန်းကို ယူဆောင်၍ နေအိမ်မှ ထွက်ခွာသွားခဲ့ရာ ယနေ့တိုင်ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။

သို့ဖြစ်ပါသောကြောင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝမှန်သမျှတို့သည် ကျွန်ုပ်အမှုသည်ဖြစ်သူ မကေသွယ်ဝင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (၂၃၈၇)
အမှတ် ၇၇၊ ပထမထပ်၊ ၁၂၄ လမ်း၊
သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၉-၄၂၀၁၁၂၄၅၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၆ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၄၆၆

ဒေါ်ဥမ္မာချို **နှင့်** ၁။ ဒေါ်ချိုချိုငြိမ်း
၂။ ဒေါ်သန္တာလွင်
တရားလို **တရားပြိုင်များ**

အမှတ် ၁၂၊ ငါးလွှာ(ဘီ)၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် (ယခုနေရပ်လိပ်စာမသိ) ဒေါ်ချိုချိုငြိမ်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာရင်းရှင်းလင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ လူနေရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၁၁၁၅၊ အလျား ၄၁ပေ×အနံပေ ၆၀ရှိ ဦးမင်းတလညာဏ် YKN-၀၀၄၀၁၆ ၁၂/ရကန(နိုင်)၀၂၉၁၅၃ အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေကွက် နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက် အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပိုင်ရှင်ဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးပီတာအာလ်ကျဲအို ၄/ထတလ(နိုင်)၀၀၂၀၉၇ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကျော်တင့် ၁၂/ဥကတ(နိုင်)၀၅၂၈၅၄နှင့် ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၀၅၂၈၅၃တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသိမ်း B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၄)
အမှတ် ၄၅၂၊ ဗိုလ်မင်းရောင်လမ်း၊
(၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၁၈၆၉၅၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၅၆၇

ဒေါ်အေးမြင့် **နှင့်** ၁။ ဦးယုတင်
၂။ ဦးကြည်ဝင်း
တရားလို **တရားပြိုင်များ**

တရားပြိုင်(၂)ဦးကြည်ဝင်း အမှတ် ၄၄၊ မြေညီထပ်(ခြေရင်းခန်း)၊ ဇလွန်လမ်း၊ လင်းလွန်း မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၄၄၊ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းကို ရောင်းချပြီး ရောင်းရငွေများမှ တရားလို ရရန်ရှိသည့် ငွေ ၁၁၀၀၀၀၀၀ိ/(ကျပ်သိန်းတစ်ရာ့တစ်ဆယ်တိတိ) ပြန်ရလိုကြောင်း လျှောက် ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ခင်ပွန်းအဖြစ်မှမသက်ဆိုင်ကြောင်းကြေညာခြင်း

စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်နေ မအေးအေးသွယ်(ခ)မသွယ်သွယ်အေး ၁၁/စတန(နိုင်)၀၇၄၁၃၁ နှင့် ကျောက်တော်မြို့နယ်၊ ဘရဝါကျေးရွာနေ မောင်ထွန်း လင်း ၁၁/ကတန(နိုင်)၀၆၈၀၇၀ တို့သည် ၂၇-၅-၂၀၁၀ ရက်မှစ၍ အကြင်လင် မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သား မောင်မင်းခန့်သူကို မွေးဖွားခဲ့သော် လည်းလင့်ဝတ္တရားနှင့် ဖခင်ဝတ္တရား မကျေပွန်ခဲ့ပါ။ ၎င်းအပြင် ၈-၅-၂၀၁၃ ရက်မှ စ၍ ၎င်း၏စိတ်ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသည်။ ၎င်းရက်မှစ၍ အဆက် အသွယ်မရှိခဲ့ပါ။ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါ၍ ခင်ပွန်းအဖြစ်မှ ရာသက် ပန် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မအေးအေးသွယ်(ခ)မသွယ်သွယ်အေး
၁၁/စတန(နိုင်)၀၇၄၁၃၁

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်အမှတ် ၁၈၃၈၊ မြေကွက်တည်နေရာအမှတ်-၁၈၃၈၊ (၁၅၃)ရပ်ကွက်၊ ဒဂုံတောင် ဦးမြလှိုင် ၁၂/ကတတ(နိုင်)၀၀၈၉၁၁ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးမြလှိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းစိန် (တောင်သာ)
အသက် (၈၄)နှစ်

ဗိုလ်ကြီးအောင်တိုး(ငြိမ်း)၏ဖခင် ဦးထွန်းစိန်သည် ၁-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်သင်တန်းအမှတ်စဉ် (၇၀) သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း
အသက် (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မိခင် ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု၊ ကျန်းမာရေးဦးစီးဌာန

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနန္ဒမာလာ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
ဒီဃဘာဏက ဒီဃနိကာယကောဝိဒ၊
သာသနဓဇဓမ္မာစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(၁၃၇၀မှ ၁၃၇၄ထိ)
မဟာနာယကဆရာတော် (ဝေဠုဝန်)
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း၊ ရတနာအုဋ္ဌ်ကျောင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တနန္ဒမာလာ [အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ၊ သာသနဓဇ ဓမ္မာစရိယ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်(ငြိမ်း)]သည် (၁၃၇၅ခုနှစ် ပြာသိုလဆန်း၂ရက်) ၂-၁-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၈း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၈ရက်)၊ ၈-၁- ၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

နာယကဆရာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျေးဇူးတင်ရှိပါကြောင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်မောင်ဦး

ဒု-ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရွှေနေချုပ်ရုံး

အသက် (၈၁)နှစ်

၂၅-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားသည့် မြောက်ဒဂုံ၊ (၂၈)ရပ်ကွက်၊ စောရန်ပိုင်လမ်းတွင်နေထိုင်သော ဦးတင်မောင်ဦး အသက် (၈၁)နှစ်၏ နာရေးကိစ္စများကို အစစအရာရာကူညီပေးပါသော ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးခရိုင်၊ မြို့နယ်ဥပဒေရုံးမိသားစုများ၊ ဦးစိုးနိုင် (Willan) ၏ သူငယ်ချင်းများ၊ ဦးကျော်မင်း၊ ဦးဝင်းမြင့်၊ ဦးကျော်သူ၏နာရေးကူညီမှုအသင်းရန်ကုန်၊ ဦးစိုးဝင်းနှင့် (၂၈)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း နာရေးကူညီမှုအသင်း၊ Mr.Andrew နှင့်ဇနီး မိသားစုများ၊ အမှတ် (၂၆) ခြေလျင်တပ်ရင်း တောင်ငူမှ ဗိုလ်ကြီးဇင်သူကိုနှင့်တပ်ရင်းမိသားစုများ၊ ရပ်ဝေးမှသတင်းမေးကြသူ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေသင်္ဂဟအပေါင်းအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးမြဘူး (ငြိမ်း) (လေ/၁၃၆၉)၊ စာရေးဆရာပြည်စိုး
(ကူရှင်ကျောင်းသားဟောင်း)၊ ပန်းတနော် အသက် (၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၆၊ အခန်း ၃ နေ (ဦးညွှန့်မောင်-ဒေါ်ချစ်ခင်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်သန်းတင်တင် (အထက်တန်းပြ၊ ငြိမ်း၊ အထက-၁၊ ဒဂုံ၊ အထက-၂၊ လသာ)၏ခင်ပွန်း၊ ဦးနေဝင်း (ဆားလုပ်ငန်း၊ ငြိမ်း)၊ GM. Palm Spring Hotel ၏အစ်ကိုကြီး၊ ဗိုလ်မှူးသန်းထိုက်(ငြိမ်း) (ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ (ဒေါက်တာခိုင်စိုးမြင့်)၊ ဦးမိုးမြစ်(ခ)ဦးရဲမြင့်ဦး (Shwe Zin Yaw Hein Jetty)-ဒေါ်ကျော့ကေသီ (ZARA Collection)၊ ဦးကျော်ကျော်ဝေ (JJ Pun Co., Ltd.)-ဒေါက်တာဒေါ်ဝါဝါမွန်ညို (ဓာတ်ရောင်ခြည်ကင်ဆာဌာန၊ YGH)၊ ဒေါ်ဖြူဖြူတို့၏ဖခင်၊ မောင်ကောင်းထိုက်ဦး (Swagger Outifts Fashion)၊ မောင်ရဲမာန်(Victoria University College)၊ မမြပန်းဖြူ (G-IV, အထက-၁၊ ဒဂုံ)၊ မောင်ရဲသွေးအောင်၊ မောင်ဘုန်းမြစ်တို့၏အဘိုးသည် ၂၉-၁၂-၂၀၁၃ ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်
Zeya & Associates Co., Ltd.

ဒေါ်ကျင်လှ (တာမွေ)
အသက် (၈၄)နှစ်

အမေ . . .

သားလေ ဝမ်းနည်းပြီး ပြိုကျလာတဲ့မျက်ရည်ကိုသုတ်ရင်း **အနိစ္စ၊ ဒုက္ခ၊ အနတ္တ** ဆိုတဲ့ လက္ခဏာရေးသုံးပါးကို မျက်ဝါးထင်ထင် သိမြင်အောင် နောက်ဆုံးအချိန်ထိ ပညာတတ် သားသမီးတွေကို သွန်သင်ဆုံးမ၊ လမ်းညွှန်ပြသွားပေးခဲ့တဲ့ **အမေ**။

"ဘုရားပြောတာ မှန်တယ်သား" ဆိုတဲ့စကားကို ရင်မှာသိမ်းဆည်း နာယူရင်း နောက်ဆုံး ရှိခိုးဦးချ ကန်တော့လိုက်ပါတယ် **အမေ**။

(အမေ ကောင်းရာသုဂတိလားပါစေ)

ကျန်ရစ်သူ သားသမီး၊ မြေးမြစ်တစ်စု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း
အသက် (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မိခင် ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု၊ ဆေးသိပ္ပံပညာဦးစီးဌာန

ဒေါ်ညွန့်ရီ
အသက် (၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရွာမရပ်ကွက်၊ သမာဓိလမ်း၊ တိုက် ၁၂၊ မြေညီထပ်နေ (ဦးကာဒယ်-ဒေါ်မြမေ)တို့၏သမီး၊ ဦးကြည်မောင်၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်ချိုချို၊ ဦးမောင်ထွန်း (ထက်မြက်မွေးမြူရေးဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)-ဒေါ်ဖြူသန္တာအောင်၊ တကကမောင်မောင် အမှတ်(၁) ခဲယမ်းမီးကျောက်တပ်ရင်း(အင်းတကော်)တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၄ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း အသက် (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မိခင် ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာသန်းဇော်မြင့်
(ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန)

ဒေါက်တာဝင်းမာ
(တွဲဖက်ပါမောက္ခ၊ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်)

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့် (ခ) ဦးအောင်မြင့် (ငြိမ်း)
အသက် (၇၅)နှစ်

(ဒေါက်တာစံသိန်း)-ဒေါ်စိုးမိုးသဇင် (Siliver Diamond Director Gano Excel Myanmar) ကုမ္ပဏီလီမိတက်တို့၏ဖခင် ဦးမြင့်(ခ)ဦးအောင်မြင့်သည် ၂-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Gano Excel Myanmar ကုမ္ပဏီလီမိတက် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှအေး

အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့မီးရထား

အသက် (၆၄)နှစ်

ဦးလှအေး အထွေထွေမန်နေဂျာ (ငြိမ်း)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထားသည် ၂၉-၁၂-၂၀၁၃ ရက် နံနက် ၀၃း၃၅ နာရီတွင် စင်ကာပူ NUH ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး)
အရာရှိနှင့်ဝန်ထမ်းများ၊ မြန်မာ့မီးရထားရုံးချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှအေး

အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့မီးရထား

အသက် (၆၄)နှစ်

ဦးလှအေး အထွေထွေမန်နေဂျာ (ငြိမ်း)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထားသည် ၂၉-၁၂-၂၀၁၃ ရက် နံနက် ၀၃း၃၅ နာရီတွင် စင်ကာပူ NUH ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းမန်နေဂျာများ
အရာရှိနှင့်ဝန်ထမ်းများ၊ မြန်မာ့မီးရထား

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းအောင် (ပ/၂၅၄၅)

တိုင်းအုပ်ချုပ်ရေးမှူး (ငြိမ်း)ဥက္ကဋ္ဌ
ချင်းတွင်းဆန်လှူအသင်း(မုံရွာမြို့)

အသက် (၇၇)နှစ်

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်းနေ ဒေါ်သိန်းညွန့်၏ခင်ပွန်း ဦးသိန်းအောင် (ပ/၂၅၄၅) တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း) ဥက္ကဋ္ဌ ချင်းတွင်းဆန်လှူအသင်း မုံရွာမြို့သည် ၁-၁-၂၀၁၄ ရက် ၀၀း၃၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီး/မုံရွာခရိုင်/မြို့နယ်များ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီးများ

ဖြစ်သည့် ဦးလှမိုး၊ ဒေါ်ခင်မလေး၊ ဒေါ်ခင်မမနှင့် ဒေါ်မြင့်မြင့်ဝင်းတို့သည် ၂၀၁၃ ခုနှစ်အတွင်း ကွယ်လွန်သွားကြသည့်အတွက် သက်ဆိုင်ရာမိသားစုဝင်များနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ရွှေ
ဒေါ်မြစိန်
ဒေါက်တာလှမောင်
ဒေါက်တာဒေါ်ဝင်းကြည်
ဂုဏ်ထူးဆောင်နာယကကြီးများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဝင်း (ဘာဏုရာဇာ)

ဘုရား၊ ရဟန်း ဒါယကာကြီး

အသက် (၆၆)နှစ်

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဗိုလ်လကျ်ာလမ်းနေ (ဦးစိန်လှိုင်)-ဒေါ်သန်းကြည် (ဘာဏုရာဇာ)တို့၏သား၊ (ဦးလှဖေ-ဒေါ်မြမေ)တို့၏သားသမက်၊ ဒေါ်နှင်းနှင်းကျော်၏ခင်ပွန်း၊ ကိုအောင်သူလတ်- မသီတာနှင်း၊ ကိုဌေးလှိုင်-မနီလာဝင်း၊ ကိုမျိုးမင်းဝင်း-မယမင်းလှိုင်၊ ကိုကျော်သီဟ-မအိအိကျော်၊ ကိုရာဇာမင်းထွန်း-မဇာဇာကျော်၊ မစိုးသီရိကျော်တို့၏ဖခင်ကြီးသည် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်း-ဒေါ်ရီလေးဝေနှင့် ဝန်ထမ်းများ
Kyaw wynn & Co.,Ltd.

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/ခ B-၁၀၅၊ မြေကွက်တည်နေရာအမှတ် ၈၈၇၊ ကျောင်းလမ်း၊ အင်းစိန်မြို့နယ် ရွာမြေအမည်ပေါက်ရွာမြေအား အမည်ပေါက်ရွာမြေထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်အစပ်တင်ပြ၍ (၁) ဒေါ်ခင်မိုးမိုး ၅/မရန(နိုင်)၀၀၂၇၉၄၊ (၂) ဦးမောင်မောင်တင် ၅/မရန(နိုင်)၂၄၄၃၁၈ အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဈ/၃၃၊ မြေကွက်အမှတ် ၃၇၂(က)၊ မြေကွက်တည်နေရာအမှတ် ၃၇၂(က)၊ ကျိုက်လတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်စိန်ကြည်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်စိန်ကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးဝင်းကြူ ၇/နတလ(နိုင်)၁၁၁၄၉၅မှ ပါမစ်ပျောက်ဆုံးကြောင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ အရပ်ကတိစာချုပ်တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကိုကိုလတ် (ငြိမ်း) ညွှန်ကြားရေးမှူး

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး

အသက် (၅၄)နှစ်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးကိုကိုလတ်သည် ၂၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဦးကိုကိုလတ် ကောင်းရာသုဂတိလားပါစေ။

ဦးဦးစောလှ-ဒေါ်မြမြခင် မိသားစု
ကမာကြည်အိမ်ရာ-ရန်ကုန်မြို့

---

(၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးရီ (ခ) ဦးလီရီဟိုင်း

နေ့စဉ် နေ့တိုင်း အမြဲလွမ်းဆွတ် သတိရနေပါတယ်။ နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး- ဒေါ်သန်းသန်းဆွေ
သား- မောင်ကျော်ခိုင်
မောင်ပြည့်စုံခိုင်

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဟန် (ပဲခူး)

ရာသက်ပန်ဥက္ကဋ္ဌကြီး၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာ

အသက်(၉၁)နှစ်

